# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၅) ရက် ၊ တနင်္လာနေ့ ၊ (1-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၄၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် ၂၀၂၄ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

၂၀၂၃ ခုနှစ်ဆိုတဲ့ အချိန်ကာလကုန်ဆုံးလို့ ၂၀၂၄ ခုနှစ် နှစ်သစ်ကို ကူးပြောင်းရောက်ရှိတဲ့ အချိန်အခါသမယမှာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြတဲ့ မိဘပြည်သူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကမ္ဘာတစ်ဝန်း လုံးမှာရှိကြတဲ့ ကမ္ဘာသူကမ္ဘာသားများအားလုံးကို လည်း ဘေးဘယာများ ဝေးကွာကြပါစေကြောင်းနဲ့ အေးချမ်းသာယာတဲ့ လူ့ဘောင်အသိုက်အဝန်း တစ်ခုမှာ ချစ်ခင်စည်းလုံးစွာ နေထိုင်နိုင်ကြပါစေ ကြောင်းလည်း ဆန္ဒပြုဆုတောင်းပေးလိုက်ရ ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ် ကာလအတွင်း တွေ့ကြုံခဲ့ရတဲ့အခက်အခဲအချို့နဲ့ စိန်ခေါ်မှုများကိုလည်း နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းပြီး အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြပါတယ်။ ဒီမိုကရေစီနည်းလမ်းတကျနဲ့ ငြိမ်းချမ်းစွာ ကိုယ့်နိုင်ငံတိုးတက်စေဖို့ ဆန္ဒမရှိသူတွေကတော့ ပြည်သူပြည်သားတွေကို နည်းမျိုးစုံနဲ့ နှောင့်ယှက် ခဲ့ကြတာလည်းရှိပါတယ်။ အဖျက်လုပ်ငန်းအမျိုးမျိုး ကြောင့် နိုင်ငံပိုင်၊ ပြည်သူပြည်သားတွေရဲ့ပိုင်ဆိုင်မှု များ ထိခိုက်ပျက်စီးဆုံးရှုံးမှုဟာ တိုင်းပြည်အတွက် အနုတ်လက္ခဏာပဲဖြစ်ခဲ့ပါတယ်။ ဒါတွေသာမရှိခဲ့၊ မဖြစ်ခဲ့ဘူးဆိုရင် ကျွန်တော်တို့နိုင်ငံဟာ များစွာကို တိုးတက်နေမှာဖြစ်ပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့

### နေပြည်တော်၌ ၂၀၂၄ ခုနှစ် နှစ်သစ်ကူး အခါသမယကို ပြည်သူများ တစ်ခဲနက်ပျော်ရွှင်စွာကြိုဆို

စာမျက်နှာ - ၁၀

### ၂၀၂၄ ခုနှစ် နှစ်သစ်ကူးည ရန်ကုန်မြို့ပြ စည်ကားများပြားစွာကြိုဆို

စာမျက်နှာ - ၂၃



### နှစ်သစ်မင်္ဂလာ အောင်ကြောင်းအဖြာဖြာ ဆောင်းပါး

စာမျက်နှာ - ၁၀




ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်

အယ်ဒီတာ့အာဘော်

# ရည်မှန်းချက်များဖြင့် နှစ်သစ်ဆီသို့

၂၀၂၃ ခုနှစ် နှစ်ဟောင်းကုန်ဆုံး၍ ၂၀၂၄ ခုနှစ် နှစ်သစ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ အချိန်နှင့် ဒီရေသည် လူကိုမစောင့်ဆိုသည့်အတိုင်း အချိန်သည် လူကိုမစောင့်ဘဲ တရွေ့ရွေ့တိုး၍ သွားနေပေသည်။ လူသည် တစ်ရက်လျှင် ၂၄ နာရီပိုင်ဆိုင်ထားကြသည်။ ထိုပိုင်ဆိုင်ထားသည့်အချိန်ကို တန်ဖိုးရှိရှိ အသုံးချတတ်ရန် လိုသကဲ့သို့ ရည်မှန်းချက်များထားကာ ဆောင်ရွက်တတ်ရန်လည်း လိုပေသည်။

နှစ်ဟောင်းတွင် အောင်မြင်မှုများ အကြိမ်ကြိမ်ဆုပ်ကိုင်နိုင်ခဲ့သူများရှိသကဲ့သို့ ကျရှုံးမှုများဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသူများလည်း ရှိနေမည်ဖြစ်သည်။ စင်စစ်အားဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်သူများ၊ စဉ်ဆက်မပြတ် လေ့လာဆည်းပူးအားထုတ်ကြိုးပမ်းသူများ၊ ဇွဲလုံ့လ ဝီရိယရှိသူများသည် နယ်ပယ်တစ်ခုခုတွင် အောင်မြင်မှုရရှိခဲ့မည်ဖြစ်သည်။ သို့သော် အချိန်ဖြုန်းသူများ၊ ပျင်းရိသူများ၊ ရည်မှန်းချက်ပျောက်ဆုံးနေကြသူများသည် မည်သည့် အောင်မြင်မှုကိုမျှ မရရှိဘဲ အသက်တစ်နှစ်သာကြီးသွားမည်ဖြစ်သည်။ ထို့ကြောင့် နှစ်သစ်တစ်ခုသို့ ရောက်ရှိတိုင်း ရည်မှန်းချက်များထားရှိကာ အောင်မြင်အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

လူတစ်ဦး၏ အောင်မြင်မှုကို မိသားစုအတွက် တာဝန်ကျေပွန်အောင် ဆောင်ရွက်ခဲ့မှု၊ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်နိုင်ခဲ့မှုတို့အပေါ် ကြည့်၍ တိုင်းတာနိုင်သည်။ ဥပမာအားဖြင့် အိမ်ထောင်ဦးစီးတစ်ဦးသည် ကိုယ့်မိသားစုကို ဦးဆောင်နိုင်စွမ်း ရှိရမည်ဖြစ်သည်။ ဇနီးနှင့် သားသမီးများကို အကာအကွယ်ပေးနိုင်ရမည်ဖြစ်သည်။ သို့မှသာ တာဝန်ကျေပွန်သည့် အိမ်ထောင်ဦးစီးတစ်ဦးဖြစ်ပေသည်။

မည်သို့ပင်ဆိုစေ လူတို့သည် နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ အတွေးသစ်၊ ခွန်အားသစ်များဖြင့် ကြိုးပမ်းသွားမည်ဟူသော ရည်မှန်းချက်များ၊ နှစ်သစ်သန္နိဋ္ဌာန်များချမှတ်ထားကြရမည်ဖြစ်သည်။ နှစ်သစ်တွင် အောင်မြင်အောင် ဆောင်ရွက်သွားမည်ဟု ရည်မှန်းထားသည့် စိတ်ကူးအိပ်မက်များကို နှစ်သစ်သန္နိဋ္ဌာန်ဟု ခေါ်ဆိုနိုင်ပေသည်။ ထို့ကြောင့် နှစ်သစ်အတွက် ကျန်းမာရေး၊ ဘာသာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့် နယ်ပယ်များတွင် အောင်မြင်အောင် ကြိုးပမ်းသွားမည်ဟူသော ခိုင်မာသည့် ရည်မှန်းချက်များချမှတ်ပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

လူတစ်ဦးသည် စားဝတ်နေရေးအပြင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍများတွင် ဆောင်ရွက်ဖွယ်ရာများ မြောက်မြားစွာရှိမည်ဖြစ်သည်။ ထိုတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်သည် ခံယူချက်နှင့် ကြိုးပမ်းအားထုတ်မှုများပေါ်တွင်သာ မူတည်နေပေသည်။

သို့ဖြစ်ရာ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိခဲ့ပြီဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့် အဆိုးတို့ကို ကြုံတွေ့ခဲ့ကြရမည်ဖြစ်သည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်သကဲ့သို့ နှစ်သစ်တွင် ရည်မှန်းထားသည့် စိတ်ကူးအိပ်မက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် မတ်ပဲ အရောင်းအဝယ်ကောင်းလာ

**မန္တလေး ဒီဇင်ဘာ ၃၁**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် မတ်ပဲ အရောင်းအဝယ်ကောင်းလာကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် မတ်ပဲများကို အိန္ဒိယနိုင်ငံက ဝယ်ယူမှုများကြောင်း၊ ပြည်တွင်း၌လည်း မတ်ပဲများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေးဈေးကွက်အတွင်း၌ပါ မတ်ပဲကို ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"ပြည်တွင်းကထွက်ရှိတဲ့ မတ်ပဲတွေကို အခုလက်ရှိအချိန်မှာ ပြည်ပကရော ပြည်တွင်းကပါ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက်ပိုပြီး အရောင်းအဝယ်ကောင်းနေတဲ့အနေအထားမှာ ရှိနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ မတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

မတ်ပဲကို မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် စပါးရိတ်သိမ်းပြီး သီးထပ်သီးနှံအဖြစ်လည်းကောင်း၊ မြစ်ရေကျချိန်တွင် ကိုင်းကျွန်းများ၌လည်းကောင်း စိုက်ပျိုးကြကြောင်း၊ မြန်မာနိုင်ငံ အထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံအဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ မတ်ပဲကလဲ အရောင်းအဝယ်ဖြစ်နေတဲ့ ပဲအမျိုးအစားထဲမှာပါပါတယ်။ မန္တလေးဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ထဲမှာလဲ မတ်ပဲ အရောင်းအဝယ် ပြန်ပြီးကောင်းနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၃၄၆၆၈ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေရောစနကျောက်စိမ်းစေတီတော်ကို နယ်စုံက ဘုရားဖူးတွေလာရောက် ဖူးမြော်ကြပါတယ်။ ဒီနေ့မှာ ဘုရားဖူးတွေ ပိုပြီးလာရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ရာသီဥတုပူပြင်းတဲ့အခါမှာလဲ ဘုရားဖူးတွေက နားနေဆောင်မှာ အပန်းဖြေကြပြီးတော့မှ ဘုရားဖူးကြတာကိုတွေ့ရပါတယ်။ ဘုရားဖူးတွေက လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြတာကို တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေမှာလဲ ဝင်ရောက်လိမ်းခြယ်သူတွေနဲ့ စည်ကားနေပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်" ဟု ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၈၇၈ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၄၃၈၈၅ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၉၀၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တရုတ်အာလူးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် တရုတ်အာလူးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ တရုတ်အာလူးများသည် လက်ရှိအချိန်တွင် မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား လေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် တရုတ်အာလူး ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ ဈေးရှိပြီး အရောင်းအဝယ်များ ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာတော့ အာလူးက တရုတ်နိုင်ငံကနေ ဝင်ရောက်လာတာပါ။ အောင်ပန်းဒေသက အာလူးတွေလဲ စတင်ဝင်ရောက်နေပါပြီ။ ကျန်တဲ့ဒေသကထွက်ရှိတဲ့ အာလူးတွေတော့ မရှိသေးပါဘူး။ အာလူးစိုက်ပျိုးတဲ့တောင်သူတွေက ရာသီဥတု အခြေအနေကြောင့် မစိုက်ကြတာ များပါတယ်။ စိုက်တဲ့သူ နည်းသွားပါတယ်။ တရုတ်နိုင်ငံက ဝင်ရောက်လာတဲ့အာလူးတွေ ဈေးကွက်အတွင်းမှာ အရောင်းအဝယ် ကောင်းနေပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တရုတ်အာလူးများ အရောင်းအဝယ်ကောင်းနေသည့်အပြင် အခြား ကုန်စိမ်းသီးနှံများဖြစ်သည့် ဂေါ်ဖီထုပ်၊ သခွားသီး၊ ခရမ်းချဉ်သီး၊ ပိုလ်စားပဲ၊ မုန်ညင်းဖြူ ပန်းမုန်လာစသည့် ကုန်စိမ်းသီးနှံများလည်း အရောင်းအဝယ်ကောင်းနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ဖြင့်လုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၁၅၄၂၅ ဧက ရိတ်သိမ်းပြီးစီး

**ကျုံပျော် ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၁၅၄၂၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၁၁၅၄၂၅ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးစိုက်ခင်းများကို အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ၈၄ ဒသမ ၇၃ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ၁၁၅၄၂၅ ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ မိုးစပါးဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ ဒေသရာသီဥတု နဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ စပါးအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးခဲ့ပါတယ်။ ရွှေခရက်ကာကွယ်နှိမ်နင်းရေး အသိပညာပေးလုပ်ငန်းတွေကိုလုပ်ဆောင်ပြီး စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းမှာ လိုအပ်တဲ့နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို စပါးမစိုက်ခင် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့် အခက်အခဲ၊ အလေအလွင့်မရှိ ပြန်လည် ရိတ်သိမ်းနိုင်ခဲ့ပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးများ စိုက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေး၊ စပါးအထွက်နှုန်း ကောင်းမွန်တိုးတက်စေရေး၊ အရည်အသွေးကောင်းစပါးများကို စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ မိုးစပါး ၁၁၅၄၂၅ ဧကတွင် ပခမ်း၊ ဆင်းသုခ၊ မော်ဘီ-၃၊ ပခမ်းရွှေဝါ၊ GW-11၊ မော်ဘီ-၂ စသည့်စပါးမျိုးများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ရန်ကုန်မြို့နေ ကျန်ရစ်သူ မိသားစုက ဦးတင်မောင်-ဒေါ်ကျင်ရီတို့အားရည်စူး၍ ဆွမ်း၊ ဆေး ပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၄၉၁ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မင်းကင်း ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၃၄၉၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၆၃၂၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၄၉၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မင်းကင်းမြို့နယ်မှာ ဆောင်းနေကြာ ဧက ၁၀၀၀၀ ကျော်စိုက်ဖို့လျာထားတာ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ဒီနှစ်မှာ ရာသီဥတုကောင်းမွန်တော့ တိုးချဲ့စိုက်နိုင်မဲ့ အနေအထားရှိပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းနေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ တောင်သူမှတောင်သူ မျိုးစေ့များ ဖလှယ်ခြင်း၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးခြင်း၊ သဘာဝမြေဆွေးပုံပြုလုပ်သုံးစွဲနည်းများ၊ နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရန် ပညာပေးသင်တန်းများ ဆောင်ရွက်ခြင်း၊ နေကြာစိုက်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မှီတင် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မိုင်းပန်မြို့နယ် ညောင်ခုံခမ်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုင်းပန် ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ညောင်ခုံခမ်းကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းအပိုင်း(၂) ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကော်မတီတာဝန်ရှိသူများနှင့်အတူ ညောင်ခုံခမ်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုန်ထုတ်လမ်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အကျိုးရှိစွာအသုံးပြုသွားရန် ဆွေးနွေးမှာကြားသည်။

မိုင်းပန်မြို့နယ် ညောင်ခုံခမ်းကျေးရွာ၌ အရှည် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းအပိုင်း(၂)သဲဖြူနိုင်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေကျပ် ၂၆ ဒသမ ၃၃၇၅ သန်းအသုံးပြု၍ အောင်စံပယ်ဖြူကုမ္ပဏီက ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ညောင်ခုံခမ်းကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစွာ သွားလာလျက်ရှိကြောင်း မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက ပြောပြ၍ သိရသည်။

**အေးသူ**

# ပြည်မြို့နယ် ကျေးရွာသုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ပြည် ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာသုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျေးရွာသုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းပေးရန် မှာကြားသည်။

ပြည်မြို့နယ် တောင်လုံးညိုကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း၊ ရေသန့်စင်စက်တပ်ဆင်ခြင်း၊ ကျောသာကျေးရွာနှင့် မြို့မကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရ ငွေကျပ်သိန်း ၃၁၀ အသုံးပြု၍ ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဒီဇင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းမှာ ၅၀ ရာခိုင်နှုန်းကျော်၊ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုညို**



# မေတ္တာအေးရိပ်များ

ချစ်နိုင်(စိတ်ပညာ)

အသက် ၈၀ အရွယ်ရှိသော လေးစားရသည့် မိမိ၏မိတ်ဆွေတစ်ဦးနှင့် စကားစမြည်ပြောဖြစ်လေသည်။ ဘာအကြောင်းပြောမည်ဟု ရည်ရွယ်ချက်မရှိကြဘဲလျက် ၂၀၂၃ ခုနှစ် ကုန်ဆုံးလွန်မြောက်ပျောက်ကွယ်သည့်အပြင် ၂၀၂၄ ဟူသော ပြက္ခဒိန်နှစ်သစ်တစ်ခုသည် မိမိတို့ဆီ ရောက်လာတော့မည်ကို တွေးမိလျက် ကြုံရာတွေ့ရာ စဉ်းစားမိရာ ထွေရာလေးပါး စကားပြောဖော်ရှာ၍ ဖုန်းဆက်ကြခြင်းဖြစ်ပါသည်။

သူသည် မန္တလေးသားဖြစ်သည့်အပြင် မန္တလေးတက္ကသိုလ်မှာ ပညာသင်ယူခဲ့သူလည်းဖြစ်သည်။ မိမိတို့ မန္တလေးတက္ကသိုလ်ကျောင်းသားဟောင်းများသည် မိခင်တက္ကသိုလ်ကို ချစ်ခင်လေးစားတန်ဖိုးထားကြသည့်နည်းတူ အတန်းတူ၊ ဘာသာတူမဟုတ်ကြသော်လည်း မိခင်မန္တလေးတက္ကသိုလ်၏ ရင်သွေးချင်း ညီနောင်ရင်းချာ သံယောဇဉ်ရှိကြလေသည်။

သူက ဘွဲ့ရပြီးစမှာ ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းခဲ့ဖူးသည်။ နောက်မှ ဗိုလ်သင်တန်းတက်ခွင့်လျှောက်ထားရာ တက်ခွင့်ရပြီး တပ်မတော်အရာရှိဖြစ်လာခဲ့သည်။ စစ်ကျောင်းကြီးများတွင် နည်းပြတာဝန်အခန်းကဏ္ဍကို မထမ်းဆောင်ခဲ့ရဖူးသော်လည်း ဦးစီးအရာရှိတာဝန်ကို တတိယတန်း (ဗိုလ်ကြီးဘဝ)၊ ဒုတိယတန်း စစ်ဦးစီးမှူး ခေါ် ဂျီတူး(ဗိုလ်မှူးဘဝ) စစ်ဦးစီးမှူး (ပထမတန်း) ခေါ် ဂျီဝမ်းတာဝန်၊ ဗျူဟာမှူးတာဝန်များ ဆောင်ရွက်ခဲ့ဖူးသည့်အပြင် တပ်ခွဲမှူး၊ တပ်ရင်းမှူး စသော ကွပ်ကဲတိုက်ပွဲဝင်ရသော စစ်ဆင်ရေးတာဝန်မျိုးကို တိုက်ခိုက်ခဲ့လေသည်။ စစ်သက် ၃၆ နှစ်ကာလအတွင်း ပြည်တွင်းသောင်းကျန်းသူမျိုးစုံ၊ နယ်မြေဒေသမျိုးစုံဖြင့် နှစ်ပါးသွားဆုံခဲ့ဖူးပေသည်။

မန္တလေးတက္ကသိုလ်ထွက်ချင်း၊ ဘွဲ့ရဗိုလ်လောင်းသင်တန်းဆင်းချင်း၊ ဦးရေးထောက် အခန်းကဏ္ဍ ထောင့်စုံအောင် တာဝန်ထမ်းဆောင်ခဲ့ရဖူးသော အတွေ့အကြုံရှိခြင်းတို့အပြင် ဗထူးတပ်မြို့မှာ စစ်ဦးစီးတက္ကသိုလ်ရှိနေစဉ်က အပတ်စဉ် (၄၀) တွင် သူနှင့် မိမိ ကိုးလကျော် ဆယ်လနီးပါးမျှ တစ်ဆောင်တည်း အတူတကွနေပြီး တစ်ခန်းတည်း တစ်နေကုန် စာသင်သားဘဝ ကျောင်းနေဖော်များဖြစ်ခဲ့ဖူးကြပေသေး၏။ သူသည် မြို့တော်ဝန်တာဝန်မျိုး၊ သံအမတ်ကြီးတာဝန်မျိုး ထမ်းဆောင်ရလိမ့်မည်ဟုလည်း အိပ်မက်ပင်မမက်သော တပ်ရင်းမှူးတစ်ဦးသာဖြစ်ပြီး အထက်မှပေးအပ်သောတာဝန်ဟူသမျှ ဦးဆွေးဆံမြည့် ထမ်းဆောင်မည်ဟုသာ ခံယူသူဖြစ်ပေသည်။

စစ်မှုထမ်းဘဝ ကျည်ဆန်များ၊ ဗုံးများ၊ မိုင်းများ မြေကိုသင်ဖြူး၊ ဆူးကိုမွေ့ရာနေသွားကြသည် မဟုတ်လား။ တစ်တောဝင်ထွက်၊ တစ်ကုန်းတက်၍ တစ်တောင်ကျော်ကာ၊ တစ်နေဝင်သော်၊ တစ်မှော်ရုံတိုး၊ တစ်ချုံလျှိုး၍၊ နွေမိုးဆောင်းများသည် ရွှေ့တန်းရှိ တောတောင်ထဲမှာပဲ အသက်များကြီးရင့်သွားကြရစမြဲလေ။

စစ်ကျောင်းကြီးများမှာ စစ်ဦးစီးဆိုင်ရာ၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ သင်ယူဆည်းပူးကြရသည်။ စုမှူး၊ ခွဲမှူး၊ ရင်းမှူး၊ ဦးစီး၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် စသည်တို့သည် အဆက်မပြတ် သင်ကြားပို့ချလေ့ကျင့်ပေးနေသည်။ စာသင်ခန်းမှာ စာများကျက်မှတ်သင်ယူပြီး စစ်မြေပြင်မှာ ရန်သူအမျိုးမျိုးနှင့် တောတောင်ရေမြေအထွေထွေမှာ ရင်ဆိုင်ယှဉ်ပြိုင်စစ်ကစားကြရသည်။ မိမိသည်လည်း စစ်မှုထမ်းဘဝ နှစ်ပေါင်းသုံးဆယ်နီးပါးမျှ တာဝန်ကျေစွာ မဟုတ်ကြသော်လည်း ညီအစ်ကိုထက်ပင် ရင်းနှီးကျွမ်းဝင်ကြပါသေးသည်။

❖ အထက်တန်းကျောင်းသားဘဝ တစ်ခန်းတည်းသူငယ်ချင်းများကိုလည်း တစ်ခါတစ်ရံ သတိရမိသည်။ စိုက်ပျိုးရေးတိုင်းမန်နေဂျာ၊ ဘူမိဗေဒပါမောက္ခ၊ သန်လျင်စက်ရုံမှူး၊ အထက်တန်းကျောင်းအုပ် စသဖြင့် အစိုးရဝန်ထမ်းလုပ်ကြသူများလည်း အငြိမ်းစားများဖြစ်နေကြပေပြီ။ ရည်းစားစာပေးချင်သည် ရေးပေးပါဆိုသဖြင့် မူကြမ်းရေးပေးရုံသာမက "ငါမပေးရဲဘူးကွာ၊ မင်းပဲသွားပေးပါ"ဆိုသော သူငယ်ချင်းလည်းရှိခဲ့ပါ၏။ ဘယ်အချိန်ပေးရမှာလဲဆိုတော့ ကနေ့ပဲ၊ အခုပဲတဲ့။ မိမိက ထိုမိန်းကလေးကို စကားလည်းတစ်ခွန်းမှမပြောဖူး၊ ယခင်က သိလည်းမသိဘဲ စာသွားပေးခဲ့ပါ၏။ ❖

သူရော၊ မိမိရော နှစ်ဦးမှာ တူညီကြသော ဆုံချက်တစ်ရပ်လည်းရှိပေသည်။ မဟုတ်သည်ကို ဟုတ်ပါသည်ဟု မပြောနိုင်၊ မမှန်သောအရာကို မှန်ပါသည်ဟု ခေါင်းညိတ်ခြင်းမပြုနိုင်။ အလိုက်အထိုက် ရေလိုက်ငါးလိုက် ငြိမ်ခံနေလိုက်လျှင် ကိုယ့်အတွက် ကောင်းကျိုးချမ်းသာရရှိမှာမှန်စေ၊ မဟုတ်သည်၊ မမှန်သည်ကို လက်မခံနိုင်။ အမှန်တရားကို မြတ်နိုးတတ်ခြင်း။

စစ်သားဘဝ၊ စစ်ခေါင်းဆောင်ဘဝတွင် စစ်တိုက်ရာ၌ လှည့်စားရ၏။ ဖုံးကွယ်ရ၏။ ပုံဖျက်ရပါ၏။ အသွင်ယူရ၏။ ရန်သူကို အငိုက်ဖမ်းနိုင်အောင် ယောင်ပြများ လုပ်ဆောင်ရပါ၏။ စစ်ဆိုသည်မှာ ကြိုးဝိုင်းထဲတွင် ဒိုင်လူကြီးရှေ့ လက်ဝှေ့ထိုးခြင်းမဟုတ်။ ယုတ်မာရ၏။ ကြမ်းတမ်းရ၏။ ရက်စက်ရ၏။ ဤကား သူ့တာဝန်၊ သူ့အလုပ်သဘောအရ လုပ်ဆောင်ကြရသော ရှောင်လွှဲမရသည့် သဘောတရားများပင်မဟုတ်လော။ လူမှုရေးနှင့် အခြားနေရာများတွင်မူ ဖြူဖြူဖြောင့်ဖြောင့်၊ မှန်မှန်ကန်ကန်သာတွေးသည်။ မှန်ရာကိုသာပြောသည်။ သဘောတူမှ တူသည်ဟုပြောသည်။ သဘောမတူသည်ကို တူပါသည်ဟု ဘယ်သောအခါမှ တကယ်စိတ်မပါဘဲ လိမ်ညာမပြော။

ပေးအပ်သောတာဝန်ကို အသက်ပေးပြီး ထမ်းဆောင်မည်။ ရာထူးတိုးဖို့၊ ချီးမြှောက်ခံရဖို့ အထက်လူကြီးကို ဖားမည်ဟု စိတ်ကူးမျိုးမရှိ။ ကိုယ်တာဝန်ယူရသော လုပ်ငန်းတာဝန်တွင် တစ်ခုခုချွတ်ယွင်းလွဲမှား၊ ဆုံးရှုံးမှုမျိုးကြုံတွေ့ရလျှင် ကျွန်တော် သေသေချာချာ ညွှန်ကြားပါသည်။ လက်အောက်က မှားယွင်းသဖြင့် ဤကဲ့သို့ ဖြစ်ရပါသည်ဟု ခေါင်းရှောင်လွှဲချခြင်းမျိုး လုံးဝမပြု။ မိမိက ခေါင်းဆောင်တာဝန်ယူခဲ့လျှင် မိမိက တာဝန်ခံဖြေရှင်း၏။ လက်အောက်ကို လွှဲမချ။ မဖိနှိပ်။ အပြစ်ပေးလာလျှင်လည်း မိမိသာခံယူမည် သဘောထားပါသည်။ (ထိုဖြစ်စဉ်မျိုးလည်း မတွေ့ကြုံခဲ့ရဖူးပါ) ဘာကိုမှ မကြောက်ရွံ့ဘဲ ရဲရဲဝံ့ဝံ့ခံယူရဲပါသည်။ မိမိထက် အသက်ပိုကြီးသော ဗိုလ်မှူးကြီးနှင့် မိမိစိတ်ချင်းတူမျှ၍ ရင်းနှီးချစ်ခင်ကြခြင်းဖြစ်ပါသည်။ သူ မြို့တော်ဝန်တာဝန် ထမ်းဆောင်နေစဉ်က မြေကွက်၊ တိုက်ခန်း စသည့် အခွင့်အရေးမျိုးကို တောင်းခံရယူပါက ရနိုင်ဖွယ်ရှိသော်လည်း မိမိသွားလည်း မတွေ့ပါ။ အကူအညီလည်း ဘာတစ်ခုမှ မတောင်းခဲ့ဖူးပါ။ သူ့ထက်အသက်ငယ်သော်လည်း မိမိကို လေးစားသည်မှာ အခွင့်အရေးသမားမဟုတ်ကြောင်း ကောင်းကောင်းသိသောကြောင့်ဖြစ်ပေသည်။ တစ်ဆောင်တည်းအတူနေ အတူစား၍ စာသင်သွားအတူ၊ ပြင်ပလေ့ကျင့်ခန်း ခရီးတို၊ ခရီးရှည်များ သွားလည်းအတူ၊ မိသားစုပမာ အနီးကပ်ပေါင်းသင်းကြရသဖြင့် စရိုက်ဝါသနာ အဆိုးအကောင်းအကြောင်းစုံကို ပြောစရာမလိုအောင် သိကြပါ၏။

သူရော မိမိပါ စာရေးသားခြင်း၊ စာဖတ်ခြင်း၌ ဝါသနာထုံကြခြင်းသည်လည်း သူများထက် ပိုမိုကျွမ်းဝင်ကြစေခဲ့ပါသည်။ မိမိကတော့ မန္တလေးသားဆိုသောသူကို မြန်မာ့အနုပညာမြို့တော် ဗဟိုအချက်အချာမှာ မွေးဖွားခဲ့သူဆိုပြီး လေးစားအားကျစွာ မော့ကြည့်မိသည်လည်း အမှန်ပင်။ လူဆိုသည်မှာ သူပေါက်ဖွားသော ရေခံမြေခံကလည်း စကားပြောသည်မဟုတ်လား။

မျက်မှောက်ကာလ နိုင်ငံတကာဖြစ်ပေါ် ပြောင်းလဲနေမှုများကိုလည်း အမြင်ချင်း ဖလှယ်ဆွေးနွေးဖြစ်ကြပါသည်။ နိုင်ငံရေး၊ စစ်ရေးအမြင်များတွင်လည်း သူနှင့် မိမိသည် ရပ်တည်ချက်မကွဲပြားကြပေ။

တစ်ကြိမ်တစ်ခါက စစ်မှုထမ်းသည်ဘဝ တစ်သက်တာလုံး စစ်မှုထမ်းစဉ်ခါနှင့် အလေ့အကျင့်အငွေ့အသက်များ မကုန်နိုင်ဘဲ ရှိနေတတ်သည်မဟုတ်လား။ တိုင်းပြည်ကို မြတ်နိုးလေးစားသည်။ လူမျိုးကို ချစ်ခင်တွယ်တာသည်။ ရဲဘော်ရဲဘက်ချင်းကို သံယောဇဉ်ကြီးတတ်သည်။ အထူးသဖြင့် သင်တန်းတစ်ပတ်တည်း တက်ခဲ့သူ ကျောင်းနေဖက်ချင်း၊ တစ်တပ်တည်း အတူနေခဲ့ရပြီး အတူနေ၊ အတူစား၊ တိုက်ပွဲအတူသွား၊ စွန့်စွန့်စားစား အပြန်အလှန်ကူညီအားပေးကြ။ ဤသို့ဖြင့် တစ်အူထုံ့ဆင်းညီအစ်ကိုအရင်းလို လေးစားချစ်ခင် သံယောဇဉ်တွယ်ကြရသည်။ လုပ်ငန်းခွင်အတွင်းက အသက်ပေး ချစ်ခင်ရင်းနှီးခဲ့ကြရသော ရဲဘော်ရဲဘက် တိုက်ဖော်တိုက်ဖက်များလေ။ အသက် ၂၀ ကျော်မှ အသက် ၅၀၊ ၆၀ ထိဆိုပါစို့။ စကားတွေ ရေပက်မဝင်ပြောလို့ကောင်း၊ အချိန်ကုန်မှန်းမသိ။

ဆွေမျိုးသားချင်း၊ တစ်ရပ်တည်းတစ်ရွာတည်းသား မဟုတ်ပါဘဲလျက် ညီရင်းအစ်ကိုလို ချစ်ခဲ့ကြသူများကို စဉ်းစားသောအခါ တက္ကသိုလ်ကျောင်းနေဖက်၊ မန္တလေးတက္ကသိုလ် စိတ်ပညာဘာသာရပ်ကို လေးနှစ်လုံးလုံး အတူပညာသင်ယူခဲ့ကြသော ကိုတင့်လွင်၊ ကိုတင်မောင်လွင်၊ ကိုတင်အုန်း၊ ကိုတင်လှ၊ ကိုတင်မြ၊ ကိုတင်ဝင်း စသောသူငယ်ချင်းများ။ အချို့လည်း ကွယ်လွန်ကုန်ကြပေပြီ။ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ရှမ်း၊ မွန်၊ ရခိုင် စသည့်တိုင်းရင်းသားများ အစုံပါခဲ့ကြပေသည်။ မိသားစု ညီအစ်ကို မောင်နှမများလို။ အချို့လည်း ခွဲခွာကြသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်ရာ တစ်ကြိမ်တစ်ခါမျှ ပြန်လည်ဆုံတွေ့ရခြင်း မရှိကြတော့ပါ။ နိုင်ငံခြားရောက်နေပြီဟုလည်းကောင်း၊ သေသွားပြီဟုလည်းကောင်း သတင်းစကား ကြားရရုံမျှသာ။ အဝေးကသာ ဝမ်းနည်းစွာ ကြားရပါတော့သည်။

အထက်တန်းကျောင်းသားဘဝ တစ်ခန်းတည်း သူငယ်ချင်းများကိုလည်း တစ်ခါတစ်ရံ သတိရမိသည်။ စိုက်ပျိုးရေးတိုင်းမန်နေဂျာ၊ ဘူမိဗေဒပါမောက္ခ၊ သန်လျင်စက်ရုံမှူး၊ အထက်တန်းကျောင်းအုပ် စသဖြင့် အစိုးရဝန်ထမ်းလုပ်ကြသူများလည်း အငြိမ်းစားများ ဖြစ်နေကြပေပြီ။

ရည်းစားစာပေးချင်သည် ရေးပေးပါဆိုသဖြင့် မူကြမ်းရေးပေးရုံသာမက "ငါမပေးရဲဘူးကွာ၊ မင်းပဲသွားပေးပါ"ဆိုသော သူငယ်ချင်းလည်းရှိခဲ့ပါ၏။ ဘယ်အချိန်ပေးရမှာလဲဆိုတော့ ကနေ့ပဲ၊ အခုပဲတဲ့။ မိမိက ထိုမိန်းကလေးကို စကားလည်းတစ်ခွန်းမှမပြောဖူး၊ ယခင်က သိလည်းမသိဘဲ စာသွားပေးခဲ့ပါ၏။ "ဟဲ့ နင့်စာလား"ဟု တအံ့တဩ မေးသောအခါ "မဟုတ်ဘူး။ ဟိုမှာ ကျောင်းအပေါ်ထပ်ဝရန်တာမှာ နင့်ကိုကြည့်နေတဲ့သူ။ သူ့ကို သိတယ်မဟုတ်လား" "သိတယ်လေ" "အေး သူကပေးခိုင်းလို့ လာပေးရတာ" ထိုအခါ စာကိုယူထားလိုက်ပြီး ရယ်ပါသည်။

သူတို့ချင်း ရည်းစားလည်းမဖြစ်လိုက်ပါ။ ထိုကျောင်းသူက ပြဿနာရှာပြီး ဆရာကြီးထံ မတိုင်ခဲ့သည်ပဲ ကျေးဇူးတင်ရပါသည်။

သူငယ်ချင်း ရင်းနှီးခင်မင်သူများအတွက်ဆိုလျှင် မိမိတတ်နိုင်သမျှ၊ စွမ်းဆောင်နိုင်သမျှ မညည်းမညူ ကူညီတတ်သဖြင့်လော မပြောတတ်ပါ။ မိမိကို သူတို့မိသားစုများကပါ ဆွေမျိုးရင်းချာနှင့်မခြား ချစ်ခင်စောင့်ရှောက်ကြခြင်းကို ခံယူရပါ၏။ မိမိက အတန်းထဲမှာ စာတော်သော၊ ဆရာ၊ ဆရာမကချစ်သော တပည့်မျိုးတော့ ဖြစ်ခဲ့ပါ၏။

မိမိကို စာရေးဆရာဖြစ်စေအောင်၊ စစ်ဗိုလ်ဖြစ်အောင် ထောက်ကူပေးမပေးခဲ့ကြသော အရင်းအနှီးဆုံး၊ အချစ်ခင်ဆုံး သူငယ်ချင်း ကျောင်းနေဖက်သုံးဦးရှိပါ၏။ သူတို့မှာ ဦးအောင်သန်းမြင့်၊ ဦးသန်းနိုင်ဦးနှင့် ဦးကျော်ဇေယျတို့ဖြစ်ကြပါသည်။ အကယ်၍သာ မိမိသည် တက္ကသိုလ်ကျောင်းသား ကိုခင်မောင်တင့်ကဲ့သို့ စာရေးဆရာဖြစ်လာပါက တက္ကသိုလ်ဘုန်းနိုင်ဖန်တီးသော အချစ်အလွမ်း၊ ဘဝသရုပ်ဖော်ဝတ္ထုများစွာတွင် ဆရာကြီး ဒေါက်တာကျော်စိန် (ပြည်ထောင်စုဝန်ကြီး၊ ပါမောက္ခချုပ်၊ ပါမောက္ခ)နှင့် ဆရာကြီး ဦးအုန်းဖေဟူသည့် သူ၏အရင်းနှီးဆုံး ကျောင်းနေဖက်သူငယ်ချင်းများကို ဇာတ်ကောင်များအဖြစ် ထည့်သွင်းရေးသားမိပေလိမ့်မည်။

တက္ကသိုလ်ဘုန်းနိုင်၊ ဒေါက်တာကျော်စိန်နှင့် ဆရာကြီး ဦးအုန်းဖေတို့သုံးဦးစလုံး၏ တပည့် မိမိက သူတို့ချင်း ရင်းနှီးချစ်ခင်ကြပုံကို မြင်ရ၊ ကြားရ၊ သိခဲ့ရပေသည်မဟုတ်လား။ မိမိကို စာရေးဆရာဖြစ်အောင်၊ စစ်မှုထမ်းဖြစ်အောင် ပျိုးထောင်ပြုစုခဲ့ကြသော ကျေးဇူးရှင်ဆရာများစွာအနက်တွင် စေတနာအပြည့်အဝဖြင့် သားသမီးအရင်းပမာ သွန်သင်ဆုံးမ လမ်းညွှန်ပြလျက် မေတ္တာရိပ်ပေးခဲ့ကြသူများကား ဒေါက်တာစိန်တူ၊ တက္ကသိုလ်ဘုန်းနိုင် (ဦးခင်မောင်တင့်)၊ ဒေါက်တာ ကျော်စိန်၊ ပါမောက္ခ ဦးခင်မောင်သန်း၊ ဦးအုန်းဖေ၊ ဒေါက်တာ ညီဝင်းမှန်၊ ဒေါက်တာ ကိုကိုကြီး၊ ဒေါက်တာ ထွန်းသန်းနှင့် ပါမောက္ခ ဒေါ်ကြင်စိန်တို့ ဖြစ်ကြပါလေသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# နှစ်သစ်ဆုတောင်း

\- တစ်နှစ်ကူးပြီမို့
ပုရစ်ဖူးတွေက ပင်ဦးမှာ၊
ကောင်းကင်အိမ် သဘင်ခင်း
မြူနှင်းခြုံလွှာ၊
မြေတလင်း စိမ်းမြယာ
ယိမ်းကရှာ ရှုမဆုံး၊
မြောက်ပြန်လေ အကြိုထောက်
နှင်းသောက်နေတုန်း။

\- အရိုးပေါ် အရွက်မဖုံး
ဆက်ထုံးဖွဲ့သာယာစေ၊
မြိုင်တစ်ခွင် ရှင်ကြည်အေး
ငှက်ကျေးသံဝေ၊
တို့ဘိုးဘွား တို့အမွေ
တို့ရေမြေ တို့လယ်တော၊
ဘူးသခွားဖရုံ
ထူးခြားပုံ မြားမြောင်စွ
လှပလို့ပေါ့။

\- မျိုးနွယ်ဆွေ ပေါင်းဆုံနှော
ပြည်တစ်ကြော သာမောဖွယ်၊
နှစ်သစ်မှာ ဆုခြွေတောင်း
ကောင်းခြင်းတွေကြွယ်၊
ဘေးဥပဒ် အန္တရာယ်
ရန်အစွယ် ဝေးရှောင်ရှား၊
တို့ပြည်ရွာ အလှရှန်း
ထွန်းပစေသား။ ။

ညိုဆွေဝင်း(YNT)

# လပွတ္တာမြို့နယ်မှ ဒေသထွက်နေလှန်းဆားများ အရောင်းအဝယ်ကောင်းနေ

**လပွတ္တာ ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ဒေသထွက် နေလှန်းဆားများ ဝယ်ယူအားကောင်းလာခြင်းကြောင့် အရောင်းအဝယ်ကောင်းနေကြောင်း လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဆွေဆွေသန်းက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ဒေသထွက် နေလှန်းဆားများကို ဒီဇင်ဘာလ ပထမပတ်မှစတင်ပြီး ယနေ့ထိ ဒေသဈေးကွက်အပြင် မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ မအူပင် အခြားဒေသများက ဝယ်ယူအားကောင်းလာခြင်းကြောင့် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"ဒီလ နေလှန်းဆားက အတော်လေးကို အဝယ်လိုက်နေတယ်။ ပြည်တွင်း ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းလုပ်တဲ့ရာသီဖြစ်လို့ အခုလို ဒေသထွက်ဆားဝယ်ယူအားကောင်းနေတာပါ။ လက်ရှိအချိန်က ဒေသမှာ လက်ကျန်ဆားတွေပဲရှိပါတယ်။ အခု လက်ကျန်ဆားတွေကိုပဲ ရောင်းနေတာပါ။ အခုလို ဆားဝယ်ယူအားတက်လာတော့ ဆားထုတ်လုပ်တဲ့တောင်သူတွေလဲ အဆင်ပြေလာတာ တွေ့ရပါတယ်။ ဒေသထွက်ဆားတွေကို ရန်ကုန်ကလဲ ဒီဇင်ဘာလ တတိယပတ်ကစပြီး ဝယ်ယူအားများလာပါတယ်"ဟု လပွတ္တာမြို့နယ်မှ နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဆွေဆွေသန်းက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျချက်လုပ်ပြီး မှာယူသည့်ဒေသများကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါနေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ယင်းမာပင်ခရိုင်တွင် ၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်း ၈၃၁၂ ဧက စိုက်ပျိုးပြီးစီး

**ယင်းမာပင် ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံဖြစ်သည့် ပန်းနှမ်း ၈၃၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံဖြစ်သည့် ပန်းနှမ်း ဧက ၆၈၉၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၃၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ပန်းနှမ်းဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပန်းနှမ်းစိုက်ပျိုးမှုအနေနဲ့ လက်ရှိအချိန်မှာတော့ တိုးချဲ့စိုက်ပျိုးနိုင်တယ်။ ပန်းနှမ်းကို နှစ်စဉ် စိုက်ပျိုးမှုရှိပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် ပန်းနှမ်းစိုက်ပျိုး ပြီးစီးမှုအနေဖြင့် ကနီမြို့နယ်တွင် ဧက ၆၀၂၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၉၂ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၂၁၀၀ စုစုပေါင်း ၈၃၁၂ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် ပန်းနှမ်းစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကနီမြို့နယ်တွင် ဧက ၄၄၉၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၄၀၀ နှင့် ပုလဲမြို့နယ်တွင် ဧက ၂၀၀၀ စုစုပေါင်းဧက ၆၈၉၀ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ပန်းနှမ်းစိုက်ပျိုးမှုအနေဖြင့် တစ်နှစ်နှင့်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ပန်းနှမ်းကို ကသာနှင့် ကောလင်းခရိုင်တွင် အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ပန်းနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မောက်မယ်မြို့နယ် အရှေ့ပူယျာစန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**မောက်မယ် ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အရှေ့ပူယျာစန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Box Culvert တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးအောင်၊ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ အရှေ့ပူယျာစန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် Box Culvert တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

မောက်မယ်မြို့နယ် အရှေ့ပူယျာစန်းကျေးရွာ၌ အရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အရှည်ငါးပေ၊ အကျယ် ၂၂ ပေ၊ အမြင့် ငါးပေရှိ Box Culvert တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၆၄၅ သန်း အသုံးပြု၍ တင်ဒါအောင်မြင်သည့် ခနေသီဟကုမ္ပဏီက ယခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# နိုင်ငံတကာ သတင်းများ

## ၂၀၂၄ ခုနှစ်အတွင်း သူလျှိုဂြိုဟ်တုသစ်များ ထပ်မံလွှတ်တင်ရန် မြောက်ကိုရီးယားရည်ရွယ်

**ပြုံယမ်း ဒီဇင်ဘာ ၃၁**

၂၀၂၄ ခုနှစ်အတွင်း သူလျှိုဂြိုဟ်တုသစ်သုံးစင်းလွှတ်တင်ရန်နှင့် ချူကလီးယားလက်နက်အင်အားကို မြှင့်တင်ရန် မြောက်ကိုရီးယားနိုင်ငံက ရည်ရွယ်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

၂၀၂၄ ခုနှစ်အတွင်း သူလျှိုဂြိုဟ်တုသစ်များလွှတ်တင်မည့်အစီအစဉ်နှင့် ချူကလီးယားလက်နက်အင်အားမြှင့်တင်ရေးအစီအစဉ်တို့ကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က အလုပ်သမားပါတီဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေးပိတ်ပွဲမိန့်ခွန်းတွင် အတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် အလုပ်သမားပါတီ ဗဟိုကော်မတီမျက်နှာစုံညီ အစည်းအဝေးပိတ်ပွဲမိန့်ခွန်းတွင် အမေရိကန်နိုင်ငံ၏ မူဝါဒများအား စစ်ပွဲကိုဖိတ်ခေါ်နေသည့်မူဝါဒများအဖြစ်ဝေဖန်ခဲ့သည်။

ငါးရက်ကြာမြင့်ခဲ့သည့် အလုပ်သမားပါတီဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေးတွင် မြောက်ကိုရီးယား ထိပ်တန်းခေါင်းဆောင်များသည် ၂၀၂၄ ခုနှစ်အတွက် စီးပွားရေး၊ စစ်ရေးနှင့်နိုင်ငံခြားရေးမူဝါဒရည်မှန်းချက်များကို ချမှတ်ခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံသည် ယခုနှစ်အတွင်း သူလျှိုဂြိုဟ်တုလွှတ်တင်မှုနှင့် တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုများပြုလုပ်ခဲ့ရာ ကိုရီးယားကျွန်းဆွယ်ဒေသ၌ အခြေအနေများ တင်းမာခဲ့ရသည်။

အလုပ်သမားပါတီဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေး၌ချမှတ်ခဲ့သော အဓိကမူဝါဒတစ်ရပ်မှာ စာသင်ကျောင်းများ၌ သိပ္ပံနှင့်နည်းပညာသုတေသနလုပ်ငန်းများပြုလုပ်ရေးအတွက် ရင်းနှီးမြှုပ်နှံရန်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## ဟူသီနယ်မြေမှပစ်လွှတ်သည့်ဒုံးကျည်များ အမေရိကန်ရေတပ် ပစ်ချ

**နယူးယောက် ဒီဇင်ဘာ ၃၁**

ယီမင်နိုင်ငံတွင်းရှိ ဟူသီသူပုန်ထိန်းချုပ်နယ်မြေမှတစ်ဆင့် ပင်လယ်နီတောင်ပိုင်းရှိ ကုန်တင်သင်္ဘောတစ်စီးဆီသို့ ပစ်လွှတ်ခဲ့သည့်ဒုံးကျည်နှစ်စင်းကို အမေရိကန်ရေတပ်က ဒီဇင်ဘာ ၃၀ ရက်တွင် ပစ်ချခဲ့ကြောင်း သိရသည်။

ပင်လယ်နီတောင်ပိုင်း၌ စင်ကာပူနိုင်ငံမှတ်ပုံတင် ဒိန်းမတ်နိုင်ငံပိုင် ကုန်တင်သင်္ဘောတစ်စီးမှာ ဒုံးကျည်တိုက်ခိုက်မှုနှင့်ရင်ဆိုင်ခဲ့ရပြီး အမေရိကန်ရေတပ်မှစစ်သင်္ဘော နှစ်စီးက အကူအညီပေးခဲ့ရကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ကုန်တင်သင်္ဘောကို ကူညီရာတွင် ယူအက်စ်အက်စ်ဂရာဗီလီအမည်ရှိ စစ်သင်္ဘောသည် ဟူသီ ထိန်းချုပ်နယ်မြေမှပစ်လွှတ်ခဲ့သည့် သင်္ဘောဖျက်ဒုံးကျည်နှစ်စင်းကို ပစ်ချခဲ့ကြောင်း သိရသည်။

ယီမင်နိုင်ငံ ပင်လယ်နီကမ်းရိုးတန်းကိုထိန်းချုပ်ထားသည့် ဟူသီသူပုန်များသည် အစ္စရေး၏ဂါဇာစစ်ပွဲကို တုံ့ပြန်သည့်အနေဖြင့် ပင်လယ်နီအတွင်းသွားလာနေကြသည့် ကုန်တင်သင်္ဘောများကို တိုက်ခိုက်လျက်ရှိသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်နိုင်ငံဦးဆောင်သည့် နိုင်ငံစုံရေတပ်အုပ်စု တစ်ခုကလည်း ပင်လယ်နီရေလမ်းကြောင်းများကို ဟူသီသူပုန်များရန်မှ ကာကွယ်ရန် ကြိုးစားလျက်ရှိသည်။

ဒီဇင်ဘာ ၃၀ ရက် စင်ကာပူမှတ်ပုံတင်သင်္ဘော တိုက်ခိုက်ခံရမှုသည် နိုဝင်ဘာ ၁၉ ရက်နောက်ပိုင်း ပင်လယ်နီဒေသ၌ဖြစ်ပွားခဲ့သည့် ၂၃ ကြိမ်မြောက်ကုန်တင်သင်္ဘောတိုက်ခိုက်ခံရမှုဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ယူကရိန်းတပ်ဖွဲ့ဝင် ဦးရေ ၂၀၀ ကျော်ကို ရုရှားတရားရုံးများ ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးပြောကြား



**မော်စကို ဒီဇင်ဘာ ၃၁**

ယူကရိန်းအထူးစစ်ဆင်ရေးများ စတင်ချိန်မှစ၍ ယနေ့ထိ ယူကရိန်းတပ်ဖွဲ့ဝင် ဦးရေ ၂၀၀ ကျော်ကို ရုရှားတရားရုံးများက ထောင်ဒဏ်ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ယနေ့တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံပိုင် အာရ်အိုင်အေသတင်းဌာနနှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်းတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးက တရားစွဲဆိုအပြစ်ပေးခံထားရသော ယူကရိန်းတပ်ဖွဲ့ဝင်အရေအတွက်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားတရားရုံးများ အနေဖြင့် ရက်စက်ကြမ်းကြုတ်မှုများကျူးလွန်ခဲ့သည့် ယူကရိန်းတပ်ဖွဲ့ဝင် ဦးရေ ၂၀၀ ကျော်ကိုနှစ်ရှည်ထောင်ဒဏ်များချမှတ်ထားကြောင်း ဆာဂေးလက်ဗရော့ဗ်က ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့သည့် ယူကရိန်းစစ်ပွဲကာလအတွင်း ရက်စက်ကြမ်းကြုတ်မှုများကျူးလွန်ခဲ့ကြောင်း ရုရှားနှင့် ယူကရိန်းတို့က အပြန်အလှန်စွပ်စွဲထားသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး၏ အဆိုအရ ရုရှားစုံစမ်းစစ်ဆေးရေးကော်မတီသည် ယူကရိန်းနိုင်ငံသားဦးရေ ၉၀၀ ခန့်တို့ကိုလည်း တရားစွဲဆိုမှု ၄၀၀၀ ကျော်ပြုလုပ်ထားကြောင်း သိရသည်။

ရုရှားနိုင်ငံက တရားစွဲဆိုထားသည့် ယူကရိန်နိုင်ငံသားများထဲတွင် အစွန်းရောက်အမျိုးသားရေးဝါဒီများ၊ ယူကရိန်းလုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည်ဟု ဆာဂေးလက်ဗရော့ဗ်က ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အီဂျစ်နှင့်ဂါဇာနယ်စပ်တစ်လျှောက်ကို ပြန်လည်ထိန်းချုပ်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟု ပြောကြား

**ဂျေရုဆလင် ဒီဇင်ဘာ ၃၁**

အစ္စရေးနိုင်ငံအနေဖြင့် အီဂျစ်နှင့် ဂါဇာကမ်းမြောင်နယ်စပ်တစ်လျှောက်ရှိ ကြားခံဇုန်ကို ပြန်လည် ထိန်းချုပ်ထားရမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

အကယ်၍ အစ္စရေးနိုင်ငံအနေဖြင့် အီဂျစ်နှင့်ဂါဇာနယ်စပ်ကိုထိန်းချုပ်မည်ဆိုပါက လက်ရှိဖြစ်ပွားဆဲဂါဇာစစ်ပွဲမှာပို၍ကာလကြာညောင်းလာနိုင်သည်။

မိမိတို့အနေဖြင့် အစ္စရေးနှင့်ဂါဇာနယ်စပ်ရှိ ဖီလာဒယ်လ်ဖီကြားခံဇုန်ကိုထိန်းချုပ်ထားနိုင်ရမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက သတင်းထောက်များနှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

အီဂျစ်-ဂါဇာနယ်စပ်တစ်လျှောက်ကို ပြန်လည်ထိန်းချုပ်မည်ဆိုပါက အစ္စရေးနိုင်ငံအနေဖြင့် ဂါဇာကမ်းမြောင်ဒေသမှတပ်များရုပ်သိမ်းပေးထားမှုကို ပြန်လည်ပယ်ဖျက်ရာရောက်နိုင်သည်။

အစ္စရေးနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ဂါဇာကမ်းမြောင်ဒေသမှ တပ်များကို ပြန်လည်ရုပ်သိမ်းခဲ့ရာ ဟားမတ်စ်အုပ်စုက ယင်းနယ်မြေကို ထိန်းချုပ်ခွင့်ရလာခဲ့သည်။

အောက်တိုဘာ ၇ ရက်တွင်စတင်ခဲ့သည့် ဂါဇာစစ်ပွဲသည် အရှိန်အထွတ်အထိပ်သို့ရောက်နေပြီဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## အငြင်းပွားရေပြင်မှ ဗြိတိန်စစ်သင်္ဘောထွက်ခွာချိန်ထိ အရှေ့ကာရစ်ဘီယံဒေသ၌ ဗင်နီဇွဲလားတပ်များဆက်လက်ဖြန့်ကြက်ထားမည်

**ကာရာကက်စ် ဒီဇင်ဘာ ၃၁**

ဂိုင်ယာနာနှင့်ဗင်နီဇွဲလားနိုင်ငံတို့၏ ကမ်းလွန်ရေပြင်အတွင်းသို့ ဗြိတိန်စစ်သင်္ဘောထွက်ခွာချိန်ထိ တပ်ဖွဲ့ဝင် ၆၀၀၀ နီးပါးကို ဆက်လက်ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း ဗင်နီဇွဲလားအစိုးရက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ဗြိတိန်က ဂိုင်ယာနာနိုင်ငံ ကမ်းလွန်ရေပြင် အတွင်းသို့ စစ်သင်္ဘောတစ်စီး စေလွှတ်ခဲ့ပြီးနောက် ဗင်နီဇွဲလားနိုင်ငံသည် ကာရစ်ဘီယံဒေသ အရှေ့ပိုင်း၌ တပ်ဖွဲ့ဝင် ဦးရေ ၆၀၀၀ ထိ ဖြန့်ကြက်ခဲ့သည်။

အဆိုပါ တပ်ဖွဲ့ဝင်များအနေဖြင့် ဂိုင်ယာနာနှင့်ဗင်နီဇွဲလားနိုင်ငံတို့အကြား ပိုင်ဆိုင်ခွင့်အငြင်းပွားနေသောရေပြင်အတွင်းမှ ထွက်ခွာသွားချိန်ထိတိုင် ကာရစ်ဘီယံအရှေ့ပိုင်း၌ ဆက်ရှိနေမည်ဖြစ်ကြောင်း ဗင်နီဇွဲလား ကာကွယ်ရေးဝန်ကြီး ဗလာဒီမာပါဒရီနိုက ထုတ်ဖော်ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနှင့်ဂိုင်ယာနာနိုင်ငံတို့သည် အက်စီကွီဘိုအမည်ရှိ ရေနံသယံဇာတ ကြွယ်ဝသည့်နယ်မြေတစ်ခုကို ပိုင်ဆိုင်ခွင့်ရရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့်ရက်သတ္တပတ်များအတွင်း ဆက်ဆံရေး တင်းမာခဲ့ရသည်။


အက်စီကွီဘိုဒေသကို ဂိုင်ယာနာအချုပ်အခြာပိုင်နယ်မြေအဖြစ် ယေဘုယျအားဖြင့်အသိအမှတ်ပြုထားသည့်တိုင် ဗင်နီဇွဲလားနိုင်ငံကလည်း ယင်းဒေသကိုပိုင်ဆိုင်ခွင့်ရရန်တောင်းဆိုထားသည်။

ဂိုင်ယာနာနိုင်ငံသည် ဗြိတိန်၏ ကိုလိုနီနယ်မြေဟောင်းလည်းဖြစ်သလို ဒေသတွင်းအဓိကမိတ်ဖက်နိုင်ငံလည်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နာဆာ၏ ပတ်ကားနေလေ့လာရေးအာကာသယာဉ်က ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် နေမျက်နှာပြင်ကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းမည်



**ဝါရှင်တန် ဒီဇင်ဘာ ၃၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ပတ်ကားနေလေ့လာရေး အာကာသယာဉ်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် နေမျက်နှာပြင်ကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၃၀ ရက်သတင်းများအရ သိရသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ပတ်ကားနေလေ့လာရေး အာကာသယာဉ်သည် နေမျက်နှာပြင်ကို မိုင်ပေါင်း ၃ ဒသမ ၈ သန်းအကွာမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

နေမျက်နှာပြင်ကို ထိုမျှလောက်အကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခြင်းသည် သီအိုရီသဘောအရ နေမျက်နှာပြင်ပေါ် ဆင်းသက်မှုနှင့် ညီမျှကြောင်း နာဆာသိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ထိုသို့ နေမျက်နှာပြင်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် ပတ်ကားနေလေ့လာရေး အာကာသယာဉ်၏ အမြန်နှုန်းသည် တစ်နာရီလျှင် ၄၃၅၀၀၀ မိုင်ထိ ရှိမည်ဖြစ်ကြောင်း သိရသည်။

နေနှင့်နီးကပ်လာစဉ် နေ၏ပြင်းထန်သော ဒြပ်ဆွဲအားကြောင့် ပတ်ကားနေလေ့လာရေး အာကာသယာဉ်၏ အမြန်နှုန်းမှာ တစ်နာရီလျှင် ၄၃၅၀၀၀ မိုင်နှုန်းထိ ရောက်သွားနိုင်ခြင်းဖြစ်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာအဖွဲ့သည် နေကိုအကြိမ်ကြိမ် အနီးကပ်ဖြတ်ကျော်ပျံသန်းလေ့လာနိုင်ရန် ၂၀၁၈ ခုနှစ်က ပတ်ကားနေလေ့လာရေးအာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Space-X ကုမ္ပဏီက Starship အာကာသယာဉ်နှင့် စူပါဟဲဗီးဒုံးပျံ၏ ဒုံးအင်ဂျင်စနစ်များကိုစမ်းသပ်ခြင်းဖြင့် ၂၀၂၃ ခုနှစ်ကို အဆုံးသတ်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၃၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသယာဉ်နှင့် စူပါဟဲဗီးဒုံးပျံ၏ ဒုံးအင်ဂျင်စနစ်များကို စမ်းသပ်ခြင်းဖြင့် ၂၀၂၃ ခုနှစ်ကို အဆုံးသတ်ခဲ့ကြောင်း ဒီဇင်ဘာ ၃၀ ရက်သတင်းများအရ သိရသည်။

Starship အာကာသယာဉ်နှင့် စူပါဟဲဗီးဒုံးပျံ၏ ဒုံးအင်ဂျင်စမ်းသပ်မှုများကို ဒီဇင်ဘာ ၂၉ ရက်တွင် Space-X အာကာသနည်းပညာကုမ္ပဏီက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့စမ်းသပ်ရာတွင် စူပါဟဲဗီးဒုံးပျံ၏ရက်ပ်တာအမျိုးအစား ဒုံးအင်ဂျင် ၃၃ လုံးကို ၁၀ စက္ကန့်ကြာ ဖွင့်၍ စမ်းသပ်ခဲ့ပြီး Starship အာကာသယာဉ်၏ ဒုံးအင်ဂျင်ကိုလည်း သီးခြားစမ်းသပ်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။



Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသယာဉ်နှင့် စူပါဟဲဗီးဒုံးပျံကို ၂၀၂၄ ခုနှစ်တွင် တတိယအကြိမ်အဖြစ် စမ်းသပ်လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ၂၀၂၃ ခုနှစ် ဧပြီလနှင့် ဒီဇင်ဘာလတွင် Starship အာကာသယာဉ် စမ်းသပ်လွှတ်တင်မှုနှစ်ရပ် ပြုလုပ်ခဲ့ရာ အောင်မြင်မှုမရှိခဲ့ပေ။

Space-X ကုမ္ပဏီသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်သို့ လူသားများစေလွှတ်ရေးအတွက် Starship အာကာသယာဉ်နှင့် စူပါဟဲဗီးဒုံးပျံကို စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## အားတီးမစ်လဆင်းယာဉ်တွင်တပ်ဆင်မည့် ဓာတ်လှေကားစနစ်ကို နာဆာအာကာသယာဉ်မှူးများ စမ်းသပ်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၃၁**

Space-X အာကာသ နည်းပညာကုမ္ပဏီ၏ အားတီးမစ်လဆင်းယာဉ်တွင် တပ်ဆင်မည့် ဓာတ်လှေကားစနစ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) အာကာသယာဉ်မှူးများက စမ်းသပ်ခဲ့ကြကြောင်း ဒီဇင်ဘာ ၃၀ ရက်သတင်းများအရ သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် လကမ္ဘာပေါ်သို့ လူသားများကို ပို့ဆောင်ပေးမည့် အားတီးမစ် မစ်ရှင်အတွက် လဆင်းယာဉ်တည်ဆောက်ခွင့် ရရှိထားကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီ၏ Starship အမည်ရှိ အဆိုပါလဆင်းယာဉ်သည် အာကာသယာဉ်မှူး နှစ်ဦးကို လမျက်နှာပြင်နှင့် အိုရီယွန်အာကာသယာဉ်တို့ကြား အကြိုအပို့ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလဆင်းယာဉ်၌ တပ်ဆင်မည့် ဓာတ်လှေကားစနစ်၏ နမူနာပုံစံကို အာကာသယာဉ်မှူးနှစ်ဦးက စမ်းသပ်မှုပြုလုပ်ခဲ့သည်ဟု နာဆာတာဝန်ရှိသူများက ဒီဇင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

စမ်းသပ်မှု ပြုလုပ်စဉ်အတွင်း နာဆာအာကာသယာဉ်မှူး နှစ်ဦးသည် Starship လဆင်းယာဉ် ဓာတ်လှေကားစနစ် ထိန်းချုပ်ကိုင်တွယ်ပုံကို လက်တွေ့ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၃ မစ်ရှင်ဖြင့် ၂၀၂၇ ခုနှစ်တွင် လကမ္ဘာပေါ်သို့ လူသားများစေလွှတ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## အစားအစာများ၌ ပုံမှန်ထက်ဆားပိုထည့်ပါက နာတာရှည်ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေ မြင့်မားနိုင်

**နယူးယောက် ဒီဇင်ဘာ ၃၁**

အစားအစာများ၌ ပုံမှန်ထက်ပို၍ ဆားထည့်စားသုံးသူများတွင် နာတာရှည်ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၃၀ ရက်သတင်းများအရ သိရသည်။

အစားအစာများ၌ ဆားကိုပုံမှန်ထက် ပို၍ထည့်စားသုံးမှုသည် နာတာရှည်ကျောက်ကပ်ရောဂါ ဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်မှုနှင့်ဆက်စပ်နေကြောင်း အမေရိကန်နိုင်ငံ တူလိန်းတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၄၆၅၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာစိစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ အစားအစာများတွင် ဆားကိုပုံမှန်ထက် ပိုထည့်စားသုံးသူများ၌ ကျောက်ကပ်ရောဂါ ဖြစ်နိုင်ခြေ ပုံမှန်ထက်လေးရာခိုင်နှုန်း မြင့်မားလာနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အစားအစာများထဲတွင် ပုံမှန်ထက်ပို၍ ဆားထည့်စားသုံးမှု အကြိမ်ရေများလေလေ နာတာရှည်ကျောက်ကပ်ရောဂါ ဖြစ်နိုင်ခြေလည်း ပို၍မြင့်မားလာလေလေဖြစ်သည်ဟု သုတေသန ပညာရှင်များက သတိပေးထားကြောင်း သိရသည်။

ဆားစားသုံးမှုပုံမှန်ထက် လွန်ကဲမှုသည် နှလုံးရောဂါဖြစ်နိုင်ခြေ၊ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေနှင့် ဘဝသက်တမ်း ပိုတို လာနိုင်ခြေ မြင့်မားမှုတို့နှင့်လည်း ဆက်စပ်နေနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ကင်ဆာရောဂါတချို့ ခံစားနေရသူများ ခုခံအားစနစ်ကုထုံးများ၏ အကျိုးကျေးဇူးကို ပိုမိုရယူခံစားနိုင်

**နယူးယောက် ဒီဇင်ဘာ ၃၁**

ကင်ဆာရောဂါပုံစံတချို့ ခံစားနေရသူ လူနာများအနေဖြင့် ခုခံအားစနစ်ကုထုံးများ၏ အကျိုးကျေးဇူးကို ပိုမိုရယူခံစားနိုင်ကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

ရောဂါစစ်ဆေးမှု ပုံစံတစ်မျိုးသည် ခုခံအားစနစ်ကုထုံးနှင့် ကိုက်ညီမှုရှိမည့် ကင်ဆာလူနာများကို ဖော်ထုတ်ပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ ဘီဒဗလျူအိတ်ချ်ဆေးရုံမှ သုတေသန ပညာရှင်များက ပြောကြားသည်။

ခုခံအားစနစ် ကုထုံးများသည် မျိုးဗီဇမော်လီကျူး ဖောက်ပြန်မှုရှိနေသည့် ကင်ဆာလူနာများအတွက် အလွန် ထိရောက်မှုရှိသည့် ကုထုံးများ ဖြစ်ကြကြောင်း သိရသည်။

အထူးသဖြင့် မိမိတို့၏ရောဂါစစ်ဆေးမှုပုံစံသစ်ကြောင့် အူမကြီးကင်ဆာရောဂါနှင့် သားအိမ်ကင်ဆာလူနာများအနေဖြင့် လက်ရှိထက်ပို၍ ခုခံအားစနစ်ကုထုံးများ၏အကျိုးကျေးဇူးကိုရရှိနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူနာ ၁၆၅၅ ဦးတို့ကို ရောဂါစမ်းသပ်မှုပုံစံသစ်ဖြင့် စမ်းသပ်ခဲ့ကြသည်။

စမ်းသပ်မှုရလဒ်များအရ အဆိုပါရောဂါစစ်ဆေးမှုပုံစံသည် ခုခံအားစနစ်ကုထုံးများနှင့် သင့်လျော်သည့် ကင်ဆာလူနာများကို ပုံမှန်စစ်ဆေးမှုပုံစံများထက် ပို၍ဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဗင်နီဇွဲလား၏ တစ်နှစ်တာအကောင်းဆုံးအမျိုးသမီး အားကစားသမားဆုကို ပြေးခုန်ပစ်မယ်ယူလီမာ ဆွတ်ခူး




**ကာရာကက်စ် ဒီဇင်ဘာ ၃၁**

ဗင်နီဇွဲလားနိုင်ငံ Circle of Sports Journalists အဖွဲ့အစည်းက ၂၀၂၃ ခုနှစ်အတွက် တစ်နှစ်တာ အကောင်းဆုံးအမျိုးသမီးအားကစား သမားဆုကို ရွေးချယ်ချီးမြှင့်ခဲ့ရာတွင် ဗင်နီဇွဲလားပြေးခုန်ပစ်မယ် ယူလီမာက ရွေးချယ်ချီးမြှင့်ခံခဲ့ရကြောင်း Circle of Sports Journalists အဖွဲ့အစည်းက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ယူလီမာသည် သုံးဆင့်ခုန်ပြိုင်ပွဲတွင် ကမ္ဘာ့စံချိန်ကို ခုနှစ်ကြိမ်တိုင်တိုင်ရရှိထားသည့် ပြေးခုန်ပစ်မယ်တစ်ဦးဖြစ်ပြီး ကမ္ဘာ့ပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ၂၀၂၀ တိုကျိုအိုလံပစ်အပါအဝင် ရွှေတံဆိပ်ဆု ၁၄ ကြိမ်ထိရရှိထားပြီး ငွေတံဆိပ်ဆု နှစ်ကြိမ်ရရှိထားသည့် ပြေးခုန်ပစ်မယ် တစ်ဦးလည်း ဖြစ်သည်။

ယူလီမာသည် ဗင်နီဇွဲလားနိုင်ငံ၏ တစ်နှစ်တာအကောင်းဆုံး အားကစားသမားဆုအတွက် အခြားသော အားကစားလောကမှ နာမည်ကြီး ကစားသမားများကို ကျော်ဖြတ်ကာ ရွေးချယ်ခံခဲ့ရခြင်းလည်းဖြစ်သည်။

ယူလီမာသည် ၂၀၂၄ ခုနှစ် ပဲရစ်အိုလံပစ် အားကစားပြိုင်ပွဲအတွက် ပြင်ဆင်မှုများပြုလုပ်နေပြီး အိုလံပစ်ရွှေတံဆိပ်ဆုကိုကာကွယ်နိုင်ရေးအတွက် ပစ်မှတ်ထားလျက်ရှိသည်။

Circle of Sports Journalists အဖွဲ့အစည်းက "ဒီနှစ်အတွက် တစ်နှစ်တာအကောင်းဆုံးအမျိုးသမီး အားကစားသမားဆုကို ပြေးခုန်ပစ်မယ် ယူလီမာကဆွတ်ခူးခဲ့ပါတယ်။ ယူလီမာဟာ ၂၀၂၃ ခုနှစ်အတွင်း ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့မှာ ကျင်းပခဲ့တဲ့ 2023 World Athletics Championships ပြိုင်ပွဲကြီးရဲ့သုံးဆင့်ခုန်ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သလို ဆန်ဆယ်လ်ဗားဒေါ်နိုင်ငံမှာကျင်းပခဲ့တဲ့ Diamond League မှာလဲ ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့ပြီး ဗင်နီဇွဲလားနိုင်ငံရဲ့ ဂုဏ်ကို ဆောင်နိုင်ခဲ့ပါတယ်" ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# စပါးအသင်းဂိုးသမားလိုရစ်ကို မေဂျာလိဂ်ကလပ် အယ်လ်အေအက်ဖ်စီအသင်း ခေါ်ယူ

**ဝါရှင်တန် ဒီဇင်ဘာ ၃၁**

အမေရိကန်မေဂျာလိဂ်ကလပ် အယ်လ်အေအက်ဖ်စီအသင်းသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့တွင် စပါးအသင်းမှထွက်ခွာခွင့်ပြုထားသည့် ဂိုးသမားလိုရစ်ကို ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၃၇ နှစ်ရှိ ဂိုးသမားလိုရစ်သည် စပါးအသင်းနှင့်လာမည့် ဇွန်လတွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အသင်းတာဝန်ရှိသူများက ဇန်နဝါရီအပြောင်းအရွှေ့တွင် လွတ်လပ်စွာအသင်းပြောင်းရွှေ့နိုင်ကြောင်း ပြောကြားခဲ့သောကြောင့် မေဂျာလိဂ်ကလပ် အယ်လ်အေအက်ဖ်စီအသင်း၏ ကမ်းလှမ်းမှုကိုလက်ခံခဲ့ပြီး တစ်နှစ်စာချုပ်ချုပ်ဆိုခဲ့သကဲ့သို့ စာချုပ်ကုန်ဆုံးပါက တစ်နှစ်သက်တမ်းတိုးခွင့်ပါရှိကြောင်း သိရသည်။

ဂိုးသမား လိုရစ်သည် ၂၀၁၂ ခုနှစ်က လိုင်ယွန်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူ ၁၁ နှစ်ကျော် ပါဝင်ခဲ့ရာ ပြိုင်ပွဲစုံ ၄၄၆ ပွဲတွင် clean sheet ၁၅၁ ပွဲထိရရှိခဲ့သူဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် အသင်းကို ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ ပို့ဆောင်နိုင်ခဲ့သူဖြစ်သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက ဒဏ်ရာပြဿနာများနှင့်ရုန်းကန်ခဲ့ရာ ပြိုင်ပွဲစုံ ၂၅ ပွဲသာ ပါဝင်ခွင့်ရခဲ့သော်လည်း ယခုနှစ် နည်းပြပိုစတီကိုဂလူ လက်အောက်တွင် ပွဲထွက်ခွင့်မရတော့ဘဲ အသင်းကလည်း ၎င်းကို ထွက်ခွာခွင့်ပြုခဲ့သောကြောင့် အသင်းပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ဂိုးသမားလိုရစ်ကို လာဇီယို၊ နိုက်အပါအဝင် ဥရောပအသင်းကြီးများနှင့် ဆော်ဒီကလပ်အသင်းများက စိတ်ဝင်စားနေသော်လည်း ၎င်းအနေဖြင့် မေဂျာလိဂ်ကလပ်သို့သာ ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**




# နာပိုလီအသင်းမှထွက်ခွာလိုကြောင်း တိုက်စစ်မှူးဆီမြွန်နီ ပြောကြား

**ရောမ ဒီဇင်ဘာ ၃၁**

နာပိုလီအသင်း တိုက်စစ်မှူးဆီမြွန်နီသည် အသင်းတွင် ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးနေသောကြောင့် လာမည့်အပြောင်းအရွှေ့တွင် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ ဆီမြွန်နီသည် ယခုနှစ်ဘောလုံးရာသီနာပိုလီအသင်းတွင် အမှတ်ပေးပြိုင်ပွဲ နှစ်ပွဲသာ ပွဲထွက်ခွင့်ရရှိထားသောကြောင့် ၎င်းအနေဖြင့်ပွဲကစားခွင့်အာမခံချက်မရှိတော့ပါက အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း ပြောကြားခဲ့သည်။

ဆီမြွန်နီသည် ၂၀၂၂ ခုနှစ်က နာပိုလီအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် တိုက်စစ်မှူးအိုစီမန်နောက်တွင် ဒုတိယဦးစားပေးကစားသမားအဖြစ်ပါဝင်ခဲ့ရပြီး ပွဲထွက်ခွင့်အတွက် ကြိုးစားရုန်းကန်ခဲ့ရသော်လည်း အသင်းနှင့်ပါဝင်ခဲ့သည့် ပြိုင်ပွဲစုံတွင် သွင်းဂိုး ၁၁ ဂိုးထိသွင်းယူကာ အသင်းကို ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ဝေးကွာနေသည့် စီးရီးအေချန်ပီယံဆုဖလားကို ရယူပေးနိုင်ခဲ့ပြီး ယခုနှစ်တွင် အသင်းအနေဖြင့် တိုက်စစ်ပိုင်းတွင် အိုစီမန်၊ ရက်ပါဒိုရီ၊ပိုလီတာနို၊ကာဟာရှက်ရှီလီယာ တို့ကိုသာအသုံးပြုခဲ့ကာ ၎င်းသည်ပွဲကစားခွင့်မရရှိသောကြောင့် လာမည့် အပြောင်းအရွှေ့တွင် အသင်းမှထွက်ခွာရန်ဆန္ဒရှိနေသည်။

တိုက်စစ်မှူး ဆီမြွန်နီသည် နာပိုလီအသင်းနှင့်စာချုပ်သက်တမ်း ၂၄ လနီးပါးကျန်ရှိနေသော်လည်း အသင်းမှထွက်ခွာရန် ပြင်ဆင်နေသောကြောင့် ဥရောပထိပ်သီးကလပ်အသင်းများဖြစ်သည့် နယူးကာဆယ်၊ဝက်စ်ဟမ်း၊ဘက်တစ်၊ဗီလာရီးရဲလ်၊ ဒေါ့မွန်၊ ဖရန့်ဖတ်အသင်းတို့က ၎င်း၏ခြေစွမ်းပိုင်းကိုသဘောကျနေကာ အပြိုင်ကမ်းလှမ်းမှုများ ပြုလုပ်လျက်ရှိသည်။

လက်ရှိတွင် အာဂျင်တီးနားနိုင်ငံသား ဆီမြွန်နီသည် နာပိုလီအသင်းတွင်ကစားခဲ့သည့် မာရာဒိုနာအပါအဝင် နောက်ဆုံးအာဂျင်တီးနားကစားသမားအဖြစ်ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- အင်တာမီလန်အသင်းက အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် မက်ခီတာရန်းကို ၂၀၂၆ ခုနှစ်ထိလည်းကောင်း၊ ဒါမီရန်ကို ၂၀၂၅ ခုနှစ်ထိလည်းကောင်း၊ ဒီမာကိုကို ၂၀၂၇ ခုနှစ်ထိလည်းကောင်း သက်တမ်းတိုးစာချုပ်များချုပ်ဆိုခဲ့သည်။
- ၂၀၂၃ ခုနှစ်တွင် Google မှ ရှာဖွေကြည့်ရှုသူအများဆုံး ဘောလုံးသမားအဖြစ် တိုက်စစ်မှူးမက်ဆီက လအလိုက်ကြည့်ရှုသူ ၁၈ ဒသမ ၄ သန်းဖြင့် ထိပ်ဆုံးတွင်ရပ်တည်နိုင်ခဲ့ပြီး တိုက်စစ်မှူးစီရော်နယ်ဒိုက ကြည့်ရှုသူ ၁၅ ဒသမ ၂ သန်းဖြင့် ဒုတိယနေရာသို့ရောက်ရှိခဲ့ကြောင်း သိရသည်။
- ပရီးမီးယားလိဂ်ပွဲစဉ်တွင် မန်ယူအသင်းက နော်တင်ဟမ်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ၁၂ ပွဲထိရှုံးပွဲကြုံခဲ့ပြီး အသင်းသမိုင်းတွင် ၁၉၃၀ ပြည့်နှစ်တွင် ၂၈ ပွဲရှုံး၊ ၁၉၇၂ ခုနှစ်တွင် ၂၅ ပွဲရှုံး၊ ၁၉၂၁ ခုနှစ်တွင် ၂၄ ပွဲရှုံးခဲ့ပြီးနောက် စတုတ္ထမြောက်ရှုံးပွဲအများဆုံးနှစ်တစ်နှစ်ကိုပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။ ML

# တိုမီယာဆုကိုအငှားစေလွှတ်မည်ဖြစ်ကြောင်း အာဆင်နယ်အသင်းထုတ်ဖော်ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၃၁**

နာပိုလီအသင်းက အငှားစာချုပ်ဖြင့်ခေါ်ယူရန် ကြိုးပမ်းနေသည့် ခံစစ်ကစားသမားတိုမီယာဆုကို လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အငှားစေလွှတ်မည်ဖြစ်ကြောင်း အာဆင်နယ်အသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

စီးရီးအေချန်ပီယံ နာပိုလီအသင်းသည် အသင်းခံစစ်ပိုင်းတွင် နသန်ကိုဒဏ်ရာကြောင့်လက်လွှတ်ခဲ့ရသဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခံစစ်ကစားသမားတစ်ဦးခေါ်ယူရန် ကြိုးပမ်းခဲ့ရာ အာဆင်နယ်အသင်း ကစားသမားတိုမီယာဆုပါဝင်လာခဲ့ပြီး အာဆင်နယ်အသင်းကလည်း တိုမီယာဆုကို အငှားစေလွှတ်ပေးမည်ဖြစ်သည်။

အသက် ၂၅ နှစ်ရှိ တိုမီယာဆုသည် ယခုနှစ်အာဆင်နယ်အသင်း ခံစစ်ပိုင်းတွင် ပြိုင်ပွဲစုံတွင် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှုသုံးကြိမ်ထိပြုလုပ်၍ ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သော်လည်း ၎င်းသည် ဒီဇင်ဘာ ၃ ရက်တွင် ခြေသလုံးကြွက်သားဒဏ်ရာကြောင့် အနားယူခဲ့ရပြီး ကြံ့ခိုင်မှု အားနည်းသည့်အတွက် အာဆင်နယ်အသင်းက လာမည့်အပြောင်းအရွှေ့ကာလတွင် အငှားစေလွှတ်ရန် အုံ့အားသင့်ဖွယ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။




လက်ရှိတွင် နာပိုလီအသင်းက တိုမီယာဆုအပြင် အသင်းဖော်ကစားသမား ကီဝီရော်၊ စပါးတာပရက်ကစားသမား ဗီတစ်ခ်၊ အတ္တလန်တာကစားသမား စကယ်ဗီနီ၊ဂျီနိုအာကစားသမား ဒရာဂတ်ဆင်တို့ကိုခေါ်ယူရန် စောင့်ကြည့်နေပြီး အမှတ်ပေးပြိုင်ပွဲ ၂၈ ပွဲကစားအပြီးတွင် ရမှတ် ၂၈ မှတ်ရရှိခဲ့သဖြင့် ၂၀၀၇-၂၀၀၈ ဘောလုံးရာသီနောက်ပိုင်း အမှတ်ပေးပြိုင်ပွဲတွင် ရမှတ်အနည်းဆုံးဘောလုံးရာသီနှင့် ရင်ဆိုင်ခဲ့ရသောကြောင့် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် ခံစစ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အဓိကကြိုးပမ်းနေကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများ ဆက်လက်ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၃၁

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲနှင့်ဘော်လီဘောပြိုင်ပွဲများကို ယနေ့ နံနက် ၈ နာရီမှစတင်ပြီး နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် အားကစားရုံတို့တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ယနေ့နံနက်(၈)နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ် အားကစားရုံ၌ ဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကစားခဲ့ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို ကိုးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းကို လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ထို့နောက် ယနေ့ နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ အမျိုးသား ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကစားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အသင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

STA

# United Cup တင်းနစ်ပြိုင်ပွဲတွင် အမေရိကန်အသင်းက ဗြိတိန်အသင်းကိုအနိုင်ရရှိ

ပက်သ် ဒီဇင်ဘာ ၃၁

သြစတြေးလျနိုင်ငံ ပက်သ်မြို့တွင်ကျင်းပနေသည့် United Cup တင်းနစ်ပြိုင်ပွဲ၏ အုပ်စုအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်အသင်းနှင့် ဗြိတိန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အမေရိကန်အသင်းက (၂-၁)ရလဒ်ဖြင့်အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်အသင်းနှင့် ဗြိတိန်အသင်းတို့ပွဲစဉ်တွင် ပွဲစဉ်(၁) တစ်ဦးချင်းပွဲစဉ်အနေဖြင့် ဗြိတိန်အသင်းမှ ဘော်လ်တာနှင့် အမေရိကန်အသင်းမှ ပီဂူလာတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဘော်လ်တာက (၅-၇၊ ၆-၄ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ဗြိတိန်အသင်းက ဦးဆောင်ခွင့်ရခဲ့သည်။

ပွဲစဉ်(၂)တစ်ဦးချင်းပွဲစဉ်အဖြစ် ဗြိတိန်အသင်းမှ ကင်မရွန်းနော်ရီနှင့် အမေရိကန်အသင်းမှ တေလာဖရစ်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ တေလာဖရစ်ဇ်က (၇-၆ ၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိခဲ့ပြီး အမျိုးသား၊အမျိုးသမီးနှစ်ယောက်တွဲ ပွဲစဉ်အဖြစ် ဗြိတိန်အသင်းမှ ဘော်လ်တာနှင့်စကပ်စကီတို့အတွဲက အမေရိကန်အသင်းမှ ပီဂူလာနှင့်တေလာဖရစ်ဇ်တို့အတွဲနှင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အမေရိကန်အသင်းက (၁-၆ ၊ ၇-၆ ၊ ၁၀-၇) ရလဒ်ဖြင့်အနိုင်ရရှိခဲ့သည်။

အမေရိကန် အသင်းသည် United Cup တင်းနစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံအနေဖြင့် ပါဝင်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး ချန်ပီယံကို ကာကွယ်နိုင်ရန်လည်းအခွင့်အရေးကောင်းများပိုင်ဆိုင်ခဲ့သည်။

အမေရိကန်အသင်းအနေဖြင့် ဗြိတိန်အသင်းကိုအနိုင်ရရှိခဲ့ရာတွင် တေလာဖရစ်ဇ်က အကောင်းဆုံးအစွမ်းပြခဲ့သော်လည်း တေလာဖရစ်ဇ်သည် ကင်မရွန်းနော်ရီနှင့် ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်တွင် ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး ဒဏ်ရာအခြေအနေစိုးရိမ်ဖွယ်ရာမရှိသည့်အတွက်ကြောင့် အမေရိကန်အသင်းအတွက် အမျိုးသား၊အမျိုးသမီး နှစ်ယောက်တွဲပွဲစဉ်တွင် ဆက်လက်ပါဝင်ကစားပေးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# အယ်အာလီအသင်းမှထွက်ခွာရန်ပြင်ဆင်နေသည့် ဖာမီနိုကို ရှက်ဖီးလ်(U)အသင်းက အငှားစာချုပ်ဖြင့်ခေါ်ယူရန်ပြင်ဆင်နေ



လန်ဒန် ဒီဇင်ဘာ ၃၁

ရှက်ဖီးလ်(U) အသင်းက လာမည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ဆော်ဒီကလပ် အယ်အာလီအသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် ဖာမီနိုကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် ပြင်ဆင်နေလျက်ရှိကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ ဖာမီနိုသည် လီဗာပူးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၂၀၁၅ ခုနှစ်မှ ယခုနှစ် ဇွန်လထိကာလရှည် ကစားခဲ့ဖူးသူဖြစ်ပြီး အသင်းနှင့် ပြိုင်ပွဲစုံ ပွဲပေါင်း ၃၆၂ ပွဲထိပါဝင်ကစားခဲ့ကာ ၁၁၁ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးတိုက်စစ်ကစားသမားများမှ တစ်ဦးအပါအဝင်ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ဖာမီနိုသည် ပြီးခဲ့သည့် ဇွန်လကုန်က လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် ဆော်ဒီအာရေဗျကလပ် အယ်အာလီအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ၂၀၂၆ ခုနှစ်ထိ စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ခဲ့သော်လည်း အသင်းနှင့်တစ်ရာသီမကုန်ဆုံးမီမှာပင် ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဖာမီနိုကိုယ်တိုင်က လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ကလပ် အသင်းများသို့ပြန်လည်ပြောင်းရွှေ့ရန် ပြင်ဆင်နေသည့်အတွက် ရှက်ဖီးလ်(U)အသင်းက ကနဦးရာသီကုန်ထိ အငှားစာချုပ်ဖြင့်ခေါ်ယူရန်ပြင်ဆင်လျက်ရှိနေပြီး မကြာမီ ဆွေးနွေးမှုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : STA

# လာမည့်ဧပြီလတွင် ဘန်ချာမက်စ်နှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း ပက်ကွီအိုအတည်ပြု

ဗန်ကောက် ဒီဇင်ဘာ ၃၁

လက်ဝှေ့လောကမှ အနားယူထားသည့် ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွီအိုသည် ၂၀၂၄ ခုနှစ် ဧပြီ ၂၀ ရက်တွင် ထိုင်းကစ်ဘောက်ဆာဘုရင်ဟု တင်စားခံထားရသည့် ဘန်ချာမက်စ်နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ထိုးသတ်ယှဉ်ပြိုင်မည်ဖြစ်သည်ဟု ယနေ့တွင် အတည်ပြု ပြောကြားခဲ့ကြောင်း သိရသည်။

ပက်ကွီအိုသည် လက်ဝှေ့လောကတွင် မတူညီသောဝိတ်တန်းရှစ်ခု၌ ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သည့် လက်ဝှေ့သမားအဖြစ် မှတ်တမ်းဝင်ထားပြီး ဘန်ချာမက်စ်သည်လည်း ကစ်ဘောက်ဆာနှင့် မွေထိုင်းလက်ဝှေ့လောကတွင် ချန်ပီယံဆုများ အကြိမ်ကြိမ်ဆွတ်ခူးထားသူဖြစ်သည်။

ပက်ကွီအိုနှင့် ဘန်ချာမက်စ်တို့ပွဲစဉ်တွင် အနိုင်ရရှိသူအနေဖြင့် WBC Legend Belt ခါးပတ်ကို ဆွတ်ခူးရရှိမည်ဖြစ်သလို ဆုကြေးငွေအဖြစ် ထိုင်းဘတ်ငွေ ၁၀ သန်းထိခံစားခွင့်ရမည်ဖြစ်ပြီး ထိုးသတ်သွားမည့် ဝိတ်တန်းအနေဖြင့် စူပါဝယ်သာ ဝိတ်တန်းအဖြစ် သတ်မှတ်ထားသည်။

ဘန်ချာမက်စ်သည် ကစ်ဘောက်ဆာလောကတွင် စိန်ခေါ်ပွဲပေါင်း ၂၄၁ ပွဲထိထိုးသတ်ထားပြီး ၁၄ ပွဲရှုံးကာ ၂၄ ပွဲသရေရလဒ်ထွက်ပေါ်ထားသူဖြစ်သလို ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိထားသည့်ပွဲစဉ်ပေါင်း ၇၇ ပွဲထိရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL



# စပါးအသင်းက ဂျီနိုအာအသင်းမှ ခံစစ်ကစားသမားဒရာဂူဆင်ကို ခေါ်ယူရန်အတွက် ပုဂ္ဂိုလ်ရေးအရသဘောတူညီမှုရရှိ

လန်ဒန် ဒီဇင်ဘာ ၃၁

စပါးအသင်းက လိုအပ်ချက်များရှိနေသည့် အသင်းခံစစ်ပိုင်းအတွက် ဂျီနိုအာအသင်းမှလူငယ်ခံစစ်ကစားသမား ဒရာဂူဆင်ကို ခေါ်ယူရန်အတွက် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိခဲ့သည်။

စပါးအသင်းသည် လက်ရှိအသင်းဗဟိုခံစစ်ပိုင်းတွင် အဓိကကစားသမားဖြစ်သည့် ရှိမီယိုအနေဖြင့် ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည် ဖြစ်သည့်အတွက် နောက်ထပ် အဓိက ကစားသမားတစ်ဦးဖြစ်သည့် ဗန်ဒီဗန်မှာလည်း မည်သည့်အချိန်တွင် ပြန်လည်ကစားနိုင်မည်ကိုမသိရှိရသေးသောကြောင့် လာမည့်ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ခံစစ်ပိုင်းအတွက် အင်အားဖြည့်တင်းရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

အသက် ၂၁ နှစ်ရှိ ဒရာဂူဆင်သည် ဂျူဗင်တပ်အသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်က အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုခဲ့သော်လည်း အသင်းတွင်ကစားခွင့်နည်းပါးခဲ့ကာ ဆလာနီတာနာအသင်း၊ ဆမ့်ဒိုးရီးယားအသင်းနှင့် ဂျီနိုအာအသင်းတို့ထံ အငှားစာချုပ်များဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပြီးခဲ့သည့်ဇူလိုင်လက ဂျီနိုအာအသင်းသို့ အပြီးသတ်စာချုပ်ဖြင့်ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဒရာဂူဆင်သည် ယခုနှစ်ဘောလုံးရာသီတွင် ဂျီနိုအာအသင်းနှင့်အတူ အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိနေပြီး အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ အသင်းနှင့် စီးရီးအေပြိုင်ပွဲတွင် ၁၈ ပွဲထိပါဝင်ကစားပေးထားပြီး နှစ်ဂိုးသွင်းယူနိုင်သည်ထိခြေစွမ်းပြသလျက်ရှိနေသူဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : STA

# နှစ်သစ်မင်္ဂလာ အောင်ကြောင်းအဖြာဖြာ

**အာကာမောင်မောင်**

နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းလာတိုင်း နှစ်သစ်ကြိုဆို နှုတ်ခွန်းဆက်စကားတွေ ပြောကြားလေ့ရှိပါတယ်။ အဲဒီလို ပြောကြားတဲ့အခါတိုင်းမှာ နှစ်သစ်နဲ့အတူ လူသစ်စိတ်သစ်နဲ့အကောင်းတွေဖြစ်ဖို့ ဆုမွန်ကောင်းစကားပြောကြားကြပါတယ်။ အကောင်းဆိုတာ လူတိုင်းကြိုက်တဲ့ အရာပါပဲ။ အကောင်းကိုကြိုက်သလို အဆိုးကိုတော့ ရှုံရှာမုန်းတီးကြပါတယ်။ ဘယ်သူကမှ အဆိုးနဲ့ရင်ဆိုင်ကြုံတွေ့ချင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အဆိုးအကောင်း၊ အကျိုးနဲ့အကြောင်းဆိုတာ ဒွန်တွဲနေတတ်တာမို့ လူတိုင်းရဲ့ဘဝခရီးလမ်းမှာ အကောင်းတွေချည်းကြုံတွေ့ရတာမျိုး မရှိနိုင်ပါဘူး။ လောကဓံသဘောအရ အဆိုးနဲ့တွေ့ရင်လဲ ပြုံးပြုံးလေးရင်ဆိုင်လိုက်နိုင်တာ အကောင်းဆုံးပါပဲ။ အကောင်းဆုံးကို မျှော်လင့်ထားပေမဲ့ အဆိုးဆုံးနဲ့ ကြုံတွေ့ခဲ့ရင်လဲ ရဲရဲရင့်ရင့်ရင်ဆိုင်ကြရမှာ လောကဓမ္မတာပါပဲ။

အဟောင်းမှအသစ်ဆိုတာ လူသားတွေရဲ့မျှော်လင့်ချက်ပါပဲ။ ခရစ်နှစ် ၂၀၂၄ ခုနှစ်ဟာ ကမ္ဘာတစ်ဝန်းလုံး သတ်မှတ်ထားတဲ့ နှစ်ကူးအချိန်အခါ ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာတွေအနေနဲ့ ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်က မြန်မာနိုင်ငံကို ဗြိတိသျှလက်အောက်ခံနိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာသိအောင် ကြေညာခဲ့သည်ကို မေ့ပျောက်လို့မရပေမဲ့ ယောနိသောမနသိကာရကို နှလုံးသွင်းကာ အတိတ်ကဖြစ်ရပ်ဆိုးမျိုး ပစ္စုပ္ပန်နဲ့ အနာဂတ်မှာ ထပ်မကြုံစေဖို့ကိုသာ အထူးသတိပြုသင့်ပါတယ်။ လူတစ်ယောက်ချင်းစီရဲ့ဘဝမှာ ၂၀၂၃ ခုနှစ်ထက် အခုရောက်ရှိတဲ့ ၂၀၂၄ ခုနှစ်မှာ ပိုမိုတိုးတက်အောင် ဘယ်လိုကြိုးစားလုပ်ဆောင်မယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်နဲ့ မဖြစ်မနေလုပ်ဆောင်ဖို့ လိုအပ်လှပါတယ်။

ဗုဒ္ဓဘာသာဝင်တွေအတွက်တော့ ဗုဒ္ဓမြတ်စွာရဲ့ လူမှုရေးအဆုံးအမ တရားတော်တွေနဲ့ ဗုဒ္ဓဘာသာရဲ့ သိအပ်တဲ့အခြေခံအချက်အလက်တွေကို သိရှိနေသင့်ပါတယ်။ အလားတူ အခြားသောဘာသာဝင်တွေကလဲ မိမိတို့ဘာသာတရားရဲ့ အဆုံးအမတွေ၊ အခြေခံအချက်အလက်တွေကို သိရှိလိုက်နာဖို့ လိုအပ်ပါတယ်။ ဘာသာတိုင်းမှာ တူညီစွာရှိတာဟာ မေတ္တာတရားပါပဲ။ မေတ္တာဆိုတာ အလျားအနံမရှိပေမဲ့ အသွားအပြန်တော့ရှိပါတယ်ဆိုတဲ့အတိုင်း ကောင်းကျိုးကိုပေးပါတယ်။ ဒါကြောင့် ဘာသာတရားရဲ့အဆုံးအမတွေဟာ လွန်စွာပဲ အရေးပါလှပါတယ်။

နှစ်သစ်ကို ကူးပြောင်းရောက်ရှိလာတာနဲ့အမျှ လူတစ်ယောက်ချင်းစီရဲ့ရင်ထဲမှာ မကောင်းမှုတွေကို အဝေးက ရှောင်ကြဉ်ကြမယ်၊ စာရိတ္တမဏ္ဍိုင်ကို ကြံ့ခိုင်ရင့်သန်အောင် ထိန်းထားမယ်၊ မိမိကိုပေးအပ်လာတဲ့ တာဝန်တွေကို တာဝန်သိမှု၊ နားလည်မှု၊ ဇွဲရှိမှု၊ သည်းခံမှုနဲ့ ဖြူစင်ဖြောင့်မတ်တဲ့စိတ်ထားနဲ့ ဆောင်ရွက်မယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်အားကိုးပြီး အမြဲပျော်ရွှင်အောင်နေထိုင်မယ်၊ မိတ်ဆွေသူငယ်ချင်းကောင်းတွေကို ရွေးချယ်ပေါင်းသင်းမယ်၊ တိုးတက်တဲ့လူမှုဘဝကိုပိုင်ဆိုင်ဖို့ မကုန်ဆုံးနိုင်တဲ့ပညာတွေ သင်ယူမယ်၊ နိုင်ငံတကာသုံး ဘာသာစကားကိုလဲ တတ်မြောက်အောင် ကြိုးစားမယ်ဆိုတဲ့ ရည်မှန်းချက်တွေနဲ့ အောင်မြင်အောင် လုပ်ဆောင်စေချင်ပါတယ်။ တစ်ယောက်ချင်း အောင်မြင်မှုတွေများလာရင် နိုင်ငံအတွက် တတ်သိနားလည်ပြီး ပြည့်ဝတဲ့ဦးဆောင်သူတွေ ဖြစ်လာပါလိမ့်မယ်။

ဒါကြောင့်မို့ နှစ်သစ်ကိုကူးပြောင်းရောက်လာတာနဲ့အတူ နိုင်ငံအတွင်းမှီတင်းနေထိုင်သူ လူကြီး၊ လူငယ်မရွေး၊ အဆင့်အတန်းမရွေး တိုးတက်ကြီးပွားကြပါစေလို့ ဆုတောင်းပေးပါတယ်။ တိုးတက်ကြီးပွားအောင် လုပ်ဆောင်တဲ့နည်းလမ်းကို ပြောပါဆိုရင်တော့ ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ ရိုးသားမှုပါပဲ။ ရိုးသားစွာပြုမူနေထိုင်သူတစ်ယောက်ဖြစ်လာရင်တော့ လူတိုင်းရဲ့ ယုံကြည်ကိုးစားမှုကိုခံရမှာပါပဲ။ ရိုးသားမှုနဲ့ကြိုးစားမှုဟာ ဘဝတစ်ခုရဲ့ အောင်မြင်မှုအစစ်အမှန်နည်းလမ်းပါပဲ။ ကြိုးစားမှုဆိုတဲ့နေရာမှာ ပညာပါပဲ။ ပညာရအောင် ကြိုးစားနေကြဖို့ပါပဲ။ အသိပညာ၊ အတတ်ပညာကိုသာ ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားနိုင်မယ်ဆိုရင် လူ့ဘဝဆိုတာ ပန်းခင်းလမ်းပါပဲ။ စာအုပ်ထဲမှာရှိနေတဲ့ အတတ်ပညာနဲ့ သူတစ်ပါးလက်ထဲမှာရှိနေတဲ့ဥစ္စာဟာ ကိုယ်ပိုင်မဟုတ်ပါဘူး။ အကြောင်းကိစ္စပေါ်ပေါက်လာတဲ့အခါမှာ အသုံးချလို့မရပါဘူး။ ဒါကြောင့် နှစ်သစ်မှာလူတိုင်း ပညာတွေ အများကြီးတတ်ကြပါစေ၊ ပစ္စည်းဥစ္စာတွေအများကြီးချမ်းသာကြွယ်ဝနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။

၁၉၉၂ ခုနှစ်က ထုတ်ဝေပေးထားတဲ့ နိုင်ငံ့ရတနာဆုံးမစာများစာအုပ်ဟာ လူတိုင်းအတွက် အလွန်ပဲ အသုံးဝင်လှပါတယ်။ သုတ၊ ရသ၊ ဓမ္မ စတာတွေကနေ အနှစ်ချုပ်ဖော်ပြထားတာမို့ မိမိတို့တစ်ယောက်ချင်းအတွက် ကောင်းမွန်သလို နိုင်ငံတော်အတွက်လဲ အသုံးဝင်လှပါတယ်။ "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်စေမင်း"ဆိုတဲ့ လောကသာရပျို့မှာပါရှိတဲ့အတိုင်း လူတစ်ယောက်ချင်းက လိုက်နာကြမယ်ဆိုရင် နိုင်ငံတော်အတွက်လဲ

> ❖ နှစ်သစ်ကို ကူးပြောင်းရောက်ရှိလာတာနဲ့အမျှ လူတစ်ယောက်ချင်းစီရဲ့ရင်ထဲမှာ မကောင်းမှုတွေကို အဝေးကရှောင်ကြဉ်ကြမယ်၊ စာရိတ္တမဏ္ဍိုင်ကို ကြံ့ခိုင်ရင့်သန်အောင်ထိန်းထားမယ်၊ မိမိကိုပေးအပ်လာတဲ့တာဝန်တွေကို တာဝန်သိမှု၊ နားလည်မှု၊ ဇွဲရှိမှု၊ သည်းခံမှုနဲ့ ဖြူစင်ဖြောင့်မတ်တဲ့စိတ်ထားနဲ့ ဆောင်ရွက်မယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်အားကိုးပြီး အမြဲပျော်ရွှင်အောင်နေထိုင်မယ်၊ မိတ်ဆွေသူငယ်ချင်းကောင်းတွေကို ရွေးချယ်ပေါင်းသင်းမယ်၊ တိုးတက်တဲ့လူမှုဘဝကို ပိုင်ဆိုင်ဖို့ မကုန်ဆုံးနိုင်တဲ့ပညာတွေ သင်ယူမယ်၊ နိုင်ငံတကာသုံး ဘာသာစကားကိုလဲ တတ်မြောက်အောင်ကြိုးစားမယ်ဆိုတဲ့ ရည်မှန်းချက်တွေနဲ့ အောင်မြင်အောင် လုပ်ဆောင်စေချင်ပါတယ်။ ❖

ဂုဏ်ယူဖွယ်ရာဖြစ်လာမှာပါ။

လက်ရှိနိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေကို ဦးတည်ချက် (၉)ရပ်နဲ့ အကောင်အထည်ဖော်နေပါတယ်။ စီးပွားရေးဦးတည်ချက်တွေကို စေ့စေ့စပ်စပ်လေ့လာမယ်ဆိုရင် မဖြစ်နိုင်တဲ့အရာကနေ စပြီးလုပ်ဆောင်တာမျိုးမဟုတ်ပါဘူး။ စိုက်ပျိုးရေးနဲ့မွေးမြူရေးကို ခေတ်မီနည်းစနစ်တွေနဲ့တိုးတက်အောင်ဆောင်ရွက်နေပြီး အခြားစီးပွားရေးကဏ္ဍကိုလဲ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေတာဟာ ပြည်ပကနေသွင်းကုန်တွေလျှော့ပြီး မိမိတို့နိုင်ငံကနေ ပြည်ပကိုပို့တဲ့ကုန်တွေ အများကြီးရှိဖို့ပါပဲ။ တိုင်းပြည်စီးပွားရေးကောင်းမွန်ဖို့ဆိုရင် ထွက်ကုန်များများရရှိအောင် ဆောင်ရွက်နိုင်ရပါမယ်။ ဒါကို နိုင်ငံတော်အစိုးရက လုပ်ဆောင်နေတာမို့ ၂၀၂၄ ခုနှစ် နှစ်သစ်မှာ ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းပေးပါတယ်။

လူမှုရေးဦးတည်ချက်မှာ "နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး"ဆိုတဲ့ အချက်ပါရှိပါတယ်။ ဒါဟာ လူငယ်တွေအပေါ်ထားရှိတဲ့ နိုင်ငံတော်အစိုးရရဲ့ စေတနာနဲ့ ဆောင်ရွက်ချက်တွေဖြစ်ပါတယ်။ လူငယ်ဆိုတာ နိုင်ငံအတွက် သားကောင်းရတနာတွေဖြစ်သလို နိုင်ငံတော်ရဲ့အနာဂတ်အတွက် လင်းလက်တောက်ပတဲ့ ကြယ်ပွင့်ကလေးတွေလဲ ဖြစ်ပါတယ်။ လူငယ်တိုင်း ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုတဲ့ ဗလငါးတန်ပြည့်ဝနေဖို့လိုပါတယ်။ လူငယ်တွေလမ်းမှားရောက်အောင် ဆွဲဆောင်စည်းရုံးဟောပြောကြတဲ့သူအပေါင်းဟာ အမှန်တကယ်တော့ ပါဏာတိပါတ်ကို ကျူးလွန်လိုက်သူတွေပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်နေတာဖြစ်လို့ လူငယ်တိုင်းက မိမိတို့ရဲ့ဘဝတက်လမ်းအတွက် အသိပညာ၊ အတတ်ပညာတွေ မြင့်မားတိုးတက်အောင် စွမ်းဆောင်ကြစေချင်ပါတယ်။ ဒါကြောင့် လူငယ်တွေအတွက် ၂၀၂၄ ခုနှစ် နှစ်သစ်ဆုတောင်းမှုပြုချင်တာကတော့ လူငယ်တိုင်း နိုင်ငံတော်ရဲ့ အနာဂတ်မှာ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း တိုင်းပြည်နဲ့လူမျိုးကို မှန်ကန်တဲ့နည်းလမ်းနဲ့ ချစ်မြတ်နိုးသူတွေဖြစ်ကြပါစေလို့ ဆုတောင်းပေးပါတယ်။

မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး ပေါင်းစည်းနေထိုင်တဲ့နိုင်ငံ ဖြစ်တဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးခိုင်မာနေဖို့ အထူးလိုအပ်ပါတယ်။ စည်းလုံးညီညွတ်တာ၊ အေးချမ်းသာယာတာတွေရဲ့ဆန့်ကျင်ဘက်ဟာ ပစ်ခတ်တိုက်ခိုက်နေမှုတွေဖြစ်ပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုတွေရှိနေသမျှကာလပတ်လုံး တိုင်းပြည်တည်ငြိမ်တိုးတက်ရေးကို အဟန့်အတားဖြစ်နေမှာပါ။ ဒါကြောင့် နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေကြားတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)မှာ သဘောတူလက်မှတ်ရေးထိုးထားတာဖြစ်ပါတယ်။ အဲဒီလို လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားဒေသနယ်မြေတွေမှာ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေကို စံစားနေကြရပြီဖြစ်ပါတယ်။ လက်မှတ်ရေးထိုးခြင်းမရှိဘဲ ပြည်ပက သွေးထိုးလှုံ့ဆော်မှုတွေ၊ မိမိတို့အဖွဲ့ရဲ့ကိုယ်ကျိုးစီးပွားအတွက် ဦးတည်ပြီးနေတဲ့ အဖွဲ့တွေရှိတဲ့ နေရာဒေသတွေမှာတော့ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေပါတယ်။ ဒါတွေဟာ လက်တွေ့မျက်မြင် အရှိတရားပါပဲ။ အသိသတိနဲ့ဆင်ခြင်နိုင်ဖို့လိုပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေးဆိုတဲ့ ဦးတည်ချက်နဲ့ လုပ်ဆောင်နေပါတယ်။ ဒီလို လုပ်ဆောင်နေတာနဲ့အတူ ငြိမ်းချမ်းရေးတံခါးကိုလဲ ဖွင့်ထားပါတယ်။ တံခါးဖွင့်ပြီး ဝင်ကြည့်ကြရမဲ့အစား တံခါးနားကိုပင် ရောက်အောင်မလာဘဲ ထင်ရာမြင်ရာ စိတ်မှန်းနဲ့ ပြောဆိုနေတာဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖျက်ဆီးနေသလိုပါပဲ။ အဲဒီလို လက်နက်ကိုင်တွေရှိတဲ့နေရာဒေသတွေမှာ လက်နက်ကိုင်အဖွဲ့တွေရဲ့ စွမ်းဆောင်မှုကြောင့် တိုးတက်ထွန်းကားတာ မမြင်မတွေ့ရပေမဲ့ မူလကထက် ပိုမိုပျက်စီးဆုံးရှုံးသွားတာမျိုးကတော့ အထင်အရှားပါပဲ။ ဒါကြောင့် တိုင်းရင်းသားလက်နက်ကိုင်တွေအားလုံးက ၂၀၂၄ ခုနှစ် နှစ်သစ်အချိန်အခါမှာ "မိမိတို့အဖွဲ့တွေရဲ့ လုပ်ဆောင်ချက်တွေကြောင့် ပြည်သူတွေဘဝတိုးတက်နေပြီလား"လို့ စေ့စေ့စပ်စပ်စဉ်းစားစေချင်ပါတယ်။ အများပြည်သူကောင်းကျိုးကို အမှန်တကယ်သယ်ပိုးလိုစိတ်၊ စိတ်ရင်းအမှန်ရှိနေတယ်ဆိုရင်တော့ NCA လမ်းကြောင်းပေါ်မှာ လျှောက်လှမ်းရင်းမိမိတို့ပြည်နယ်၊ မိမိတို့နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းချင်ပါတယ်။

နှစ်ဟောင်းမှာဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ်ဆိုးတွေ နှစ်ဟောင်းမှာ ကျန်ရစ်ပါစေ။ ပြည်သူအတွက် လို့သုံးနှုန်းပြီး ရဟန်းသံဃာတွေ၊ ဆရာ၊ ဆရာမတွေ အပါအဝင် နိုင်ငံ့ဝန်ထမ်းတွေနဲ့ အပြစ်မဲ့ပြည်သူတွေကို ငါနှင့်မတူငါ့ရန်သူသတ်မှတ်ပြီး အကြောင်းမဲ့သတ်ဖြတ်တာ၊ လုယက်ဓားပြတိုက်တာ၊ ပြန်ပေးဆွဲတာ၊ ရထားလမ်း၊ တံတား၊ တာဝါတိုင်တွေကို အကြောင်းမဲ့ဖျက်ဆီးတာတွေလုပ်ဆောင်နေတဲ့ CRPH၊ NUG နဲ့ PDF အမည်ခံ အကြမ်းဖက်အုပ်စုတွေ၊ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းတွေ ပပျောက်ပါစေ။

နှစ်သစ်မှာ မကောင်းတဲ့ ဘေးရန်အပေါင်း လွင့်စဉ်ကွယ်ပျောက်ပြီး မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပါစေ။ ဆရာတော် သံဃာတော်တွေရဲ့ သာသနာဆိုင်ရာ ဆောင်ရွက်ချက်တွေ အောင်မြင်ပြီးမြောက်ပြီး သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ကာ ထွန်းလင်းတောက်ပနိုင်ပါစေ။ ဘာသာသာသနာကို ပျက်စီးအောင်ဖျက်ဆီးနေသူတွေ ကျဆုံးပါစေ။ မြန်မာနိုင်ငံရဲ့ပိုင်နက်မြေပြင်၊ ရေပြင်၊ ဝေဟင်ကို ကာကွယ်စောင့်ရှောက်လျက်ရှိတဲ့ တပ်မတော်ကြီး အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်ခေတ်မီတဲ့ တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်ပါစေ။

ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုတဲ့အတိုင်း အနာဂတ်မှာ နိုင်ငံတော်ရဲ့တာဝန်တွေကိုလက်ဆင့်ကမ်းထမ်းဆောင်ကြရမဲ့ ယနေ့လူငယ်မောင်မယ်၊ ကျောင်းသား၊ ကျောင်းသူတွေ အသိပညာ၊ အတတ်ပညာကြွယ်ဝပြီး နိုင်ငံနဲ့လူမျိုးကို ချစ်မြတ်နိုးသူတွေဖြစ်ကြပါစေ။ နိုင်ငံ့ဝန်ထမ်းတွေအားလုံး နိုင်ငံ့ဝန်ထမ်းပီသစွာ နိုင်ငံတော်ရဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး တိုင်းပြည်သာယာဝပြောရေးကို ဆောင်ရွက်နိုင်ကြပါစေလို့ နှစ်သစ်မှာဆုတောင်းမှုပြုပါတယ်။ ဒါ့ပြင် နိုင်ငံတော်ရဲ့စားရေရိက္ခာဖူလုံရေး ကြိုးပမ်းဆောင်ရွက်နေကြတဲ့ တောင်သူလယ်သမားဦးကြီးတွေရဲ့လုပ်ငန်းတွေ အောင်မြင်ပါစေ။ အလုပ်သမားတွေလဲ အလုပ်အကိုင် အခွင့်အလမ်းတွေပေါများပြီး အများပြည်သူရဲ့အကျိုး သယ်ပိုးနိုင်ကြပါစေ။ နိုင်ငံသူ၊ နိုင်ငံသားတွေလဲ မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာတရားရဲ့ အဆုံးအမအောက်မှာ မိမိကိုယ်ကိုကောင်းစွာစောင့်ရှောက်နိုင်သူတွေ ဖြစ်ကြပါစေ။ တစ်ဦးအပေါ် တစ်ဦး မေတ္တာထားနိုင်ကြပါစေ။

လက်ရှိ လူသားတို့မှာ မေတ္တာဓာတ်ခေါင်းပါးလာမှုကြောင့် ဆွေမျိုးတွေပျက်စီးတာ၊ စီးပွားဥစ္စာပျက်စီးတာ၊ အနာရောဂါဖြစ်ပြီး ပျက်စီးတာ၊ မှားတဲ့အယူ ယူမိလို့ အယူမှန်ပျက်စီးတာ၊ ကိုယ်ကျင့်သီလပျက်စီးတာတွေဟာ မေတ္တာတရားယိုယွင်းတာကြောင့် ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်ဟာ မြန်မာတို့အတွက် အပြုသဘောဆောင်မဲ့အပြောင်းအလဲ သက်ဝင်လှုပ်ရှားမှုတွေ စတင်သန္ဓေတည်မဲ့နှစ်ဖြစ်ပါတယ်။ တစ်ဖက်မှာ သောင်ထွန်းရင် တစ်ဖက်မှာကမ်းပြိုလေ့ရှိတဲ့ သဘာဝအရဆိုးရွားမှုတွေ ကမ်းပြိုခဲ့ပြီးပြီမို့ ၂၀၂၄ ခုနှစ်မှစပြီး ကောင်းမွန်တဲ့အသီးအပွင့်တွေ ပေါ်ထွန်းလာပါစေကြောင်း ဆုတောင်းလိုက်ပါတယ်။

**ကိုးကား**

- **ရင်နှစ်သည်းချာ နိုင်ငံ့ရတနာ ဆုံးမစာများ (ရန်ကုန်တိုင်းစစ်ဌာနချုပ်)**
- **နေ့စဉ်ထုတ် သတင်းစာများ**

# စိတ်ကြိုးစေရာ ရုပ်သံဇာတ်လမ်းတွဲကို ဇန်နဝါရီ ၂ ရက်တွင် Hey Play Application မှ ထုတ်လွှင့်သွားမည်




**ရန်ကုန် ဒီဇင်ဘာ ၃၁**

မီးမီးမွေးရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် စိတ်ကြိုးစေရာ ရုပ်သံဇာတ်လမ်းတွဲကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် Hey Play Application မှ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့တို့တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် မင်းသူက ပြောပြ၍ သိရသည်။

စိတ်ကြိုးစေရာ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ပိုင်စိုးသူမောင်က ရေးသားထားခြင်းဖြစ်ကာ ဇာတ်ညွှန်းကို ပိုင်စိုးသူမောင်နှင့် ယမင်းဖြိုးဝေတို့က ရေးထားခြင်းဖြစ်ပြီး ဒါရိုက်တာများအဖြစ် ဇီဇဝါ၊ ဝင့်ဉမ္မာကျော်၊ ဂဠုန်၊ စိုးပြည့်နှင့် မျိုးချစ်မောင်တို့က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"စိတ်ကြိုးစေရာ ဇာတ်လမ်းက ကျောင်းဆင်းပွဲတစ်ခုမှာ တစ်ကျောင်းလုံးရဲ့ Queen ကျောင်းသူလေး တစ်ယောက် ပဟေဠိဆန်စွာ အသက် ဆုံးရှုံးသွားတာဖြစ်ပါတယ်။ ဒီလိုရုပ်ဆိုးအကျည်းတန်ခဲ့ရတဲ့ ကျောင်းနှုတ်ဆက်ပွဲတစ်ခုရဲ့ နောက်ကွယ်မှာ အုံ့ဩတုန်လှုပ်ဖွယ်ကောင်းတဲ့ လျှို့ဝှက်ချက်တွေပါ ကိန်းအောင်းနေတဲ့ နောက်ဆက်တွဲ ဖြစ်ပေါ်လာမဲ့အဖြစ်အပျက်တွေကို သည်းထိတ်ရင်ဖို စိတ်လှုပ်ရှားစရာခံစားရမဲ့ ဇာတ်လမ်းတွဲတစ်ခုလဲဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲကို M Entertainment Channel မှာလဲပြသပြီးဖြစ်ပါတယ်။ အားပေးတဲ့ပရိသတ်တွေကြောင့် Hey Play Application ကနေ ထပ်မံထုတ်လွှင့်သွားမှာဖြစ်ပါတယ်"ဟု သရုပ်ဆောင် မင်းသူက ပြောပြသည်။

အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ရှိန်းတင်ထူး၊ နေရှိုင်း၊ အဒမ်ဦး၊ မင်းသူ၊ နော်ဖောအယ်ထား၊ ခင်ရတီသင်း၊ စိုးမိုးကြည်၊ သက်ပိုင်၊ ရဲနိုင်ကျော်၊ နော်အိမ့်ခြူးမိုးမြင့်၊ တီစောနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Netflix ၏ ကြည့်ရှုမှုအများဆုံးဇာတ်ကားထဲတွင် The Marine ဇာတ်ကားပါဝင်နေ

**နယူးယောက် ဒီဇင်ဘာ ၃၁**

မင်းသားဂျွန်ဆီနာ၏ ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်သည့် The Marine ဇာတ်ကားသည် Netflix အွန်လိုင်းရုပ်ရှင်၏ ကြည့်ရှုမှုအများဆုံးဇာတ်ကားများထဲတွင် ပါဝင်နေကြောင်း ဒီဇင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

The Marine ဇာတ်ကားကို ၂၀၀၆ ခုနှစ်တွင် ရုံတင်ပြသခဲ့စဉ်က အောင်မြင်မှုမရခဲ့ကြောင်း၊ လက်ရှိတွင် The Marine ဇာတ်ကားသည် Netflix ၏ အွန်လိုင်းရုပ်ရှင်ထုတ်လွှင့်ရေးစနစ်တွင် ကြည့်ရှုချိန်နာရီပေါင်း ၇ ဒသမ ၆ သန်းနှင့် ကြည့်ရှုမှုပေါင်း ၅ သန်းထိရှိထားကြောင်း သိရသည်။

The Marine ဇာတ်ကားသည် ဒီဇင်ဘာ ၁၈ ရက်နှင့် ၂၄ ရက်ကြားကာလအတွင်း ကြည့်ရှုချိန်နာရီပေါင်း ၇ ဒသမ ၆ သန်းထိ ရှိလာခဲ့ခြင်းဖြစ်သည်။

The Marine ဇာတ်ကားကို ဒါရိုက်တာဂျွန်ဘိုနီတိုက ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဂျွန်ဆီနာအပြင် မင်းသားရောဘတ်ပက်ထရစ်နှင့် အန်တိုနီရေးပါကားတို့လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ကျောက်ခက်ရွှေငါးသုံးကောင်ရုပ်များ ဝင်ရောက်လာ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရ လက်ဆောင်ပစ္စည်းဈေးကွက်သို့ ကျောက်ခက်ရွှေငါးသုံးကောင်ရုပ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ကျောက်ခက်ရွှေငါးသုံးကောင်ရုပ်များကို ပိတောက်ကျီးပေါင်းသားဖြင့် ထုလုပ်ထားခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး ရွှေသာလျောင်းဘုရားကြီး ပန်းပုတန်းမှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ဝင်ရောက်လာကြောင်း သိရသည်။

"ဒီဇင်ဘာလကုန်ခါနီးမှာ နှစ်သစ်အတွက်ဆိုပြီး ပဲခူးရွှေသာလျောင်းဘုရားကြီး ပန်းပုတန်းကနေ



ကျောက်ခက်ရွှေငါးရုပ် စုစုပေါင်း ၃၀ လောက် ဝင်လာပါတယ်။ အရုပ်တစ်ရုပ်ကို ငွေကျပ် ၁၆၀၀၀၀ လောက် ပေါက်ဈေးရှိပါတယ်။ ပိတောက်ကျီးပေါင်းသားနဲ့ ထုလုပ်ထားတာဖြစ်ပါတယ်။ ကျောက်ခက်ရွှေငါးတွေက ပုံစံအမျိုးမျိုးနဲ့ ဈေးကွက်ထဲကို မကြာမကြာဝင်တတ်ပါတယ်။ သူက အဝယ်ရှိတဲ့အတွက် ထုလုပ်သူလဲ များပါတယ်"ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

ကျောက်ခက်ရွှေငါးသုံးကောင်ရုပ်မှာ အလျား ၁၇ ဒသမ ၅ လက်မ၊ အမြင့် ၁၆ လက်မ၊ ဒု ၃ ဒသမ ၅ လက်မ အရွယ်အစားရှိပြီး အရုပ်စုစုပေါင်း ၃၀ ခန့် ဝင်ရောက်ထားခြင်းဖြစ်ကြောင်း၊ လတ်တလောတွင် အရုပ် ငါးရုပ်ခန့် မှာယူထားသူရှိကြောင်း သိရသည်။ ASH

# Godzilla ဇာတ်ကားများအနက် Godzilla Minus One က ဝင်ငွေအကောင်းဆုံးဖြစ်လာ

**နယူးယောက် ဒီဇင်ဘာ ၃၁**

Godzilla Minus One ဇာတ်ကားသည် ဂျပန်ဘာသာစကားပြော Godzilla ဇာတ်ကားများအနက် ဝင်ငွေအကောင်းဆုံး ဇာတ်ကားဖြစ်လာကြောင်း ဒီဇင်ဘာ ၃၁ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Godzilla Minus One ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၇၈ သန်းထိ ရရှိထားသည်။

အထက်ပါဝင်ငွေအရ Godzilla Minus One ဇာတ်ကားသည် Shin Godzilla (2016) ဇာတ်ကားကိုကျော်လွန်၍ ဂျပန်ဘာသာစကားပြော Godzilla ဇာတ်ကားများအနက် ကမ္ဘာတစ်ဝန်း ဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်လာခဲ့သည်။

Shin Godzilla(2016)ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၉ သန်းရရှိခဲ့သည်။

Godzilla Minus One ဇာတ်ကားကို ဒါရိုက်တာ တာကာရှီယာမာဇာကီက ရိုက်ကူးပေးထားပြီး ဂျပန်သရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားသည်။

Godzilla Minus One ဇာတ်ကားကို ဒီဇင်ဘာ ၁ ရက်တွင် နိုင်ငံတကာဈေးကွက်၌ စတင်ရုံတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# ညောင်ဦးမြို့နယ် ကောင်းညိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထီးပုကျေးရွာအုပ်စု ကောင်းညိုကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးစိုင်းသက်ပိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းမူဘောင်နှင့် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ စီမံကိန်းရန်ပုံငွေစာရင်းဇယားများစနစ်တကျဖြည့်စွက်ရေးသွင်းရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးစိုင်းသက်ပိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကောင်းညိုကျေးရွာ၌ ပထမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing extends New Year Greetings for 2024

National brethren of the Republic of Union of Myanmar, I wish you all health and happiness at this time when the year 2023 ends and the year 2024 begins. I also pray for a risk-free world for all the global peoples and a peaceful human community where love and unity prevails.

During 2023, the country faced some hardships and challenges, but the government and the national people were able to successfully overcome them through cooperation. Persons, who have no wish to develop the country peacefully and democratically, generated public disturbances by applying various methods. Hence, the country experienced negative impacts from the damages caused to State-owned property and public-owned property by destructive acts. If there were no such acts and incidents, our country would be gaining greater progress. In fact, it is a lesson for us all. We must overcome all obstacles with the love for our country and race and unity. In 2024 also, the government will join hands with the people in successfully implementing the adopted national goals, political goals, roadmap, and objectives.



Senior General Min Aung Hlaing extends New Year Greetings.

Economic growth is our main endeavour. Our efforts will also be centred on further promotion of farming-based MSMEs and the education sector. In this regard, collective participation of all the country's ethnic peoples has become a must for national peace and stability and socio-economic development. In accord with the motto **"Move forward to the goal"**, the government will endeavour to build a better nation and improve the socioeconomic life in the interest of the country and the people.

The government will undertake a nation-wide population and housing census in 2024. The census will produce figures and social factors that will be useful for our country's social, economic and management affairs. Moreover, they will also be useful in ensuring correctness and completeness of the voter list, the foundation of the free and fair multiparty democracy election and the ultimate goal of the government. The participation of the entire people in conducting the census is also essential.

The country regained independence 76 years ago, but it failed to achieve the deserved progress due to certain reasons. If we desire national prosperity and progress, firstly, we must obey the law, secondly, we must have discipline and unity, thirdly, we must make inclusive efforts for all school age children to attend classes with a vision for future, and fourthly, we must invest our financial capacity or physical ability for production growth. Every activity needs strength, and a happy family is a must. We must continue to bring all the matters that are beneficial to the country and leave behind all negative thoughts, views and acts of the previous year, and let us all march to our aspired new country with sympathy, delightfulness and loving kindness for one another in a community free from racism, religious extremism and localism. With this I conclude my New Year Greetings.

# 49 container vessels to arrive at international ports in Yangon in January 2024

**Yangon December 31**

Myanma Port Authority on 29 December stated that a total of 49 container vessels from 13 international container lines are slated to arrive at Yangon ports in January 2024.

Container vessels regularly arrive at Yangon ports as trading is used along maritime trade route.

MPA plans to release information about increased number of container vessels to Yangon as information for businesspersons.

In January, Yangon international ports will admit docking of seven container vessels each from Samudera shipping line and Sealand Maersk Asia line, six from Cosco Shipping line, five from SITC shipping line, four each from CMA-CGM and MSC Line, four from Ti2 container line, three each from One line and RCL line, two each from BLPL line and Ever Green line, one each from Bay LINE AND Inter Asia line, totalling 13 international container shipping lines.

According to the public-private partnership, Yangon facilitates 27 jetties for docking of international ocean-liners and 20 in Thalaway port, totalling 47 are providing services to international ocean-liners.

336

# Ayadaw Township completes cultivation of more than 4,000 acres of green gram this year

**Ayadaw December 31**

A total of 4,189 acres of green gram has been cultivated in Ayadaw Township of Sagaing Region this cultivation season, according to the Monywa District Agriculture Department.

In 2023-24 financial year, Ayadaw Township earmarked cultivation of 4,148 acres of green gram. Starting from October 2023, local farmers have grown 4,189 acres of green gram.

"This year, we planned to grow 4,148 acres of green gram in the township but local farmers have cultivated 4,189 acres. At present, the township exceeded the target of cultivation. We provide agricultural techniques for extended cultivation of green gram to local farmers in addition to utilization of quality strains of crops for ensuring high yield," said Daw San San Myint, head of Monywa Township Agriculture Department.

Last year, the township started cultivation of green gram in October 2022 and local farmers cultivated 4,148 acres.

This financial year, the township planned to grow 15,000 acres of green gram in monsoon. Local farmer planted pre-monsoon green gram on 1,682 acres of croplands from May to September and 12,344 acres of monsoon green gram, totalling 14,026 acres.

Ayadaw Township Agriculture Department provides agricultural techniques to local farmers and urges them to use quality strains of crops, correct cultivation methods, prevention of pests, systematic use of fertilizers and ensuring high per-acre yield to local farmers.

206

# News Analysis: Türkiye hopes to reap benefits of economic U-turn over 2024

**Ankara December 31**

After years of wrestling with soaring inflation and a battered currency, Türkiye hopes the turnaround of the economic policy in 2023 will pave the way for a sustained recovery in 2024. But experts warn the journey will be long and arduous.

The country lurched from ultra-loose monetary policy to fiscal orthodoxy this year, with a new financial team led by Treasury and Finance Minister Mehmet Simsek taking the helm in early summer.

Aggressive interest rate hikes since June have sent the policy rate skyrocketing from 8.5 percent to 42.5 percent in just seven months, offering a glimmer of hope for the country to rein in the rampaging inflation.

"The tightening we've seen since June sets the stage for what's next," said Arda Tunca, an independent economist from Istanbul. "We can expect these measures to start impacting inflation in the second half of 2024 finally."

He warned, however, that monetary policy alone won't suffice, adding that structural reforms are crucial to building resilience against inflationary pressures and addressing Türkiye's stark income disparities.

Inflation topped 85 percent in October 2022 and remains above 60 percent, inflicting hardship on consumers. However, monthly increases have shrunk from summer highs of around 9 percent to about 3 percent in recent months.

Xinhua

# Number of Thai tourists re-surges at Taungthaman Lake, Bridge in open season


Local and foreign visitors enjoy the beauty of sunset at the Taungthaman Bridge.

**Mandalay December 31**

Number of tourist from Thailand leading to Taungthaman Lake and Bridge resurges in open season, said U Soe Win, secretary of the Taungthaman Bridge maintenance committee.

Taungthaman Bridge is one of tourist attractions in Mandalay Region. This open season, larger number of travellers from Thailand flocks to Taungthaman Lake and Bridge.

"Currently, travellers from foreign countries such as Thailand, the Philippines, Vietnam, China and Korea pay visits to Taungthaman Lake and Bridge starting from the last week of December. In the high season, more than 200 travellers from Thailand arrive at Taungthaman are on the rise," he explained.

Starting from the last week of December 2023, more than 200 travellers from Thailand visits Taungthaman Lake and Bridge on a daily basis whereas more than 500 local travellers also visit there daily.

"At present, durability of the bridge is very high due to minor maintenance in recent month. So, number of foreign travellers is on the increase at the bridge," he added.

Taungthaman Bridge was built with 1,086 posts. Local and foreign travellers enjoy scenes of sunset from the bridge, so more than 50 boats are giving services to travellers. 184

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mingin Township grows more than 3,000 acres of cold season sunflower this year

**Mingin December 31**

A total of 3,491 acres of croplands have been placed under cold season sunflower in Mingin Township of Kalay District in Sagaing Region, according to the township Agriculture Department.

In 2023-24 financial year, the township set a target cultivation as 16,328 acres of cold season sunflower, 3,291 acres of which has been so farm cultivated.

"This year, Mingin Township earmarked to grow more than 10,000 acres of cold season sunflower. So far, local farmers have grown more than 3,000 acres of sunflower. We do not grow monsoon sunflower but primarily cultivate cold season sunflower. This year, it is expected to increase sown acreage of cold season sunflower," said Daw Hayman Kyaw Win, head of Mingin Township Agriculture Department.

In 2022-23 financial year, the township started cultivation of sunflower in October till December, placing croplands under 16,328 acres of sunflower plants.

Officials of the Agriculture Department provide quality sunflower seeds, agricultural techniques and use of fertilizers to local farmers in order to cultivate sunflower in time and to have high yield of crops.

Township Agriculture Department raises awareness of growing sunflower plantations and enhancing the capacity of local farmers and staff of the department.

This year, arrangements have been made to provide quality sunflower seeds to local farmers and sell urea fertilizers at fair prices as well as distribute sunflowers through barter system among the farmers. 206


A sunflower plantation.

# Tomato from Inlay region in good trading at Mandalay market

**Mandalay December 31**

Truckloads of tomato which comes from Inlay region flows into Mandalay's Thiri Marlar Green grocery market in Aungmyethazan District of Mandalay, according to tomato brokerages in the market.

Local farmers from Inlay region send 25 to 30 truckloads of tomato to Mandalay market on a daily basis. At present, trading of tomato is set at K20,000 per 18-viss box in the market, said U Aung Moe Naing, owner of Aung Moe Naing commodity depot in Mandalay.

"A large volume of tomato comes from Inlay region to Mandalay market. At present, local farmers from plain areas cannot send a large volume of tomato to Mandalay yet. As fruits from Inlay region are mature, consumer prefer to buy it. Some 30 truckloads of tomato come from Inlay region to Mandalay on a daily basis. Such kind of tomato fetches good prices. And, remaining vegetables are also marketable," said the owner of brokerage.

In addition to tomato, other green groceries such as cauliflower, cabbage, cowpea, white mustard, eggplant, potato and onions are being traded as usual. 185


Quality marketable tomatoes grown in Inlay region.

# 25 cargo vessels run on Ayeyawady River from 22 to 28 December

**Mandalay December 31**

A total of 25 cargo vessels are being run along Ayeyawady River to transport goods to Mandalay from Yangon, Katha, Htigyaing and Bhamo from 22 to 28 December, said deputy staff officer Daw Tin Tin Tun of Mandalay Region Marine Administration Department.

Although Ayeyawady River is facing lower water level, it has no narrowing of waterway. So, cargo vessels transport salt, coal and other commodities from Yangon, Katha and Bhamo to Mandalay relying on the proper waterway of the river.

"As waterway is proper, cargo and passenger vessels are running along Ayeyawady River from many major cities to Mandalay. But, we warn them not to carry overloads along the route," she added.

During the period, 600 tons of coal and 378 tons of salt were transported from Yangon, Katha, Htigyaing and Bhamo to Mandalay.

The Department of Meteorology and Hydrology on 29 December stated the water levels of Ayeyawady River are 186 cm in Myitkyina, 332 cm in Bhamo, 219 cm in Shwegu, 265 cm in Katha and 310 cm in Mandalay. 184

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အာရပ်စော်ဘွားများပြည်ထောင်စု (UAE) က UMEX 2024 ပြပွဲ ကျင်းပရန်စီစဉ်

အာရပ်စော်ဘွားများပြည်ထောင်စု (UAE) သည် ၎င်း၏ (၆)ကြိမ်မြောက် ကာကွယ်ရေးပြပွဲ၊ မောင်းသူမဲ့စနစ်များပြပွဲ (UMEX 2024) နှင့် သရုပ်ပြလေ့ကျင့်ရေးပြပွဲ (SimTEX)တို့ကို အဘူဒါဘီမြို့တော်တွင် ကျင်းပရန်ပြင်ဆင်နေကြောင်း www. army recognition.com သတင်းဌာနက ဒီဇင်ဘာ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

UMEX 2024 ပြပွဲကို ဇန်နဝါရီ ၂၂ ရက်မှ ၂၅ရက်ထိ Abu Dhabi National Exhibition Centre ၌ ကျင်းပပြုလုပ်ရန် စီစဉ်ထားပြီး စစ်ဘက်ဆိုင်ရာ နည်းပညာများ၊ ကြည်း၊ ရေ၊ လေ စစ်ဘက်ဆိုင်ရာ နောက်ဆုံးပေါ်တိုးတက်ဖွံ့ဖြိုးမှုများကို ထုတ်ဖော်ပြသသွားမည့် ထူးခြားသောပြပွဲတစ်ခုအဖြစ် သတ်မှတ်ထားသည်။ ယခုနှစ်တွင် ကာကွယ်ရေးကဏ္ဍ၌ အသိဉာဏ်တု(AI)၏ အရေးပါသောအခန်းကဏ္ဍကို မီးမောင်းထိုးပြကာ ၎င်းနည်းပညာအပေါ် အထူးအာရုံစိုက်၍ တိုးတက်ဖွံ့ဖြိုးလုပ်ဆောင်နေမှုများကို ထုတ်ဖော်ပြသသွားမည်လည်းဖြစ်သည်။

အဆိုပါပြပွဲ၏ ထူးခြားချက်မှာ UMEX လုပ်ငန်းနှင့် SimTEX 2024 ညီလာခံကို Abu Dhabi National Exhibition Centre ၌ ဇန်နဝါရီ ၂၂ ရက်တွင် ပြုလုပ် ရန် စီစဉ်ထားခြင်းဖြစ်သည်။ အဆိုပါ ညီလာခံသည် မောင်းသူမဲ့စနစ်နည်းပညာများ အဆင့်မြင့်တိုးတက်ဖွံ့ဖြိုးလာမှုများ၊ တီထွင်အသုံးပြုမှုများနှင့် AI နည်းပညာထည့်သွင်းအသုံးပြုလာနိုင်ခြင်းဖြင့် မောင်းသူမဲ့စနစ်များ အခန်းကဏ္ဍအရှိန်အဟုန်မြင့် အသုံးချလာနိုင်မှုများအပေါ် စက်မှုလုပ် ငန်းကျွမ်းကျင်သူများ၊ ပညာရပ်ဆိုင်ရာ တွေးခေါ်ပညာရှင်များနှင့် အစိုးရအဖွဲ့ အစည်းများထံမှ အဖိုးတန်သော ထိုးထွင်း မှုများကို သိမြင်ရမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ပြပွဲတွင် မောင်းသူမဲ့စနစ်များနယ်ပယ်ကို ချဲ့ထွင်ပေးမည့် အဓိကဆန်းသစ်တီထွင်မှုတစ်ရပ်ဖြစ်သော UMEX Commercial အခန်းကဏ္ဍကို မိတ်ဆက်ပေးသွားမည်ဖြစ်ပြီး အရပ်ဘက်နှင့် စစ်ဘက်ကုမ္ပဏီများကို ၎င်းတို့၏ နောက်ဆုံးပေါ် နည်းပညာများ၊ ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများကို ထုတ်ဖော်ပြသနိုင်စေမည်ဖြစ်သည်။ ထို့ကြောင့် ကုန်သွယ်မှုနှင့် စစ်ဘက်ဆိုင်ရာ နယ်ပယ်နှစ်ခုစလုံးတွင် ပူးပေါင်းဆောင်ရွက်မှုနှင့်တိုးတက်မှုကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု မျှော်မှန်းထားကြသည်။

ထို့ပြင် UMEX နှင့် SimTEX 2024 အခန်းကဏ္ဍများတွင် ပုံမှန်ကျင်းပလေ့ရှိသော ပြပွဲများနှင့် ညီလာခံများထက်သာလွန်သွားစေရန် ကတိပြုထားပြီး ကမ္ဘာတစ်ဝန်းမှ ရာနှင့်ချီသောပြပွဲတက်ရောက်လာသူများ၊ လုပ်ငန်းရှင်ကို ဆွဲဆောင်နိုင်ရန် မျှော်လင့်ထားသေးသည်။ ထိုအချက်သည် စီးပွားရေးနှင့် စစ်ရေးဆိုင်ရာအသုံးချမှုနှစ်ခုစလုံးအတွက် မောင်းသူမဲ့စနစ်သုံးယာဉ်များ၊ AI နှင့် စက်ရုပ်များလျင်မြန်စွာတိုးတက်ဖွံ့ဖြိုးလျက်ရှိနေသော ကဏ္ဍပေါင်းစုံကို မီးမောင်းထိုးပြ ပေးနိုင်လိမ့်မည်ဖြစ်သည်။

ဆက်လက်၍ ပြပွဲများတွင် ပါဝင်လာမည့် မျိုးဆက်သစ် မောင်းသူမဲ့စနစ်များ UMEX NEXTXGEN အပိုင်းသည် ယခုနှစ်တွင် အသစ်ထပ်မံမိတ်ဆက်ထားသော ဆန်းသစ်သည့်ကဏ္ဍတစ်ခုဖြစ်ပြီး မောင်းသူမဲ့စနစ်ဆိုင်ရာ စက်မှုလုပ်ငန်းများကို အားကောင်းလာစေရန်ရည်ရွယ်၍ ထည့်သွင်း ကျင်းပခဲ့ခြင်းလည်းဖြစ်သည်။ ၎င်းသည် ကမ္ဘာတစ်ဝန်းမှ စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို ထိပ်တန်းအဆင့်ကျွမ်းကျင်ပညာရှင်များနှင့် ချိတ်ဆက်ရန်၊ မဟာဗျူဟာမြောက် မိတ်ဖက်များဖွဲ့စည်းရန်နှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ရယူနိုင်ရန် သေချာစေလိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ပြပွဲကြီး၏နောက်ထပ်ထူးခြားချက်အသစ်မှာ Tilal Sweihan တောင်ပေါ်စခန်းမြို့၌ ဇန်နဝါရီ ၂၄ ရက်တွင်ပြုလုပ်ရန် စီစဉ်ထားသည့် တိုက်ရိုက်သရုပ်ပြသမှုများဖြစ်သည်။ အဆိုပါသရုပ်ပြသမှုများသည် AI၊ စက်ရုပ်နှင့် မောင်းသူမဲ့စနစ်များတွင် အဆင့်မြင့်နည်းပညာများ၏ ပိုမိုပြည့်စုံသောအတွေ့အကြုံများစွာကို တွေ့မြင်ရမည်ဖြစ်ကာ မြေပြင်နှင့် ပင်လယ်ရေကြောင်းသုံး မောင်းသူမဲ့စနစ်များကို သရုပ်ပြသမှုများအပါအဝင် မောင်းသူမဲ့ စနစ်များအသုံးချမှုနယ်ပယ်ကို ကျယ်ပြန့်စွာ လက်တွေ့ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**UAE hosts 6th edition of UMEX Unmanned Systems Exhibition & Conference in Abou Dhabi ကို ဘာသာပြန်ဆိုထားပါသည်။**

## ပါကစ္စတန်နိုင်ငံက Fatah-II ဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်ခဲ့



ပါကစ္စတန်စစ်ဘက်သည် ပြည်တွင်းထုတ် အတွဲလိုက်ဒုံးကျည်စနစ်အမျိုးအစားဖြစ်သော Fatah-II ပဲ့ထိန်းဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ စမ်းသပ်ပစ်လွှတ်မှုတွင် ပါကစ္စတန်တပ်မတော်၊ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များမှ ထိပ်တန်းအရာရှိကြီးများအပြင် သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များ တက်ရောက်အားပေးခဲ့ကြပြီး ယခုကဲ့သို့ဖွံ့ဖြိုးတိုးတက်မှုနောက်ကွယ်မှ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် ကြိုးပမ်းမှုစွမ်းအားများကို မီးမောင်းထိုးပြနေခြင်းလည်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်နှင့် စစ်ဦးစီးချုပ်အပါအဝင် အဆင့်မြင့်အရာရှိကြီးများက ဂုဏ်ပြုချီးကျူးစကား ပြောကြားခဲ့ကြပြီး ယခုကဲ့သို့အောင်မြင်မှုများ၏ အရေးပါပုံကို အလေးပေးထုတ်ဖော်ပြောကြားခဲ့ကြသည်။

အဆိုပါဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၄၀၀ (၂၄၉ မိုင်) ထိ ပစ်မှတ်များကို တိကျစွာပစ်ခတ်နိုင်စွမ်းရှိကြောင်း ပါကစ္စတန်တပ်မတော် ပြည်သူ့ဆက်ဆံရေးဌာန (ISPR) ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ကနဦးဗားရှင်းဖြစ်သော Fatah-I ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၁၄၀ (၈၇ မိုင်)ထိသာ တိုက်ပွဲဝင်နိုင်စွမ်းရှိသည့်အတွက် ယခု Fatah-II ဗားရှင်းတွင် အကွာအဝေး စွမ်းဆောင်ရည်ပိုင်းအနေဖြင့် သိသာထင်ရှားစွာ တိုးမြှင့်လာခြင်းလည်းဖြစ်သည်။

အဆိုပါဒုံးကျည်သည် အဆင့်မြင့်လေကြောင်းဆိုင်ရာနည်းပညာ၊ ခေတ်မီဆန်းပြားသော လမ်းကြောင်းပြစနစ်များ၊ ထူးခြားကောင်းမွန်သော ပျံသန်းမှုလမ်းကြောင်းတို့နှင့်အတူ ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားခြင်းဖြစ်ကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားထားသည်။

Fatah-II ဒုံးကျည်သည် ပါကစ္စတန်နိုင်ငံအတွက် စစ်ဆင်ရေးများတွင် သမားရိုးကျ ထိပ်ဖူးများကိုအသုံးပြုရန် နည်းလမ်းတစ်ခုအဖြစ် ၂၀၂၁ ခုနှစ်က စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဒုံးကျည်သည် ရန်သူ့နယ်မြေအတွင်းရှိ ပစ်မှတ်များကို တိကျစွာတိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံ ISPR က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံ၏ တိကျမှုမြင့်မားသော ဒုံးကျည်စနစ်များ တိုးတက်ဖွံ့ဖြိုးထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေမှုများသည် Kashmir ဒေသတွင်း အိန္ဒိယနိုင်ငံနှင့် တင်းမာမှုများ မြင့်တက်နေစဉ် ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ နိုင်ငံအတွင်း မကြာသေးမီက စစ်လက်နက်ပစ္စည်းများတိုးတက်ဖွံ့ဖြိုးထုတ်လုပ်စမ်းသပ်ရေးတွင် ကြည်းတပ်မဟာဗျူဟာကွပ်ကဲမှုအဖွဲ့၏ တိုက်ပွဲဝင်အသင့်ဖြစ်မှု အာမခံချက်ပေးနိုင်စေရန်အတွက် Ghaznavi မြေပြင်မှ မြေပြင်ပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများလည်းပါဝင်သည်။ အကွာအဝေး ကီလိုမီတာ ၃၀၀ (မိုင် ၁၉၀ ထိ) တိုက်ပွဲဝင်နိုင်စွမ်းရှိသော Ghaznavi ပဲ့ထိန်းဒုံးကျည်ကို အိန္ဒိယနိုင်ငံက Odisha ခရိုင် Balasore ကမ်းလွန်တွင် ပြည်တွင်းထုတ် ခရုဇ်ဒုံးကျည်စမ်းသပ်မှုပြုလုပ်ခဲ့ပြီးနောက် တစ်ရက်အကြာတွင် စမ်းသပ်ခဲ့ခြင်းလည်းဖြစ်သည်။

**Pakistan Conducts Successful Fatah-II Rocket System Launch ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# သဖန်းဆိပ်ရေလှောင်တမံမှ ၂၀၂၃ ခုနှစ်တွင် ယခင်နှစ်များကထက် ရေပိုမိုသိုလှောင်ထားနိုင်သဖြင့် စိုက်ပျိုးရေလုံလောက်စွာဖြန့်ဝေပေးနိုင်မည်



**နေပြည်တော် ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံမှ ၂၀၂၃ ခုနှစ်တွင် ယခင်နှစ်များကထက် ရေပိုမိုသိုလှောင်ထားနိုင်သဖြင့် စိုက်ပျိုးရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက လာမည့်နွေသီးနှံစိုက်ပျိုးရာသီ၌ ပြည်တွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်ရေးအတွက် ပြည်တွင်းရှိ ရေလှောင်တမံများတွင် ရေများ ပြည့်ဝစွာ သိုလှောင်ထားရှိနိုင်ရေးအတွက် ဂရုတစိုက်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနေမှုများအရ သဖန်းဆိပ်ရေလှောင်တမံ၌ ၂၀၂၃ ခုနှစ်တွင် ယခင်နှစ်များကထက် စိုက်ပျိုးရေ ပိုမိုသိုလှောင်ထားနိုင်ခဲ့ပြီး သဖန်းဆိပ်ရေလှောင်တမံသည် ရေအားလျှပ်စစ်ထုတ်လုပ်ရေးနှင့် လယ်ယာစိုက်ပျိုးရေးအတွက် ရည်ရွယ်ဆောက်လုပ်ထားသည့် ဘက်စုံသုံး ရေလှောင်တမံဖြစ်ကြောင်း သိရသည်။

၂၀၂၁ ခုနှစ်တွင် ရေပမာဏ ဧကပေ ၂၂ သိန်းကျော် သိုလှောင်ထားနိုင်ပြီး ၂၀၂၂ ခုနှစ်တွင် ရေပမာဏ ဧကပေ ၂၆ သိန်းကျော် သိုလှောင်ထားနိုင်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ရေပမာဏဧကပေ ၂၇ ဒသမ ၅ သိန်းကျော်ထိ သိုလှောင်ထားရှိနိုင်ခဲ့သောကြောင့် သဖန်းဆိပ်ရေလှောင်တမံတွင် သုံးနှစ်အတွင်း ရေပမာဏ အများဆုံးသိုလှောင်ထားရှိနိုင်ခဲ့ကြောင်း သိရသည်။

သဖန်းဆိပ်ရေလှောင်တမံမှ ဆည်ရေများပေးဝေရာတွင် သဖန်းဆိပ်ရေလှောင်တမံမှတစ်ဆင့် ကင်းတပ်ရေလွှဲတမံသို့ ရေထိန်းညှိထုတ်လွှတ်ပေးပြီး လက်ဝဲတူးမြောင်းနှင့် လက်ယာတူးမြောင်းရေသောက်ဧရိယာများသို့လည်းကောင်း၊ ကင်းတပ်ရေလွှဲတမံမှတစ်ဆင့် မူးမြစ်ကြောင်းအတိုင်း ကာဘိုးဆည်သို့ ရေထုတ်လွှတ်ပေးပြီး ရွှေဘိုတူးမြောင်းနှင့် ရေဦးတူးမြောင်းရေသောက်ဧရိယာများသို့လည်းကောင်း စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် သဖန်းဆိပ်ရေလှောင်တမံအနေဖြင့် ၂၀၂၃ ခုနှစ် နွေရာသီတွင် စိုက်ဧကများအတွက် စိုက်ပျိုးရေကို လုံလောက်စွာဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ SKL

# စလင်းမြို့နယ် သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**စလင်း ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ချေးငွေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က လုပ်ငန်းများရေရှည်တည်တံ့ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။



သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၂၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုဒုတိယနှစ်စက်ဝန်းတွင် အိမ်ထောင်စု ၈၇ စုကို ငွေကျပ် ၂၀ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး မိသားစုစီးပွားရေးလုပ်ငန်းများ တစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်ရေး၊ ကျေးလက်နှင့် မြို့ပြကွာဟမှုလျော့ချနိုင်ရေးအတွက် လိုအပ်သောငွေကြေးနှင့်ဝန်ဆောင်မှုများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**သန်းသန်းစိုး**

# ပင်းတယမြို့နယ် ကျားကုန်းခေတ်မီစံပြကျေးရွာအတွက် RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျားကုန်းခေတ်မီစံပြ ကျေးရွာအတွက် ဒုတိယအကြိမ် ကျေးလက်စီးပွားမြှင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ကျားကုန်းခေတ်မီစံပြကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျေးလက်စီးပွားမြှင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF)ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော တာဝန်ရှိသူများက ကျားကုန်းခေတ်မီစံပြကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စီမံကိန်းမှ ၇၅ ရာခိုင်နှုန်း၊ အသက်မွေးဝမ်းကျောင်းအဖွဲ့မှ ၂၅ ရာခိုင်နှုန်းထည့်ဝင်ကာ စီမံကိန်းချေးငွေကျပ် သိန်း ၁၀၀ ကို ထူးရှယ်အာလူးကြော်ထုတ်လုပ်မှု အစုအဖွဲ့ဝင်များ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၃၁-၁၂-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၀၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြို့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



**ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်တို့ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရာမှာ**

**တိုင်းရင်းသားပြည်သူအားလုံးဆန္ဒဖြစ်တဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်တို့ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရာမှာ ဒီမိုကရေစီနဲ့ပတ်သက်ပြီးလည်းကောင်း၊ ဖက်ဒရယ်စနစ်နဲ့ပတ်သက်ပြီးလည်းကောင်း ဘယ်လိုပင်အယူအဆကွဲပြားနေကြသော်လည်း မိမိတို့နိုင်ငံနဲ့ သဟဇာတဖြစ်တဲ့စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီနဲ့ပတ်သက်ပြီး အများဆန္ဒအတိုင်း ဆောင်ရွက်ရသကဲ့သို့ လူနည်းစုဆန္ဒကိုလည်း အလေးထားရန်လိုအပ်ပါတယ်။**

**(၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်းမှကောက်နုတ်ချက်)**

**၄-၁-၂၀၂၃**

# နေပြည်တော်၌ ၂၀၂၄ ခုနှစ် နှစ်သစ်ကူးအခါသမယကို ပြည်သူများတစ်ခဲနက်ပျော်ရွှင်စွာကြိုဆို

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ကမ္ဘာပေါ်တွင် လူမျိုးအလိုက် ဘာသာအလိုက် နှစ်များကိုရေတွက်သည့် အစဉ်အလာမှာ လူ့ယဉ်ကျေးမှုထွန်းကားသည့်အချိန်မှစ၍ ရှိလာခဲ့ကြောင်းမှတ်တမ်းများအရသိရသည်။ လူမျိုး၊ ဘာသာမတူညီကြသော်လည်း ခရစ်သက္ကရာဇ်သည် တစ်ကမ္ဘာလုံး တရားဝင်အသုံးပြုကြသည့် သက္ကရာဇ်ဖြစ်သောကြောင့် နိုင်ငံတိုင်းတွင် ခရစ်သက္ကရာဇ်နှစ်သစ်သို့ ကူးပြောင်းသည့် အခါသမယကို ပျော်ပွဲရွှင်ပွဲများကျင်းပကာ ကြိုဆိုကြလေ့ရှိသည်။ ထိုသို့ခရစ်သက္ကရာဇ်နှစ်သစ်သို့ ကူးပြောင်းသည့် အခါသမယကို ပျော်ပွဲရွှင်ပွဲများကျင်းပကာကြိုဆိုကြသည့် နိုင်ငံများတွင် မိမိတို့မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်သည်။



မြန်မာနိုင်ငံတစ်ဝန်း နှစ်သစ်ကိုကြိုဆိုကြသည့်အနေဖြင့် ပျော်ပွဲရွှင်ပွဲများကျင်းပကာကြိုဆိုကြသကဲ့သို့ နေပြည်တော်၌လည်း New Year Countdown Live Show နှင့်ဈေးရောင်းပွဲတော်များကျင်းပ၍ ၂၀၂၄ ခုနှစ် နှစ်သစ်ကူးအခါသမယကို ပြည်သူများတစ်ခဲနက်ပျော်ရွှင်စွာကြိုဆိုကြသည်။

ယနေ့သည် အများပြည်သူရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ နံနက်ပိုင်းမှစတင်၍ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများသည် နေပြည်တော်ရှိ Ocean Super Center၊ Juction Center၊ Naypyitaw Wholesale နှင့် မြို့နယ်ရပ်ကွက်ဈေးများတွင် မိသားစုအလိုက်၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့အလိုက် ပျော်ပွဲရွှင်ပွဲများဆင်နွှဲရန်အတွက် လိုအပ်သည်များကို ဈေးလာဝယ်ယူကြသဖြင့် စည်ကားလျက်ရှိသည်။

ညပိုင်းတွင် နေပြည်တော်ရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ အပန်းဖြေပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် နှစ်သစ်ကိုကြိုဆိုသည့်အနေဖြင့် New Year Countdown Live Show နှင့် ဈေးရောင်းပွဲတော်ကို နေပြည်တော်ရေပန်းဥယျာဉ်၌ ကျင်းပရာ ပြည်သူများ တစ်ခဲနက်ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

New Year Countdown Live Show နှင့် ဈေးရောင်းပွဲတော်သို့ လာရောက်လည်ပတ်ကြသည့် ပြည်သူများ စားရေးသောက်ရေး အဆင်ပြေစွာဝယ်ယူစားသောက်နိုင်ရေးအတွက် ထိုင်းအစားအစာ၊ တရုတ်အစားအစာ၊ ကိုရီးယားအစားအစာ၊ မြန်မာ့ရိုးရာ အစားအစာများ၊ ပင်လယ်စာများ၊ အထောင်းမျိုးစုံနှင့် လူသုံးကုန်ပစ္စည်းတို့ကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသုံးကြသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် လာရောက်လည်ပတ်ကြသည့် ကလေးငယ်များအတွက် ကလေးကစားစရာ မီးလင်းရောင်စုံအရုပ်အရောင်းဆိုင်များ၊ လူကြီး၊ ကလေးများ ဆော့ကစားနိုင်သည့် Game Booth များ၊ အလှဓာတ်ပုံရိုက်ရန်အတွက် Photo Booth များအပြင် ပျော်ရွှင်စရာအစီအစဉ်တို့ကို ထည့်သွင်းထားရာ လူအများ စိတ်ပါဝင်စားသည့် အစီအစဉ်တစ်ခုအဖြစ်လည်းတွေ့ရသည်။

New Year Countdown Live Show နှင့် ဈေးရောင်းပွဲတော်တွင် နိုင်ငံကျော်တေးသံရှင်များနှင့် Dancer များက Music Band၊ DJ များဖြင့် တွဲဖက်၍ ပရိသတ်အကြိုက်တေးသီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေတင်ဆက်ကြပြီး ည ၁၂ နာရီအချိန်တွင် New Year Countdown Live Show က ၂၀၂၄ ခုနှစ် နှစ်သစ်ကူးအခါသမယကို Countdown ရေတွက်၍ ပြည်သူများက Happy New Year သံပြိုင်အော်ကြပြီး မီးရှူးမီးပန်းများပစ်ဖောက်ကာ နှစ်သစ်ကို တစ်ခဲနက်ပျော်ရွှင်စွာ ကြိုဆိုကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်နေအိမ်များနှင့် ဝန်ထမ်းအိမ်ရာတို့တွင်လည်း နှစ်သစ်ကိုကြိုဆိုသည့်အနေဖြင့် ပျော်ပွဲရွှင်ပွဲများကျင်းပ၍ ပြည်သူများ၏ ၂၀၂၄ ခုနှစ်ကိုကြိုဆိုသော Happy New Year အသံသည် နေပြည်တော်တစ်ခွင်လုံးကို လွှမ်းခြုံသွားခဲ့သည်။

ထို့အတူ Junction Center ၌ကျင်းပသည့် junction Night Bazaar တွင်လည်း စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနိဗ္ဗာန်ကုန်ဆိုင်၊ ဆေးဝါးဆိုင်၊ အလှကုန်ပစ္စည်းဆိုင်နှင့် indoor plants ဆိုင်အပါအဝင် ဆိုင်ခန်းပေါင်း ၅၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် Junction Night Bazaar သို့လာရောက်ကြသည့် ပြည်သူများကို တေးသံရှင်နှင့် ဝါသနာရှင်များက Music Band နှင့်တွဲဖက်၍ ပရိသတ်အကြိုက်တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ အားပေးကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရသည်။

၂၀၂၄ ခုနှစ် နှစ်သစ်ကူးအခါသမယကို ကြိုဆိုသည့်အနေဖြင့် အစိုးရရုံးများ၊ မင်္ဂလာတန်ဆောင်၊ စားသောက်ဆိုင်ကြီးများ၊ အများပြည်သူအပန်းဖြေရာ ပန်းခြံများ၊ လူစည်ကားရာလမ်းများနှင့် လမ်းဆုံအဝိုင်းများ၌ ရောင်စုံမီးများလှပစွာ ထွန်းထားသည်မှာတွေ့မြင်ရသူအပေါင်း၏ စိတ်နှလုံးကိုလည်း ရွှင်လန်းစေခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀ **ရှေ့ဖုံးမှအဆက်**

ဒါဟာကျွန်တော်တို့အတွက် သင်ခန်းစာပါ။ ကျွန်တော်တို့အားလုံး နိုင်ငံကိုချစ်တဲ့၊ အမျိုးကိုချစ်တဲ့စိတ်၊ ညီညွတ်တဲ့အားနဲ့ ကျော်လွှားရပါမယ်။ ၂၀၂၄ ခုနှစ်မှာလည်း ကျွန်တော်တို့အစိုးရအနေနဲ့ ချမှတ်ထားတဲ့ အမျိုးသားရေး ရည်မှန်းချက်များ၊ နိုင်ငံရေးရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနဲ့ဦးတည်ချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ဖို့ ပြည်သူလူထုနဲ့လက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဓိကအားဖြင့် စီးပွားရေးပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကိုအခြေခံတဲ့MSME လုပ်ငန်းများ ယခုထက်ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ပေးသွားပါမယ်။ ပညာရေးကိုလည်း ပိုမိုအားပေးဆောင်ရွက်သွားပါမယ်။ဒါကြောင့် ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံးအနေနဲ့ တည်ငြိမ်အေးချမ်းပြီး မိမိတို့ရဲ့ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့လည်း ပြောကြားလိုပါတယ်။ကျွန်တော်တို့အစိုးရရဲ့ **"ရှေ့သို့ရှုမည် ပန်းတိုင်ဆီ"** ဆိုသည့်အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူအားလုံးရဲ့ အကျိုးကိုရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝများကို ကြိုးစားတည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။

၂၀၂၄ ခုနှစ်အတွင်းမှာ ကျွန်တော်တို့နိုင်ငံအတွင်း ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်းမှရရှိတဲ့ လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များက ကျွန်တော်တို့နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များမှာ အကျိုးရှိရှိလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါ့ပြင် ကျွန်တော်တို့အစိုးရရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ဖြစ်ပေါ်စေရေးအတွက် အခြေခံအချက်ဖြစ်တဲ့ မဲစာရင်းများ မှန်ကန်ပြည့်စုံရေးမှာလည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနဲ့လည်း ဆောင်ရွက်မယ့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များမှာ ပူးပေါင်းပါဝင်ပေးကြဖို့လည်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရတာ ၇၆ နှစ်ရှိပြီဖြစ်ပါတယ်။အကြောင်းအမျိုးမျိုးကြောင့် ထိုက်သင့်သော တိုးတက်မှုမရသေးပါဘူး။ ကိုယ့်နိုင်ငံကိုတိုးတက်သာယာဝပြောစေချင်ရင်(၁)တရားဥပဒေကိုလေးစားလိုက်နာရပါမယ်၊(၂)စည်းကမ်းရှိရှိနဲ့ စည်းစည်းလုံးလုံးနေထိုင်ကြရပါမယ်၊ (၃) အနာဂတ်ကိုမြော်တွေးပြီး ပညာသင်ကြားသင့်တဲ့အရွယ်မှာ ပညာသင်ကြားရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းပေးရပါမယ်၊ (၄) တတ်နိုင်သူများ၊ အလုပ်လုပ်နိုင်သူများအားလုံး ကုန်ထုတ်လုပ်မှုမြင့်မားရေး ရင်းနှီးမြှုပ်နှံအလုပ်လုပ်ကြဖို့လိုပါတယ်။ ဘာအလုပ်ပဲ လုပ်ကြလုပ်ကြ အင်အားရှိမှရမှာဖြစ်လို့ ပျော်ရွှင်ဖွယ်ရာမိသားစုများ တည်ဆောက်ကြဖို့လည်း တိုက်တွန်းလိုပါတယ်။ကုန်လွန်ခဲ့တဲ့နှစ်ဟောင်းထဲမှ ကျွန်တော်တို့နိုင်ငံတော်အတွက်အကျိုးဖြစ်ထွန်းစေမယ့်အရာတွေကို ဆက်လက်သယ်ဆောင်ကြပြီး မကောင်းသောအတွေး မကောင်းသောအမြင်များနဲ့ မကောင်းသောလုပ်ရပ်များကို ချန်ရစ်ခဲ့ကာ လူမျိုးရေး၊ ဘာသာရေး၊ ဒေသအရေး အစွဲများကင်းဝေးခြင်းနဲ့အတူ တစ်ဦးအပေါ်တစ်ဦးကိုယ်ချင်းစာတရား၊ မုဒိတာတရား၊ မေတ္တာတရားများနဲ့ ကျွန်တော်တို့အားလုံး မျှော်လင့်တောင့်တနေတဲ့ နိုင်ငံတော်သစ်ဆီ ဆက်လက်လျှောက်လှမ်းကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားအပ်ပါတယ်ခင်ဗျာ။

# လက်တွဲအတူလျှောက်ရန် ဘုံလမ်းကြောင်းတစ်ခုကို ရှာကြစို့

ကျွန်ုပ်တို့လူသားများသည် မျက်စိဖြင့်မြင်နိုင်စွမ်းမရှိသော စွမ်းရည်သတ္တိများ ကိန်းအောင်းလျက်ရှိသည့် ထူးဆန်းသော သတ္တဝါများ ဖြစ်ကြသည်။ ကျွန်ုပ်တို့၏ ခန္ဓာတွင်း၌ မျက်စိဖြင့် မမြင်နိုင်သော သူတော်ကောင်းလက္ခဏာများ၊ သူယုတ်မာလက္ခဏာများ၏ သတ္တိများသည် ကိန်းအောင်းလျက်ရှိသည်။

ဓနအင်အားနှင့် အမိန့်အာဏာတို့ကို အသုံးပြုရခြင်းမရှိဘဲ မဖျော်လင့်သောအချိန်၊ မထင်မှတ်သောနေရာတို့၌ ထိုလူကောင်း လူဆိုးနှစ်မျိုးတို့၏ မျိုးစေ့များသည် ကျွန်ုပ်တို့၏ ဘဝမျက်နှာပြင်ဝယ် ပေါ်ပေါက်လာတတ်ကြပေသည်။ ဤလူဆိုး လူကောင်းတို့၏ သဘောသတ္တိများသည် ကျွန်ုပ်တို့၏ခန္ဓာတွင်း၌ အဆင့်ဆင့်၊ အစားစား ကိန်းအောင်းလျက်ရှိကြကုန်၏။

စွမ်းရည်သတ္တိကြီးမားကြသော လူသားတို့၏ စိတ်ဓာတ်ဟူသည့် ကျယ်ပြန့်ရှုပ်ထွေးသော စက်ရုံကြီးတစ်ခုအတွင်း၌ ကျွန်ုပ်တို့သည် သူတော်ကောင်းဓာတ်တို့ကို သိုလှောင်ထားသော ရတနာဘဏ်တိုက်ကြီးကိုလည်း တွေ့မြင်နိုင်သည်။ ထို့ပြင် ယုတ်မာ၊ ညစ်ညမ်းမှုတို့၏ စုဝေးရာ အမှိုက်ပုံကြီးကိုလည်း တွေ့မြင်နိုင်သည်။

ဤသို့လျှင် ဆိုခဲ့သော သက်ဆိုင်ရာလက္ခဏာ နှစ်မျိုးတို့တွင် တစ်မျိုးမျိုးကို ကျွန်ုပ်တို့တိုးပွားအောင် အားထုတ်လိုက်လျှင် ကျွန်ုပ်တို့သည် လူသားတို့အတွက် ကောင်းကျိုးပြုမင်္ဂလာရှိပုဂ္ဂိုလ်များလည်း ဖြစ်လာနိုင်သည်။ သို့မဟုတ် လူလောကကြီးကို နှိပ်စက်၊ ညှဉ်းပန်းသော လူယုတ်၊ လူညစ်များလည်း ဖြစ်လာနိုင်သည်။

အကယ်၍ အကျွန်ုပ်တို့သည် လူသားတို့အတွက် မွန်မြတ်သော အကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်ခြင်းဖြင့် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဘဝကို မြှင့်တင်လိုလျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကိုယ်တွင်း၌ ကိန်းအောင်းနေသော ယုတ်မာမှုတို့၏မျိုးစေ့ကို ဖယ်ရှားဖို့ရန် ကျွန်ုပ်တို့ အကောင်းဆုံး အားထုတ်ရမည်။

ကျွန်ုပ်တို့ကိုယ်တွင်း၌ ကိန်းအောင်း၍နေသော သူတော်ကောင်း မျိုးစေ့ သူတော်ကောင်းဓာတ် အပင်ပေါက်လာအောင်လည်း အားထုတ်ကြိုးပမ်းကြရမည်။ ကျွန်ုပ်တို့၏နှလုံးသား၌ ကိန်းအောင်း၍ နေသော တန်ဖိုးမဖြတ်နိုင်သည့် သူတော်ကောင်းဓာတ်၊ သူတော်ကောင်းရတနာဘဏ်တိုက်ကို ဖွင့်လှစ်ဖို့ရန် ဟန်ချက်ညီသော သည်းခံခြင်း၊ မှန်ကန်သော အားထုတ်ခြင်းနှင့် ထက်မြက်သော အသိဉာဏ်တို့မှာ မရှိမဖြစ် အထူးပင် လိုအပ်ပေသည်။

ပစ္စည်းဥစ္စာ ဆင်းရဲနွမ်းပါးသော ဩဇာ၊ အာဏာကင်းမဲ့သော လောကအပြောအရ အောက်တန်းကျသည်ဟု ဆိုရသော လူများသည် ပင်လျှင် ဤအချက်ကို ပြည့်စုံအောင် အားထုတ်နိုင်စွမ်း၊ အားထုတ်နိုင်ခွင့်ရှိပေသည်။

ဤသို့ဆိုလျှင် လူသားတို့၏ဘဝတန်ဖိုးကို မြှင့်တင်ဖို့ရန် ရာထူး၊ အာဏာ၊ စီးပွားဥစ္စာတို့သည် တကယ်လိုအပ်သောအချက်များ မဟုတ်ကြပေ။


အလွန်အရှိန်ပြင်းသော အဖျက်ဓာတ်တစ်ခုဟုဆိုရသည့် ဒေါသသည် ကျွန်ုပ်တို့၏ ကိုယ်တွင်း၌ ကိန်းအောင်းလျက်ရှိသည်။ ထိုအဖျက်ဓာတ်ကို ဖယ်ရှားနိုင်သည့် လူသားတို့၏ဘဝကိုလည်း မြှင့်တင်နိုင်စွမ်းရှိသည့် တည်ဆောက်ဓာတ်မှာ မေတ္တာတရားပင်ဖြစ်သည်။

ယနေ့ မျက်မှောက်ကမ္ဘာ၌ မရပ်မနား ပြန့်ပွားနေသော မြောက်မြားစွာသော ကြောက်မက်ဖွယ်ရာများနှင့် ရက်စက်ကြမ်းကြုတ်မှုများကို လွှမ်းကျူးနေသော အခြားအဖျက်ဓာတ်တစ်ခုမှာ **"ဟိံသန"** တရားပင်ဖြစ်သည်။ ထိုဟိံသနရောဂါကို ကုစားဖို့ အကောင်းဆုံးဆေးမှာမူကား ကရုဏာတရားပင်ဖြစ်သည်။

ကမ္ဘာကြီးတစ်ခုလုံး၏ မူဝါဒတိုင်း၌ သင်ရောက်နေသည့် အလွန်ပြင်းသည့် အဆိပ်ဓာတ်တစ်ခုမှာ **"ဣဿာ"** တရားပင်ဖြစ်သည်။ **"ဣဿာ"** တရားဟူသော အဆိပ်သင့်သည့် လူသားတို့၏အလုပ်မှာ ကုစားရခက်သည့်လက်နက်ပြိုင်ဆိုင်မှုများ အန္တရာယ်ကြီးမားသည့် အာဏာပြိုင်ဆိုင်မှုများပင်ဖြစ်သည်။ ထိုဣဿာ အဆိပ်သင့်ရောဂါကို ကုစားဖို့ အထက်မြက်ဆုံးသောဆေးမှာ **"မုဒိတာ"**တရားပင် ဖြစ်သည်။

လူသားများ၏ တည်ငြိမ်သောစိတ်ထားကို နှောင့်ယှက်ဖျက်ဆီးတတ်သည့် အခြားသော လက္ခဏာနှစ်ခုမှာ ဣဋ္ဌာရုံ၌ မက်မောခြင်း၊ အနိဋ္ဌာရုံ၌ စိတ်ပျက်ခြင်းပင်ဖြစ်၏။ စိတ်ကို ဟန်ချက်ညီအောင် ထားခြင်းဟူသော ဥပေက္ခာတရားသည် ဣဋ္ဌာရုံ၌ဖြစ်သော တပ်မက်ခြင်း၊ အနိဋ္ဌာရုံ၌ဖြစ်သော စိတ်ပျက်ခြင်းတို့ကို ဖယ်ရှားနိုင်သဖြင့် ဘဝတည်ငြိမ်ရေးအတွက် ဥပေက္ခာတရားသည် တန်ဖိုးကြီးမားပေ၏။

ဤထူးခြားမွန်မြတ်သည့် အကျင့်တရား လေးပါးကို **ဗြဟ္မစရိယ**ဟုလည်းကောင်း ဗြဟ္မဝိဟာရဟုလည်းကောင်း ခေါ်ဆိုနိုင်သည်။




အကယ်၍ လူသားများသည် ဤဗြဟ္မစရိယ အကျင့်တရားလေးပါးကို ကျင့်သုံးနိုင်ကြလျှင် ထိုလူသားတို့နေသော ကမ္ဘာကြီးကို ထိုလူသားတို့သည် အောက်တန်းမှ အထက်တန်းသို့မြှင့်တင်နိုင်ကြလိမ့်မည်ဖြစ်သည်။

အသားအရောင်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ကြွေးကြော်ထားသည့် ပေါ်လစီဝါဒတို့ကိုမကြည့်ဘဲ လူသားတိုင်း လူသားတစ်ယောက်အနေနဲ့ ဤဗြဟ္မစရိယတရားလေးပါးကို ကျင့်သုံးနိုင်ကြလျှင် စစ်ပွဲဆင်းရဲတို့ဖြင့် ပြွမ်းနေသော ဤကမ္ဘာလောကကြီးကို အတက်ဘက်မှ ပြည့်စုံသော၊ ငြိမ်းချမ်းသော၊ ညီညွတ်သော၊ သာယာလှပသော၊ မြင့်မြတ်သော၊ ဘုံဘဝတစ်ခုသို့ ပြောင်းလဲဖန်ဆင်းနိုင်မည်မှာ ဧကန်မုချဖြစ်သည်။ ကျွန်ုပ်တို့လူသားများကိုယ်တိုင်လည်း တစ်ခုတည်းသော လောကကြီး၏ စံနမူနာပြ ဗြဟ္မာလူသားများ ဖြစ်လာကြလိမ့်မည်။

သို့ဖြစ်ခြင်းကြောင့် အကျွန်ုပ်တို့ လူသားအားလုံး ဤလေးပါးသော ဗြဟ္မစရိယတရားတို့ကို အကြွင်းအကျန်မထား သတ္တဝါလောက တစ်ခုလုံးသို့ ခြွင်းချက်မရှိ၊ အတိုင်းအတာပမာဏမရှိ လူမျိုး၊ ဝါဒ၊ ဘာသာစသည့် အတားအဆီးများကို ဖယ်ရှား၍ ပွားများသင့်ကြပေသည်။

ဤဗြဟ္မစရိယ တရားလေးပါးကို နယ်ခြားမဲ့၊ အတိုင်းအတာမဲ့၊ အတားအဆီးမဲ့ တရားလေးပါး၊ မွန်မြတ်သော စိတ်ဓာတ်လေးမျိုးဟု ခေါ်ဆိုရပေသည်။

လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ အသားအရောင်၊ မူဝါဒတို့ကို မကြည့်ဘဲ လူသားတိုင်း ဤမွန်မြတ်သော၊ လှပချိုမြိန်သော အကျင့်မြတ်တို့ကို ကျင့်သုံးခြင်းဖြင့် လူသားအချင်းချင်း တစ်ယောက်သည် တစ်ယောက်ကို၊ တစ်မျိုးသည် တစ်မျိုးကို၊ တစ်ပါတီသည် အခြားပါတီတစ်ခုကို၊ တစ်နိုင်ငံသည် အခြားနိုင်ငံတစ်ခုကို အပြန်အလှန် ကျေးဇူးပြု၊ အပြန်အလှန် ကောင်းကျိုးပြုသည့် လူသားများ ဖြစ်သင့်ကြပေသည်။

မေတ္တာတရားသည် လူသားတို့၏ နှလုံးသားကို နူးညံ့စေသည်။ လူသားတွေကို စည်းရုံးရာ၌၊ သိမ်းသွင်းရာ၌ လက်နက်၊ အာဏာ၊ ဓနအင်အားတို့ကို သုံးစွဲမည့်အစား မေတ္တာတရားကို သုံးစွဲသင့်ပါသည်။ အကူအညီ ကင်းမဲ့နေသော လူ့လောကကြီးအတွက် မေတ္တာတရားကိုပေးခြင်းသည် သန့်ရှင်းသော အကူအညီပေးခြင်းပင်ဖြစ်သည်။

သူနှင့် ငါကို မခွဲခြားဘဲ ရိုးသားဖြူစင်သော တန်းတူညီမျှ အကျိုးလိုလားသည့် စိတ်ဓာတ်သည် လူသားအားလုံးအတွက် ချမ်းသာအစစ်တကယ်ပင်ဖြစ်သည်။ ဥပမာ သားငယ်ကို ရင်ခွင်မှာပိုက်ထားသော မိခင်၏မေတ္တာသည် ထိုသားငယ်ရဲ့ အကျိုးစီးပွားအတွက် မိမိအသက်ကိုပင် စွန့်လွှတ်ရန် ဝန်မလေးသကဲ့သို့ ရင်ခွင်၌ ကျင်ကြီး၊ ကျင်ငယ်တို့ကို စွန့်ပစ်နေသောသားငယ်ကို မိခင်သည် ကောင်းကျိုးလိုလားသည့်စိတ်ဓာတ်ကိုသာ မွေးမြူသကဲ့သို့၊ အမျက်ဒေါသ လုံးဝမထားသကဲ့သို့၊ မိမိ၏ အကျိုးစီးပွားနှင့် အသက်ကိုပင် စွန့်လွှတ်၍ သတ္တဝါအားလုံးတို့အပေါ်မှာ ဖြူစင်၊ သန့်ရှင်းသော စိတ်ဓာတ်ဖြင့် ကောင်းကျိုး၊ ချမ်းသာလိုလားသော စိတ်ဓာတ်ကို မွေးမြူရာ၏။

ရင်ခွင်ပိုက်ထား သားငယ်အပေါ်၌ဖြစ်သော မိခင်၏ မေတ္တာသည် တဏှာ၊ ရာဂ၊ ဒေါသကင်း သန့်ရှင်းလေဘိသကဲ့သို့၊ ထိုနည်းတူစွာ အကျွန်ုပ်တို့ လူသားထုတစ်ရပ်လုံးအပေါ်မှာ ထားရမည့်မေတ္တာ၊ လူမျိုးတိုင်းနှင့် နိုင်ငံတိုင်းအပေါ်၌ ထားရမည့်မေတ္တာမှာလည်း ရိုးသားရမည်၊ သန့်ရှင်းရမည်။

ကမ္ဘာကြီးတစ်ခုလုံး၏ ငြိမ်းချမ်းရေးနှင့် ချမ်းသာရေးအတွက် စစ်မှန်သော မေတ္တာဟူသည် မိခင်၏ သားအပေါ်မှာထားသော မေတ္တာမျိုးဖြစ်ပါသည်။

ထို့ကြောင့် ဘာသာရေးအယူအဆ၊ နိုင်ငံရေးယုံကြည်ချက်တို့ မတူညီခြင်းဟူသော အတားအဆီးများကို အကြွင်းမဲ့ဖယ်ရှားလျက် အကန့်အသတ်မရှိ ကျယ်ပြန့်သော ညီအစ်ကို၊ မောင်နှမ စိတ်ဓာတ်ကို မွေးမြူသင့်ကြပေသည်။

ရိုးသားသော၊ ဖြူစင်သောဆန္ဒဟု ဆိုအပ်သည့် မေတ္တာဓာတ်သည် ကမ္ဘာလောကကြီးတစ်ခုလုံး၏ စစ်မှန်သော အကျိုးစီးပွားနှင့် ငြိမ်းချမ်းရေးအတွက် တည်ဆောက်အပ်သည့် ညီအစ်ကို၊ မောင်နှမစိတ်ဓာတ်ပင်ဖြစ်သည်။ နိုင်ငံရေးပါတီများ၊ လူမျိုးစုများ၊ လူမျိုးများ၊ ကိုးကွယ်သည့် ဘာသာတရားများ တစ်ခုစီ တစ်ခုစီ၊ တစ်စုစီ တစ်စုစီ ကျဉ်းမြောင်းစွာ ဖွဲ့စည်းထားသည့် ညီအစ်ကို၊ မောင်နှမ စိတ်ဓာတ်မျိုးသည် မေတ္တာ၌ အကျုံးမဝင်ပေ။

**မှတ်ချက်။ ။မေတ္တာတရားကို ဗုဒ္ဓစာပေ၌ အပ္ပမညာတရားဟု ဟောတော်မူသည်။ နယ်ခြားမဲ့၊ အတိုင်းအတာမဲ့၊ ကန့်သတ်ချက်မရှိ၊ ကျယ်ပြန့်သော စိတ်ထားဟုဆိုလိုသည်။**

နိုင်ငံရေးညီအစ်ကို၊ မောင်နှမစိတ်ဓာတ်သည် သက်ဆိုင်ရာအယူအဆတူမျှသော နိုင်ငံရေးပါတီအတွင်းမှာသာ တည်ဆောက်ထားခြင်းဖြစ်သည်။ ဥပမာ- ဒီမိုကရက်တို့သည် ဒီမိုကရေစီပါတီအတွင်း၌သာ Brotherhood Spirit ကို တည်ဆောက်ကြလိမ့်မည်။ ကွန်မြူနစ်တို့သည်လည်း ကွန်မြူနစ်ပါတီဝင် အချင်းချင်းအပေါ်မှာသာ Brotherhood Spirit ကို ထားရှိနိုင်ကြပေလိမ့်မည်။

National Brotherhood ဆိုသည်မှာလည်း ကန့်သတ်ချက်များဖြင့် တင်းကျပ်နေလိမ့်မည်။ သက်ဆိုင်ရာ မိမိတို့ရဲ့ Nations တို့အပေါ်၌သာ တည်ဆောက်နိုင်ကြလိမ့်မည်။Racial Brotherhood လူမျိုးစုများ၏ ကိုယ့်အမျိုးကိုသာ ကိုယ်ချစ်သည့်စိတ်ဓာတ်များကား ပို၍ကျဉ်းမြောင်းသည်။

မေတ္တာစိတ်ဓာတ် Universal Love (သို့) Universal Brotherhood Spirit မှာကား Boundless boundary (သို့) Border (သို့) Barrier မရှိဖြစ်သည်။ National Brotherhood Spirit ၌ "သဗ္ဗေ သတ္တာ" ဟု နှလုံးသွင်းနိုင်ကြလိမ့်မည်မဟုတ်။

လူမျိုးရေးစိတ်ဓာတ်၊ ဘာသာရေးစိတ်ဓာတ်၊ နိုင်ငံရေးစိတ်ဓာတ်၊ တစ်ဖက်သတ်ထားရှိခြင်း၊ (အတ္တနှင့် အတ္တနိယ)ကြောင့် ကရုဏာတရားကင်းမဲ့စွာ သတ်ဖြတ်၊ တိုက်ခိုက်၊ နှိပ်စက်ကြသော လူမျိုးရေးစစ်ပွဲ၊ ဘာသာရေးစစ်ပွဲ၊ နိုင်ငံရေးစစ်ပွဲများ ကမ္ဘာ့သမိုင်း၌ မေ့ပျောက်မရနိုင်လောက်အောင် ဖြစ်ခဲ့ဖူးကြပြီ။

အမုန်းတွေ၊ ကျည်ဆန်တွေ မိုးကဲ့သို့ရွာချ လူသားပေါင်းများစွာတို့ အသက်ဆုံးရှုံးခဲ့ကြသည်မှာ ကျဉ်းမြောင်းသော၊ အစွန်းရောက်သော Racial, National, Political and Religious Brotherhood Spirit များကြောင့် ဖြစ်ခဲ့ရသည်များကို ကမ္ဘာ့သမိုင်းများက အထင်အရှား မှတ်တမ်းတင်ထားခဲ့ကြပြီးဖြစ်သည်။

ဤအချက်ကို ဒုတိယကမ္ဘာစစ်ကြီး၏ ဖြစ်ရပ်များက စံနမူနာယူလောက်အောင် သက်သေခံလျက်ရှိပေသည်။ ယနေ့တိုင်အောင် ရိုက်ခတ်၍နေသော ကမ္ဘာ့စစ်ပွဲကြီးများ၏ လှိုင်းတံပိုးကို မျက်မှောက်ခေတ် လူသားတို့က မေ့ပျောက်၍ မရနိုင်သေးပေ။

သို့ဖြစ်ရကား ဗြဟ္မစရိယတရားလေးပါးတို့၏ အစွမ်းသတ္တိဖြင့် လူသားတို့၏ နှလုံးသားကို ခြိမ်းခြောက်နေသော ဆူပူခြင်း၊ သောင်းကျန်းခြင်း၊ အကြမ်းဖက်ခြင်း၊ ချောင်းမြောင်းလုပ်ကြံခြင်းတည်း ဟူသော လူ့သမိုင်း၏ အညစ်အကြေးများကို ဆေးကြောသုတ်သင်ဖို့ ကောင်းပါပြီ။

ဗြဟ္မစရိယတရားလေးပါးတို့၏ စွမ်းပကားဖြင့် နောက်ခံအတွေးအခေါ် အယူအဆ(လူသားတို့ ဘဝမှာ) မတူမျှကြသော်လည်း တူမျှသည့် ဘုံလမ်းကြောင်းတစ်ခုကို တည်ဆောက်ကြ၍ ဤဗြဟ္မစရိယလမ်းကြောင်းပေါ်မှာ ငြိမ်းငြိမ်းချမ်းချမ်း၊ ချစ်ချစ်ခင်ခင်၊ ညီညီညွတ်ညွတ် လက်တွဲလျှောက်လှမ်းကြဖို့ ကောင်းလှပါပြီ။ **စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

"မေတ္တာ"ကို "ချစ်ခြင်း"ဟု ဘာသာပြန်လျှင် ကိုယ့်လူမျိုးအချင်းချင်းသာချစ်၍ အခြားလူမျိုးကို မချစ်နိုင်ခဲ့လျှင်၊ ကိုယ့်ပါတီဝင်များကိုသာချစ်၍ အခြားပါတီဝင်များကို မချစ်နိုင်ခဲ့လျှင်၊ ကိုယ့်ဘာသာဝင်များကိုသာချစ်၍ အခြားဘာသာဝင်များကို မချစ်နိုင်ခဲ့လျှင် ဤကဲ့သို့ ကျဉ်းမြောင်းသော စိတ်ဓာတ်များကြောင့် ကရုဏာကင်းမဲ့စွာ သတ်ဖြတ်ကြသော Holy Wars သို့မဟုတ် Fighting for Peace အမည်တပ်သည့် စစ်ပွဲကြီးများ ကမ္ဘာ့သမိုင်းတွင် ဖြစ်ခဲ့ဖူးသည်ကို သံဝေဂယူကြဖို့ ကောင်းပါပြီ။

ရိုးသား၊ ဖြူစင်၊ ပွင့်လင်းစွာ ဆိုတတ်ကြကုန်သော သူတော်ကောင်းအချို့ နှိပ်စက်ညှဉ်းပန်း အကျဉ်းချခံရခြင်းများလည်း ရှိတတ်သည်။ ကမ္ဘာ့သမိုင်းတွင် ရက်စက်ကြမ်းကြုတ်သော ရှန်းရင်းဆန့်ခတ်မှုကြီးများကို မှားမှားယွင်းယွင်း၊ ရှုပ်ရှုပ်ထွေးထွေး မှတ်တမ်းတင်ထားခဲ့ကြသည်မှာလည်း သံဝေဂယူဖွယ်ဖြစ်သည်။ မှားယွင်းသော စစ်ပွဲများ၊ အစွန်းရောက်ဆူပူသောင်းကျန်းမှုများ၊ ရက်စက်သော စစ်ပွဲကြီးများက ကမ္ဘာ့သမိုင်းစာအုပ်ကြီး၏ စာမျက်နှာပေါင်း မြောက်မြားစွာကို မည်းညစ်စွန်းထင်းစေခဲ့လေပြီ။

လူ့လောကကြီးအတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လွတ်လပ်ရေးနှင့် အကျင့်စာရိတ္တနှင့် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တည်ဆောက်ဖို့အတွက် ရိုးသားဖြူစင်သော ဘာသာရေးခေါင်းဆောင်တို့၏ နိုးကြားမှု၊ ရိုးသားဖြူစင်သော လူမှုရေးခေါင်းဆောင်တို့၏ ညီညွတ်မှုမှာ သီလနှင့်ပညာ ကင်းမဲ့နေသော ဤကမ္ဘာ၌ အထူးပင် လိုအပ်နေချေပြီ။

သို့ဖြစ်ခြင်းကြောင့် သက်ဆိုင်ရာဘာသာရေး ဆရာများ၊ ဘာသာရေး လူမှုရေးခေါင်းဆောင်များ၏ ရိုးသားဖြူစင်စွာချမှတ်ထားသော မှန်မြတ်သည့် နည်းလမ်း၊ စည်းကမ်းများပေါ်မှာ အခြေခံသော ချစ်ခြင်း၊ သနားခြင်း၊ ဝမ်းမြောက်ခြင်း၊ တည်ငြိမ်ခြင်း၊ အကြောင်းအကျိုး ညီညွတ်ခြင်း၊ တရားမျှတခြင်းဟူသော Common Ground တစ်ခုကို လောကကြီးအတွက် အသုံးဝင်အောင် သန့်ရှင်းသောစိတ်ဓာတ်ဖြင့် ဂရုတစိုက် တည်ဆောက်ကြဖို့ လိုအပ်ပေပြီ။

မုန်းတီးသူကို ပြန်၍မုန်းတီးနေကြခြင်းဖြင့် ထိုအမုန်းဓာတ်သည် အဆုံးမသတ်နိုင်ပေ။ ထိုအမုန်းဓာတ်ကို အဆုံးသတ်ရန်မှာ မေတ္တာဖြစ်သည်။ ရန့်ရင်းသောစကား ပြောကြားခြင်းကို တုံ့ပြန်၍နေခြင်းဖြင့်၊ ထိုရန့်ရင်းသောစကားဝိုင်းကြီးသည် ချုပ်ငြိမ်းသွားလိမ့်မည်မဟုတ်ပေ။ ခန္တီတရားဖြင့်သာလျှင် သန္တိစကားကို စတင်နိုင်ကြမည်ဖြစ်သည်။

မုသားမပါသဖြင့် အချောမသတ်နိုင်သည့် လင်္ကာများကို သစ္စာစကားဖြင့် အချောသတ်ရမည်။ ဤသည်ကား မြတ်ဗုဒ္ဓမိန့်ကြားသည့် ရှေးဟောင်း ဥပဒေသဖြစ်သည်။ မုန်းတီးသောအတွေးအခေါ်သည် အဖျက်ဓာတ်ပါသည့် ထက်မြက်သောစွမ်းပကားဖြစ်သည်။ ထိုမုန်းတီးသော အတွေးအခေါ်သည် မည်သည့်စနစ် မည်သည့်ဝါဒ၌မဆို မှားနေတတ်သဖြင့် မှားယွင်းစွာ မျိုမိသော အဆိပ်နှင့် တူ၏။

မေတ္တာတရားသည်ကား ဖွံ့စည်းတည်ဆောက်မှုလုပ်ငန်းများ၌ အလွန်အားကောင်းသော စွမ်းအားဖြစ်သည်။ သို့ဖြစ်ခြင်းကြောင့် မေတ္တာနှင့်ခန္တီကို အခြေခံ၍ ပညာဖြင့်တောက်ပြောင်နေသော အတွေးအခေါ်သည် ကျန်းမာခြင်း၊ ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်း၊ လက်တွဲအတူနေခြင်းတို့အတွက် အလွန်အားကောင်းသည့် တည်ဆောက်မှုစွမ်းအားဖြစ်သည်။

ထို့အပြင် မြတ်ဗုဒ္ဓသည် တင်းမာမှုနှင့် စွပ်စွဲမှုအစရှိတဲ့ အခက်အခဲနှင့် ငြင်းခုံမှုများကို ကျော်လွှားရန် အရေးကြီးသော နည်းစနစ်တစ်ခုမှာ သီလ(Character) ဖြစ်သည်ဟု အလေးအနက် မိန့်မြွက်တော်မူသည်။ အကျင့်ကောင်းခြင်းသည် ဘဝပြဿနာများစွာကို ဖြေရှင်းနိုင်သော အခြေခံစွမ်းရည်တစ်ခုဖြစ်သည်။ သီလနှင့် ပြည့်စုံခြင်းသည် မိမိကောင်းကျိုး၊ သူတစ်ပါးကောင်းကျိုးတို့ကို ဆောင်ရွက်ရာ၌ ပြီးစီးအောင်မြင်နိုင်သော အင်အားတစ်ခုဖြစ်သည်။

ထို့အပြင် ကျွန်ုပ်တို့သည် **အတ္တနှင့် အတ္တနိယကိုဖယ်ရှား အနတ္တ** ဟူသော Right Thought of Selflessness ကိုလည်း အလေးအနက် ကျင့်သုံးရမည်။ **မေတ္တာ၊ ကရုဏာ၊ အဟိံသာ၊** ပညာတရားတို့သည် ကျွန်ုပ်တို့၏ လောကငြိမ်းချမ်းရေးတည်ဆောက်ရာ၌ အလွန်အားကောင်းသော စွမ်းအင် (Powerful Constructive Force) ပင် ဖြစ်သည်။ ယနေ့ ကမ္ဘာလောကကြီးသည် စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စစ်တိုက်ခြင်း၊ ဆူပူခြင်း၊ သောင်းကျန်းခြင်းဟူသောအပြစ်၊ အညစ်အကြေးတို့ဖြင့် ပြည့်နှက်လျက် ရှိနေပါသည်။ လူသားတွေ၊ လူမျိုးစုတွေသည် တိုက်ခိုက်၊ သတ်ဖြတ်ဖို့ လက်နက်များကို တပြင်ပြင်ဖြစ်နေကြသည်။ ကိုက်တော့မည့်ခွေးများသွားဖြဲနေကြသည်နှင့်တူ၏။ လူသားတို့၏အသက်များမှာ အန္တရာယ်တွင်းထဲသို့ ရောက်လုနီး (သို့မဟုတ်) ရောက်နေဘိအလားဖြစ်၏။

အင်အားကြီးမားသည့် နိုင်ငံကြီးများ၏ လက်နက်ပြိုင်ဆိုင်မှု အကြားမှာ အပြစ်ကင်းသော လူသားထုတစ်ရပ်လုံး ကြောက်လန့်နေကြကုန်၏။ ခေတ်မီသည့်၊ တိုးတက်သည့် လက်နက်များသည် အချိန်မရွေး၊ နေရာမရွေး လူသားတို့၏ အသက်ကို သတ်ဖြတ်ဖို့ အဆင်သင့် ဖြစ်နေကြကုန်၏။ တကယ်စင်စစ် ကမ္ဘာလောကကြီးသည် အားကိုးရာမဲ့၊ အကူအညီမဲ့၊ အစောင့်အရှောက်မဲ့ ဖြစ်နေသည်။ လက်နက်နှင့် စောင့်ရှောက်ခြင်းကို တကယ်စင်စစ် စောင့်ရှောက်ခြင်း၏ အနှစ်သာရဟု ဆိုရန်ခက်၏။

"မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ခန္တီ၊ ပညာ" ဤဗြဟ္မစရိယတရားတို့သည်သာလျှင် လောကကို တကယ်စောင့်ရှောက်သည့် လောကပါလတရားတို့ ဖြစ်ကုန်၏။ ပြည့်စုံသော ငြိမ်းချမ်းခြင်း၊ ခိုင်မြဲသော ညီညွတ်ခြင်း၊ ရိုးသားသောလက်တွဲခြင်းတို့ကို ဤလောကပါလ ဗြဟ္မစရိယတရားတို့ဖြင့် တည်ဆောက်ရမည်ဖြစ်ပါသည်။ လောက၏ ရန်သူစင်စစ် တကယ်ဖြစ်သော ဒေါသတရားကို မေတ္တာဖြင့် ကာကွယ်ရမည်။ လူသားတို့၏ ရန်သူဖြစ်သော နှိပ်စက်ညှဉ်းဆဲခြင်း **ဟိံသနတရား ကို အဟိံသာဟူသော** ကရုဏာပွား၍ ကာကွယ်ရမည်။

ဝါဒနှင့်စနစ်အားလုံးတို့၏ အဆိပ်သဖွယ်ဖြစ်သော ဣဿာတရားကို မုဒိတာဟူသော စိတ်ကောင်းထား၍ ဖယ်ရှားရမည်။ မကောင်းလျှင် စိတ်ပျက်၊ ကောင်းလျှင် တပ်မက်သည့် မငြိမ်သက်သည့် ဤစိတ်ဓာတ်ကို ဥပေက္ခာပွား၍ တည်ငြိမ်စေရမည်။ ယနေ့ကမ္ဘာလောက၌ ရုပ်ဝါဒရှုထောင့်မှကြည့်လျှင် သိပ္ပံပညာ၊ နည်းပညာ၊ စက်မှုပညာတို့သည် အမြင့်ဆုံးသို့ရောက်အောင် တိုးတက်နေချေပြီ။ အခြားဆန့်ကျင်ဘက်တစ်ခုမှာ လူသားများတို့၏ စိတ်ဓာတ်၊ အသိဉာဏ် အကျင့်တရားတို့ကား ဖွံ့ဖြိုးတိုးတက်မှု မရှိရုံမျှမက ဆင်းရဲမွဲတေခြင်း၏ အောက်သို့ ရောက်ရှိနေချေပြီ။ ယနေ့ လူသားအများစု၏ စိတ်ဓာတ်၌ ဗြဟ္မစရိယ တရားလေးပါးတို့ ခေါင်းပါးခဲ့ချေပြီ။ ထို့အပြင် လူငယ်အများစု၏ ကိုယ်ကျင့်တရားမှာလည်း ဗလာလုနီးနီး ဖြစ်ချေပြီ။

ရုပ်ပိုင်းနှင့်စိတ်ပိုင်း တိုးတက်ခြင်း နှစ်မျိုးလုံးသည် နိုင်ငံတိုင်း၊ လူသားတိုင်းအတွက် အမှန်တကယ် လိုအပ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် သိပ္ပံပညာရှင် နည်းပညာရှင်တို့က အားထုတ်နေကြလျှင် အကျင့်စာရိတ္တ၊ စိတ်ဓာတ်၊ အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးသော ဘာသာရေးခေါင်းဆောင်များ၊ အားလုံးသော စိတ်ပညာရှင်များ၊ အားလုံးသောစိတ်ဓာတ်ရေး၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေး ခေါင်းဆောင်များမှာ အားထုတ်ဆောင်ရွက်ကြဖို့ တာဝန်အထူးရှိပေသည်။ ခေတ်မီသိပ္ပံပညာရေးနှင့် ဘာသာရေး၊ ယဉ်ကျေးမှု စိတ်ဓာတ်ဆိုင်ရာ ရှေးဟောင်းပညာရေးနှစ်ရပ်တို့ ဟန်ချက်ညီညီ ချိတ်ဆက်ကြဖို့ လိုအပ်ပေသည်။

အများအားဖြင့် ကောင်းသောပညာရေးဟူသည် အကျင့်စာရိတ္တ၊ စိတ်ဓာတ်နှင့် စားဝတ်နေရေး မွဲတေခြင်းတို့ကို မြှင့်တင်ပေးနိုင်သော ပညာရေးကို ကောင်းသောပညာ Good Education ဟု ဆိုသည်။ ယနေ့နိုင်ငံတိုင်း၌ ရုပ်ဝတ္ထုပိုင်း၏ တိုးတက်မှုသည် လုံလောက်ပါ၏။ သို့သော် စိတ်ဓာတ်နှင့် အကျင့်တရားတို့၏ ဖွံ့ဖြိုးတိုးတက်ခြင်းကား ဤရုပ်ကမ္ဘာ၌ အနိမ့်ဆုံးမှာ ရှိနေပါသည်။ သို့ဖြစ်ခြင်းကြောင့် အနာဂတ်လူ့လောကကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ကျွန်ုပ်တို့၏ သားငယ်၊ သမီးငယ်များကို စိတ်ဓာတ်၊ အကျင့်၊ ပညာ သုံးခုစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန် ယနေ့မျက်မှောက် ခေါင်းဆောင်တိုင်း တာဝန်ရှိပေသည်။

ကျွန်ုပ်တို့ခေတ်နောက် ကျွန်ုပ်တို့၏သားငယ် သမီးငယ်များသည် မကြာသော အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာဖို့ ယခုပင် ပြုစုပျိုးထောင်ကြရပေမည်။ ဤသို့ ပြုလုပ်ရန် ဘာသာရေး၊ ယဉ်ကျေးမှု၊ ကိုယ်ကျင့်တရား၊ စိတ်ဓာတ်များနှင့် သိပ္ပံပညာ၊ နည်းပညာတို့ ဟန်ချက်ညီအောင် ရေးဆွဲထားသော ပညာရေးစနစ်တစ်ခု ချမှတ်ရန် လိုအပ်ပေသည်။ ဤအတွက် ကျွန်ုပ်တို့ စိတ်ဓာတ်ရေးရာ ခေါင်းဆောင်များ၊ လူမှုရေးခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ အားလုံးလက်တွဲလျှောက်လှမ်းဖို့ (Common Highway) တစ်ခု တည်ဆောက်ရန် လိုအပ်ပေသည်။ United Nations, United States, United Kingdom ဆိုသည်တို့ကို ကြည့်ပါ။

United ဖြစ်ဖို့ရန်မှာ သည်းခံခြင်း၊ ချစ်ခြင်း၊ ခွင့်လွှတ်ခြင်း၊ ငါကိုမေ့ထားခြင်း (Self-forgetfulness) တို့သည် အခြေခံအုတ်မြစ်တရားများ ဖြစ်ကြကုန်၏။

ဘာသာရေးယုံကြည်ချက်၊ လူမျိုးရေးကွဲပြားမှု နိုင်ငံရေးအယူအဆ မတူကြသည်ကို အကြောင်းပြု၍ ညီအစ်ကို၊ မောင်နှမများသဖွယ် သဘောမထားနိုင်ကြဘဲ ဘုံလမ်းမကြီးတစ်ခုပေါ်မှာ မတွေ့ဆုံနိုင်၊ လက်မတွဲနိုင်ကြလျှင် လူသားတို့၏ အကျိုးစီးပွားကို သယ်ပိုးလိုကြသည့် များစွာသောခေါင်းဆောင်၊ များစွာသော အသင်းအဖွဲ့တို့၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ချက်များမှာ အောင်မြင်ပြီးမြောက် ခရီးရောက်ဖို့ အခက်အခဲများစွာ တွေ့ကြလိမ့်မည်ဖြစ်သည်။

ချစ်ခြင်း၊ သနားခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ မေ့ပျောက်ခြင်း၊ ကြောင်းကျိုးစိစစ်ခြင်းတို့သည် ကျွန်ုပ်တို့၏ Common Highway ဖြစ်သည်။ ဤဗြဟ္မစရိယ လောကပါလတရားများကို ကျင့်သုံးလိုက်နာဖို့ ခက်ခဲသည်ဟု ဆိုဖွယ်ရာရှိပါသည်။ သို့သော် ရက်စက်ကြမ်းကြုတ်သော စစ်ပွဲကြီးများကို ဆင်နွှဲဖို့ ဒုံးပျံလက်နက်၊ အဏုမြူဗုံးလက်နက်များ ထုတ်လုပ်ခြင်းလောက် ခက်လည်းမခက်ပါဘူး။ အကျပ်အတည်းလည်း မရှိပါဘူး။ စိတ်ပင်ပန်းမှု၊ စိုးရိမ်ကြောင့်ကြမှုလည်း မရှိပါဘူးဟု ဆိုချင်ပါသည်။

ကျွန်ုပ်၏ စာတမ်းကို အတုမဲ့မြတ်ဗုဒ္ဓ၏ တန်ဖိုးမဖြတ်နိုင်သော စကားရပ်တို့ဖြင့် အဆုံးသတ်ပါမည်။ **ကျွန်ုပ်တို့သည် ဒေါသကို မေတ္တာဖြင့် အနိုင်ယူရမည်။ ကျွန်ုပ်တို့သည် ကောက်ကျစ်စဉ်းလဲခြင်းကို ရိုးသားဖြောင့်မတ်ခြင်းဖြင့် အနိုင်ယူရမည်။ အတ္တဆန်သူကို အနတ္တဖြင့် အနိုင်ယူရမည်။ ကြမ်းတမ်းသူကို ယဉ်ကျေးခြင်းဖြင့် အနိုင်ယူရမည်။ လိမ်လည်လှည့်ဖြားသူကို သစ္စာစကားဖြင့် အနိုင်ယူရမည်။ မပေးရဲသူကို ပေးကမ်းခြင်းဖြင့် အနိုင်ယူရမည်။** ဤသည်ကား မြတ်ဗုဒ္ဓမိန့်ကြားသည့် ကမ္ဘာဦးတရား။ မုန်းတီးသူကို ပြန်လှန်၍ မုန်းတီးခြင်းသည် အမုန်းဓာတ် အဆုံးမသတ်နိုင်။ မေတ္တာ၊ ခန္တီဖြင့်သာလျှင် ဤအမုန်းဓာတ်ကို အဆုံးသတ်ရမည်။

ဤသည်ကား ကမ္ဘာဦးလူတို့ကျင့်ကြသည့်တရား။ ဤသည်ကား မြတ်ဗုဒ္ဓ၏ အဆုံးအမ ဖြစ်ပါသည်။

သစ္စာတရားနှင့်သန္တိတရားကမ္ဘာ့နေရာတိုင်းမှာထွန်းတောက်ပါစေ။

သတ္တဝါအားလုံး အေးငြိမ်းချမ်းသာ ရှိကြပါစေ။

**နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု**
**သီတဂူဆရာတော် အရှင်ဉာဏိဿရ**
**သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့်သီတဂူဆေးရုံတော်များ၏အဓိပတိ**

---

☆ **ကျောဖုံးမှအဆက်**

ထို့ပြင် ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ တပျော်တပါး နှစ်သစ်ကူးအခါသမယကို ဆင်နွှဲနိုင်ရန်အတွက် နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော်ကို ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်တွင် စီစဉ်ဆောင်ရွက်ပေးထားရာ စိတ်ပျော်ရွှင်ချမ်းမြေ့စွာပါဝင်ဆင်နွှဲသူများဖြင့် စည်ကားလျက်ရှိသည်။

ပွဲတော်သို့ လာရောက်ဆင်နွှဲသည့် ကိုပူတူးက "၂၀၂၄ နှစ်သစ်ကို ကြိုဆိုဖို့ ရင်တွေအရမ်းခုန်နေပါတယ်။ ပျော်ရွှင်ဖွယ်ဖြစ်အောင် နှစ်သစ်ကူးပွဲစီစဉ်ပေးတဲ့တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ လျှပ်စစ်ရောင်စုံအလှမီးတွေ ထွန်းညှိထားတာကြောင့်လည်း ပွဲတော်ကြီးကိုလှပစေခဲ့ပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ အဆိုတော်တွေရဲ့သီချင်းတွေကို နားဆင်ခံစားပြီးကခုန်ခွင့်ရတဲ့အတွက်လည်း ပြီးပြည့်စုံတဲ့ နှစ်သစ်ကူးညတစ်ညဖြစ်ခဲ့ပါတယ်"ဟု ပြောပြသည်။

အဆိုပါပွဲတော်တွင် ဖျော်ဖြေရေးစင်မြင့်ထားရှိပြီး မန်းစည်ပင်ခေတ်ပေါ်တေးဂီတ၊ မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီးနှင့် DJ အစီအစဉ်များဖြင့်တွဲဖက်၍ နိုင်ငံကျော်အဆိုတော်များ၊ သရုပ်ဆောင်များ၏မြူးကြွစွာ သီဆိုဖျော်ဖြေမှုများကြောင့် နှစ်သစ်ကူးပွဲတော်ကို ပိုမိုအသက်ဝင်စေခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့်လည်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာဖြင့် နှစ်ကူးအချိန်ကာလကို အတူတကွဖြတ်ကျော်ကြသည်။

ပြင်ဦးလွင်မှ နှစ်သစ်ကူးပွဲတော်လာရောက်ဆင်နွှဲသည့် မမီမီက "နှစ်သစ်မှာ အားလုံးစိတ်ချမ်းသာခြင်း၊ကိုယ်ချမ်းသာခြင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။မန္တလေးမြို့မှာ နှစ်သစ်ကူးပွဲရှိတယ်ဆိုလို့ လာရောက်ပါဝင်ဆင်နွှဲခြင်းဖြစ်ပါတယ်။ ပွဲတော်ကြီးက ထင်ထားတာထက်ကို ပိုမိုစည်ကားနေတာကို တွေ့ရပါတယ်။ ည ၁၂ နာရီမှာ ပွဲတော်လာသူတွေနဲ့တူတူ Happy New Year အော်ဖို့ မစောင့်နိုင်တော့ဘူးဖြစ်နေပါတယ်။နှစ်သစ်ကူးကို ပျော်ရွှင်ဖွယ်ရာအစီအစဉ်တွေပြုလုပ်ပြီး ဖြတ်သန်းခွင့်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်"ဟု ပြောပြသည်။

ပွဲတော်သို့ လာရောက်ဆင်နွှဲကြသူများ အစားအသောက်များ သုံးဆောင်နိုင်ရန်အတွက်လည်း စားသောက်ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချပေးခဲ့ပြီး ကား၊ ဆိုင်ကယ်များ စနစ်တကျအပ်နှံနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးထားသည်။

ထို့နောက် ပွဲတော်လာပြည်သူများသည် နှစ်သစ်ကူးအချိန်ကာလဖြစ်သည့် ည ၁၂ နာရီမရောက်မီ နှစ်ကူး Countdow ညကို တပျော်တပါးရေတွက်ကြပြီး ည ၁၂ နာရီ တိတိတွင် Happy New Year ဟု တညီတညွတ်တည်း သံပြိုင်ရေရွတ်ကာ မီးရှူးမီးပန်းများ ပစ်ဖောက်၍ နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုခဲ့ကြကြောင်း သိရသည်။

**မောင်အေးချမ်း**

# နောင်မွန်မြို့နယ်နှင့် ပူတာအိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဒီဇင်ဘာ ၃၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၉ ရက်က ကချင်ပြည်နယ် နောင်မွန်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံရုံးခန်း၊ ပြင်ပလူနာဌာနနှင့် အထူးကြပ်မတ်ဆောင်တို့ ပါဝင်သည့် RCနှစ်ထပ်တိုးချဲ့ဆောင် အသစ်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်နေသည့်လူနာများကို တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက်တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး နာတာရှည်ကျောက်ကပ်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသနေသည့်လူနာကို ဆေးရုံကြီးများသို့ပို့ဆောင်၍ ဆေးစစ်ကုသနိုင်ရေး စီစဉ်ပေးသွားရန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နမ့်ပန်ဒမ်းကျေးရွာရှိ ကဆန်ထိကြိုးတံတားကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်ရန်လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခြေခံပညာအထက်တန်းကျောင်း(နောင်မွန်)သို့ရောက်ရှိပြီး မြို့မိမြို့ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းအတွက် ဆိုလာ၊ Laptop Computerနှင့် Printerများ ထောက်ပံ့လှူဒါန်းကာ မြို့ရေပေးဝေရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပူတာအိုမြို့ရှိ သမိုင်းဝင်ကောင်းမှုလုံစေတီတော်အား သွားရောက်ဖူးမြော်ပြီး စေတီတော်ပရိဝုဏ်အတွင်း ပြုပြင်ထိန်းသိမ်းရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ဆောင်ရွက်ရန် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ နယ်စပ်ရေးရာဝန်ကြီးဌာနမှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကောင်းမှုလုံစေတီ၊ ရွှေစည်းခုံပုံတူစေတီနှင့် ရွှေတိဂုံပုံတူစေတီ ဘုရားသုံးဆူပတ်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပူတာအိုလွင်ပြင်ပတ်လမ်း၌ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ပူတာအိုလွင်ပြင်ပတ်လမ်းသည် ၂၅ မိုင်အရှည်ရှိပြီး ကျေးရွာ ၂၈ ရွာနှင့် လယ်ယာစိုက်ခင်းများကို ဆက်စပ်ပေးသောလမ်းဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရတို့က သုံးနှစ်စီမံကိန်းဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကွန်ကရစ်လမ်းဖြစ်ကာ ယခုဘဏ္ဍာနှစ်အကုန်တွင် ပြီးစီးမည်ဖြစ်သဖြင့် ဒေသထွက်ကုန်များလွယ်ကူစွာပို့ဆောင်နိုင်တော့မည်ဖြစ်သည်။

ယင်းနောက် ဖန်ခိုင်(ပရဟိတ)ဘုန်းတော်ကြီးပညာသင်ကျောင်းသို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်ကို ဖူးမြော်ကြည်ညိုကာ ဆရာတော်၊ သံဃာတော်များ ဆွမ်း၊ကွမ်းအခက်အခဲမရှိစေရေးနှင့်အဆိုပါဘုန်းတော်ကြီးကျောင်း၌ တက်ရောက်ပညာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများစားသောက်မှုအဆင်ပြေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥစသည့်စားသောက်ဖွယ်ရာပစ္စည်းများနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက်က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာအထောက်အကူဖြစ်စေမည့် ပူတာအိုမြို့ အထက်ဆန်ခေါင်-လုံနဒမ်း-ဇီယာဒမ်းလမ်း(ဖုန်ကန်ရာဇီရေခဲတောင်သွားလမ်း) အရှည် ၂၄ မိုင် ခုနစ်ဖာလုံကို လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် အရှည်ပေ ၂၄၀ မူလာချောင်းကူးတံတားတည်ဆောက်နေမှုလုပ်ငန်းခွင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပူတာအိုမြို့ပန်းလှိုင်ရပ်ကွက်ရှိ မဟာမြတ်မုနိဘုရားကြီး၌ ဂန္ဓကုဋီကျောင်းဆောင်တော် တည်ဆောက်ရန်လိုအပ်မည့်အခြေအနေကို သွားရောက်ကြည့်ရှု၍ ဆရာတော်၊ သံဃာတော်များအားလှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။


ယင်းနောက် ပူတာအိုဒေသဝမ်းစာဖူလုံရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကောင်ကထောင်ရပ်ကွက်၊ မတ်ပန်စံပြစိုက်ခင်း ဧက ၂၀ စီမံကိန်းသို့ရောက်ရှိပြီး ရာသီမရွေးသီးနှံမျိုးစုံစိုက်ပျိုးနိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက Solarစနစ်ဖြင့် ရေရရှိနိုင်ရေးဆောင်ရွက်ပေးနေမှုနှင့် ဒေသခံတောင်သူများက ရာသီသီးနှံစိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် သုံးမျိုးရောင်းချပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းသည် "(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်" ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် သုံးမျိုးကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နတ်တော်လပြည့်ကျော် ၈ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည် ဖြစ်ပါသည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဇန်နဝါရီ ၄ ရက် (ကြာသပတေးနေ့)တွင်ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**










## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ၄၉၅၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ် ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကိုနေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၇ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၄၉၅၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ(ပဉ္စမပတ်) စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ(ပဉ္စမပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ(ပဉ္စမပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃၁**

၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ (ပဉ္စမပတ်)စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့်ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပပြုလုပ်ကြသည်။

ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲများကျင်းပပြုလုပ်ရာတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက်စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ဩဂုံဒေသတိုင်းစစ်ဌာနချုပ်နှင့်ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီးနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်းနှင့် တပ်နယ်စစ်ရေးပြကွင်းများ၌လည်းကောင်း အသီးသီး ကျင်းပပြုလုပ်ကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊တိုင်းစစ်ဌာနချုပ်မှတပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ရုံးဌာနများ၏ ဒီဇင်ဘာအားကစားလ(ပဉ္စမပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး စခန်းမှူးနှင့် ရုံးဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများ အတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာ၌ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ၂၀၂၄ ခုနှစ် နှစ်သစ်ကူးည ရန်ကုန်မြို့ပြ စည်ကားများပြားစွာကြိုဆို

**ရန်ကုန် ဒီဇင်ဘာ ၃၁**

၂၀၂၃ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၄ ခုနှစ် နှစ်သစ်ကြိုဆိုခြင်းကိုယနေ့ညပိုင်းက ရန်ကုန်မြို့တွင် အများပြည်သူအေးချမ်းပျော်ရွှင်စည်ကားများပြားစွာ ကြိုဆိုခဲ့ကြသည်။

နှစ်ဟောင်းကုန်၍ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် နှစ်သစ်အခါသမယသို့ဝင်ရောက်မည့် နှစ်ကူးညချမ်းတွင် ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ကျောက်တော်ကြီးဘုရား၊ ကမ္ဘာအေးစေတီ၊ ပြည်သူ့ရင်ပြင်ဥယျာဉ်၊ မဟာဗန္ဓုလပန်းခြံ၊ မြို့တော်ခန်းမ၊ ကန်တော်ကြီးဥယျာဉ်၊ အင်းလျားကန်စောင်း၊ အများပြည်သူအပန်းဖြေရာနေရာများ၊ ဈေးဝယ်စင်တာများ၊ ဟိုတယ်၊မိုတယ်များနှင့်ရန်ကုန်မြို့ပြ၏ လူစည်ကားရာနေရာတို့၌ နှစ်ကူးအကြိုရောင်စုံမီးဆိုင်းများဖြင့် လှပလျက်ရှိရာ အများပြည်သူ စိတ်ရွှင်လန်းလျက်အားပါးတရပျော်ရွှင်စွာနှစ်သစ်ကိုကြိုဆိုခဲ့ကြသည်။

ညနေပိုင်းမှစ၍ အများပြည်သူစည်ကားလျက်ရှိသည့် ရန်ကုန်မြို့ပြည်သူ့ရင်ပြင်၌ ရွှေတိဂုံစေတီတော်မြတ်တွင် ကုသိုလ်ယူ၍ လာရောက်ကြသည့် ပြည်သူများ၊ရင်ပြင်တွင်လာရောက်အပန်းဖြေသူများ၊ နှစ်သစ်ကိုကြိုဆိုကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ရန်ကုန်မြို့နေပြည်သူများနှလုံးစိတ်ဝမ်းအေးချမ်းပျော်ရွှင်စေရန်၊ စိတ်ခွန်အားသစ်များတိုးပွားစေရန်၊ အပန်းပြေစေရန်နှင့် မင်္ဂလာရှိသော နှစ်သစ်ကိုဝမ်းမြောက်ဝမ်းသာကြိုဆိုနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံဆောင်ရွက်မှုဖြင့် နိုင်ငံတကာနှစ်သစ်ကို ကြိုဆိုသည့် ဂီတဖျော်ဖြေပွဲ(New Year Countdown Music Show)ဖြင့် ည ၆ နာရီတွင် စင်တင်တေးဂီတ၏ တီးခတ်မှုနှင့်အတူ ပြည်သူချစ်သော အဆိုတော်များက ဖျော်ဖြေခဲ့ရာ ပရိသတ်များတစ်ခဲနက်ကြည့်ရှုအားပေးခဲ့ကြသည်။

ညသန်းခေါင်နှစ်သစ်ကူးပြောင်းချိန်ဖြစ်သည့် ည ၁၂ နာရီတွင် နှစ်သစ်ကူးပြောင်းချိန်ကို Music Show က ကြေညာ၍ Countdown ပြုလုပ်ပေးပြီး မီးရှူးမီးပန်းများပစ်ဖောက်ရာ ၂၀၂၄ ခုနှစ်ကို ကြိုဆိုကြသည့်ပြည်သူများက တစ်ခဲနက် Happy New Year ကြိုဆိုနှုတ်ဆက်သော အသံသည် ဒီဇင်ဘာဆောင်းကို ပွေ့ဖက်ထားသည့် ပြည်သူ့ရင်ပြင်ဥယျာဉ်အတွင်း ဖုံးလွှမ်းသွားသည်။ ပြည်သူ့ရင်ပြင်ဥယျာဉ်အတွင်း နှစ်သစ်ကိုကြိုဆိုရန် လာရောက်ကြသည့် ပြည်သူများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်အချို့က ထောပတ်ကြက်သားဟင်းနှင့်ကြက်ဆီထမင်းတို့ကို မပြတ်ကျွေးမွေးခဲ့ပြီးအပန်းဖြေအနားယူနိုင်ရန် ဆိုင်ခန်းများဖွင့်လှစ်ထားရာ ရန်ကုန်မြို့နေပြည်သူများစည်ကားများပြားစွာဖြင့်နှစ်သစ်ကိုပျော်ရွှင်အေးချမ်းစွာကြိုဆိုခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**






ဩဂုံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# မိုင်းဆတ်မြို့နယ် လွယ်ဆောင်ကျေးရွာအုပ်စု လွယ်ဆောင်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မိုင်းဆတ်မြို့နယ် လွယ်ဆောင်ကျေးရွာအုပ်စု လွယ်ဆောင်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားများကို ဩဂုံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင်အဆိုပါကျေးရွာခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသား ၁၁၁ ဦးတို့ကို အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ပန်းနာရင်ကြပ်ရောဂါ၊ မျက်စိရောဂါ၊ အတက်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို ဓာတုဆေးဝါးများမသုံးစွဲဘဲ သဘာဝနည်းပညာဖြင့် ကြာရှည်အထားခံနိုင်မည့်နည်းပညာများ ရှာဖွေဖော်ထုတ်ပေးရန်ကြိုးပမ်း

**နေပြည်တော် ဒီဇင်ဘာ ၃၁**

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဝိုလ်ဝိုလ်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ ရိတ်သိမ်းချိန်လွန်နည်းပညာဌာန(PHRI)ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ နည်းပညာပေးသင်တန်းများ ဆောင်ရွက်ထားရှိမှု၊ ဟင်းသီးဟင်းရွက်လေလှောင်ဆုံးရှုံးမှုများစစ်တမ်းကောက်ယူခြင်းနှင့် ရေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာသုတေသနလုပ်ငန်းများဖွံ့ဖြိုးရေးနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ၊ ရိတ်သိမ်းချိန်လွန်စီမံခန့်ခွဲမှုဆိုင်ရာနည်းပညာများတိုးတက်လာစေရေးနှင့် သုတေသနရလဒ်ဖြန့်ဝေရေးလုပ်ငန်းများအလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာအသိပညာများတိုးတက်မြင့်မားလာခြင်းဖြင့် လယ်ယာထွက်ကုန်များ၏လေလွင့်ဆုံးရှုံးမှုလျော့နည်းစေပြီး ကြာရှည်အထားခံနိုင်ခြင်းဖြင့် တောင်သူများဝင်ငွေတိုးတက်လာပြီး လူနေမှုဘဝမြင့်မားလာစေရန်ကြိုးပမ်းပေးကြစေလိုကြောင်း၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံများကိုဓာတုဆေးဝါးများမသုံးစွဲဘဲ သဘာဝနည်းပညာဖြင့် ကြာရှည်အထားခံနိုင်မည့်နည်းပညာများ ရှာဖွေဖော်ထုတ်ကြရန်၊ ဟင်းသီးဟင်းရွက်ရောင်းချသူအစုအဖွဲ့များကို ဓာတုဆေးများမသုံးဘဲ တာရှည်ထားနိုင်သည့် နည်းပညာများ ရှင်းပြအသိပညာပေးခြင်းကိုလည်းအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးရန်၊ လက်တွေ့ကျပြီး ပိုမိုထိရောက်အကျိုးရှိမည့် နည်းပညာများ ဖော်ထုတ်ဖြန့်ဝေပေးနိုင်ရေး ဆက်လက်ကြိုးပမ်းကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သီးနှံများဆွတ်ခူးရိတ်သိမ်းပြီးချိန် နောက်ပိုင်းကာလလုပ်ငန်းစဉ်များ၏ ရိတ်သိမ်းချိန်လွန်စီမံခန့်ခွဲခြင်းလုပ်ငန်းများ၊ အရည်အသွေးတိုးတာခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ စမ်းသပ်ခြင်းနှင့် အစားအစာ ဘေးကင်းလုံခြုံမှု သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ရှမ်းမြောင်းကျောက်မှုန့်စက်ရုံပိုင်ရှင်၏ မိခင်ဖြစ်သူအပါအဝင် အလုပ်သမား ခြောက်ဦးကို တပ်မတော်မှ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်းနှင့် မတ္တရာမြို့နယ် ဥဒိန်ကျေးရွာကို တပ်မတော်မှ မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် နေအိမ် ၅၀ ကျော် မီးလောင်ကျွမ်းခဲ့ကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ပန်းယျကျေးရွာနှင့် လယ်ကောကြီးကျေးရွာအကြားရှိ ရှမ်းမြောင်းကျောက်မှုန့်စက်ရုံပိုင်ရှင်၏ မိခင်ဖြစ်သူအပါအဝင် အလုပ်သမား ခြောက်ဦးကို ဒီဇင်ဘာ ၃၀ ရက် ည ၁၀ ခန့်က တပ်မတော်မှ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်းနှင့် မတ္တရာမြို့နယ် ဥဒိန်ကျေးရွာကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၇ နာရီခန့်က မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် နေအိမ် ၅၀ ကျော် မီးလောင်ကျွမ်းခဲ့ကြောင်း သတင်းတု၊သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit Media နှင့် RFA တို့က လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ မတ္တရာမြို့နယ် ဇီးဖြူပင်ကုန်းကျေးရွာအနီးတွင် လုံခြုံရေးတာဝန်များ ထမ်းဆောင်ခြင်းမရှိခဲ့ကြောင်းနှင့် ဒီဇင်ဘာ ၃၀ ရက် ညပိုင်းက PDF အမည်ခံ အကြမ်းဖက်သမားများက အမျိုးသမီး တစ်ဦးနှင့် အမျိုးသား သုံးဦးကို လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်သွားကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် သွားရောက်စစ်ဆေးခဲ့ပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများ ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ မတ္တရာမြို့နယ် ဥဒိန်ကျေးရွာတွင် မီးရှို့ဖျက်ဆီးမှုများနှင့် ခြိမ်းခြောက်လူသတ်၊ ငွေကြေးတောင်းခံမှုများရှိကြောင်း သတင်းရရှိသဖြင့် ယနေ့နံနက်ပိုင်းတွင် လုံခြုံရေးအဖွဲ့များကသွားရောက်၍ နယ်မြေတည်ငြိမ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်၊ လက်လုပ်စိန်ပြောင်း၊










လက်လုပ်ရှော့တိုက်ဗုံးများဖြင့် အဝေးမှ ပစ်ခတ်၍ မြစ်တစ်ဖက်ကမ်းသို့ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ၎င်းတို့ပစ်ခတ်ခဲ့သော လက်လုပ်ဗုံးသီးများသည် ကျေးရွာရှိ လူနေအိမ်များကိုထိမှန်၍ မီးလောင်ကျွမ်းပျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုတိုက်ခိုက်ရာတွင် လူနေအိမ်များအတွင်းမှ ချောင်းမြောင်းပစ်ခတ်ခြင်း၊ မိုင်းဆွဲတိုက်ခိုက်ခြင်း၊ ပြည်သူများကို လူသားတံတိုင်းအဖြစ် အကာကွယ်ယူအသုံးချခြင်းနှင့် ဆုတ်ခွာထွက်ပြေးချိန်တွင် ပြည်သူများ၏နေအိမ်များကိုမီးရှို့ဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့ပြီး ၎င်းတို့၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ညောင်လေးပင်အုပ်စု လက်ပံပင်ပြန့်ကျေးရွာရှိ စာသင်ကျောင်းနှင့် ယာတဲများကို လုံခြုံရေးတပ်ဖွဲ့များက မီးရှို့ခဲ့ကြောင်း မဟုတ်မမှန် သတင်းများကို လုပ်ကြံရေးသားပြီး လူမှုကွန်ရက်စာမျက်နှာများတွင် ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ညောင်လေးပင်အုပ်စု လက်ပံပင်ပြန့်ကျေးရွာရှိ စာသင်ကျောင်းနှင့် ယာတဲများကို လုံခြုံရေးတပ်ဖွဲ့များက ဒီဇင်ဘာ ၃၀ ရက်တွင် မီးရှို့ခဲ့ကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်သတင်းများ လုပ်ကြံရေးသားနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်စစ်ဆေးတွေ့ရှိချက်များနှင့် သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ နတ်တလင်းမြို့နယ် လက်ပံပင်ပြန့်ကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှုများနှင့် ခြိမ်းခြောက်လူသတ်၊ ငွေကြေးတောင်းခံမှုများရှိကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့်အဆောက်အအုံများကို မီးရှို့မှုများမရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရာတွင် လူနေအိမ်များအတွင်းမှ ချောင်းမြောင်းပစ်ခတ်ခြင်း၊ မိုင်းဆွဲတိုက်ခိုက်ခြင်းတို့ဖြင့် ပြည်သူများကို လူသားတံတိုင်းအဖြစ် အကာကွယ်ယူ၍ လုပ်ဆောင်ခြင်းနှင့်ဆုတ်ခွာထွက်ပြေးရာတွင်လည်း နေအိမ်များကို မီးရှို့လျက်ရှိပြီး ၎င်းတို့၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဆောင်းရာသီတွင် အဖြစ်များသော ဗောက်ထယားယံခြင်း

ပေါက်ပေါက်



ဗောက်ဆိုသည်မှာ ဦးရေပြားယားယံသည့် အဖြူဖတ်ကလေးများဖြစ်ပြီး အင်္ဂလိပ်လို Dandruff ဟုခေါ်သည်။ အသားအရေ ခြောက်သွေ့သူများ၊ အဆီထွက်များသော ဦးရေပြားနှင့် ဆံသားပိုင်ရှင်များတွင် ဗောက်ရောဂါဖြစ်နိုင်ခြေပိုများသည်။ ဗောက်ရောဂါသည် ကြီးကောင်ဝင်စအရွယ်တွင် စတင်ဖြစ်ပေါ်လေ့ရှိပြီး လူ့ဘဝတစ်သက်တာလုံး ဗောက်ယားယံခြင်းကို ဖြစ်စေနိုင်သည်။ အချို့ကမူ ဆယ်ကျော်သက်အရွယ်တွင် ဗောက်ယားသော်လည်း သက်လတ်ပိုင်းအရွယ်ရောက်သည့်အချိန်တွင် အလိုအလျောက်ဗောက်ထခြင်းသက်သာသွားသည်။ ဆေးသိပ္ပံနည်းအရလေ့လာကြည့်ရာတွင် အမျိုးသားဟော်မုန်းက ဗောက်ထခြင်းကိုဖြစ်စေနိုင်ကြောင်း တွေ့ရသည့်အတွက် အမျိုးသားများက အမျိုးသမီးများထက် ဗောက်ပိုထလေ့ရှိသည်။ ထို့ပြင် ဟော်မုန်းအထွက်များသော အမျိုးသားများတွင် ဗောက်ရောဂါဖြစ်လွယ်သည်။

ဥတုသုံးလီရှိသည့်အနက် ဆောင်းရာသီတွင် ဗောက်ထခြင်း ပိုမိုဖြစ်ပွားလေ့ရှိသည်။ အကြောင်းမှာ ဆောင်းရာသီ၌ လေထုစိုထိုင်းစနည်းပါးမှုက ဆံသားနှင့်ဦးရေပြားတို့ကို ပိုမိုခြောက်သွေ့စေခြင်းကြောင့် ရလဒ်အနေဖြင့် ဆဲလ်ဟောင်းများကွာကျပြီး ဗောက်ထလာခြင်းဖြစ်သည်။ လေ့လာမှုမှတ်တမ်းများအရ ကမ္ဘာ့လူဦးရေ ၅၀ ရာခိုင်နှုန်းကျော် ဗောက်ရောဂါဖြစ်ပေါ်ခံစားနေကြရပြီး အထူးသဖြင့် ရာသီဥတုအေးသော အနောက်နိုင်ငံများတွင် လူဦးရေ၏ထက်ဝက်ခန့် ဗောက်ထကြကြောင်းနှင့် ၎င်းနိုင်ငံ၏ အေးမြသောရာသီဥတုကြောင့် အသက်တစ်နှစ်ခန့်ကလေးများတွင်လည်း ဦးရေပြားယားယံ ဗောက်ရောဂါကို ခံစားရတတ်ကြောင်း သိရသည်။

**ဗောက်ထခြင်းကိုဖြစ်စေသော အကြောင်းများ**

အကြောင်းအမျိုးမျိုးကြောင့် ဗောက်ယားယံခြင်းကို ဖြစ်စေနိုင်ပါသည်။ အစားအသောက်နှင့် ရာသီဥတုအပြောင်းအလဲများက ဗောက်ထစေသော အကြောင်းရင်းဖြစ်ပြီး အပူအစပ်၊ အချို၊ အငန်ကြိုက်သူများက အခြားသူများထက် ဗောက်ရောဂါပိုဖြစ်နိုင်သည်။ အရက်၊ ဘီယာ စသည့် အယ်လ်ကိုဟောလ်ကလည်း ဗောက်ထစေနိုင်သော အကြောင်းအရာတစ်ခုဖြစ်သည်။ Parkinson ခေါ် ခြေတုန်လက်တုန်အာရုံကြောရောဂါ၏ ဘေးထွက်ဆိုးကျိုးများအဖြစ် အဆီထွက်များပြီး ဦးရေပြားရောင်ရမ်းခြင်းနှင့် ဗောက်ရောဂါဖြစ်နိုင်ခြေပိုများသည်။ HIV ရောဂါပိုးရှိသူ သို့မဟုတ် တီဘီရောဂါ သို့မဟုတ် အခြားကျန်းမာရေးအခြေအနေ တစ်ခုခုကြောင့် ခုခံအားကျနေသူများတွင်လည်း ဗောက်ရောဂါဖြစ်နိုင်သည်။ Psoriasis ခေါ် အရေပြားရောဂါနှင့် နှင်းခူနာရှိသူများက အခြားသူများထက် ဗောက်ထနိုင်ခြေပိုများသည်။ နေ့တိုင်းခေါင်းလျှော်ခြင်းကလည်း အရေပြား အဆီဂလင်းကို ပို၍ အလုပ်လုပ်စေကာ ဗောက်ပိုထလာနိုင်သည်။ အိပ်ရေးမဝခြင်း၊ အာဟာရချို့တဲ့မှုနှင့် ကိုယ်ခံအားနည်းခြင်းကြောင့် ဗောက်ထနိုင်ပြီး အထူးသဖြင့် သွပ်ဓာတ်၊ ဗီတာမင်ဘီနှင့် အိုမီဂါသရီး ချို့တဲ့သူများက ဗောက်ထနိုင်ခြေပိုများသည်။ ရှမ်ပူ၊ ဓာတုဆိုးဆေးပါသော ခေါင်းလျှော်ရည်နှင့် ဆံပင်သန်ဆေးများကြောင့်လည်း ဗောက်ထလာနိုင်ပါသည်။

**ကာကွယ်ရန်**

ဗောက်ယားယံခြင်းကိုကာကွယ်ရန် နည်းလမ်းများစွာရှိသော်လည်း အမှန်တကယ် ထိရောက်သည့် နည်းလမ်းတချို့ကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။ ၎င်းတို့မှာ-

- နေ့စဉ် ခေါင်းမလျှော်ပါနှင့်။ ရက်သတ္တပတ်တစ်ပတ်လျှင် အလွန်ဆုံး နှစ်ကြိမ်၊ သုံးကြိမ်ခန့်သာလျှော်ပါ။
- ခေါင်းလျှော်နေစဉ် ဦးရေပြားကို ခပ်ကြမ်းကြမ်းကုတ်ခြစ်ခြင်းရှောင်ပါ။
- ခေါင်းလျှော်ပြီးနောက် Hair Gel နှင့် Spray များ မသုံးပါနှင့်။ ၎င်းပစ္စည်းများက ဦးရေပြားပေါ်ရှိ အဆီဂလင်းနှင့်ပေါင်းပြီး ဗောက်ထခြင်းကို ပိုမိုဆိုးရွားလာစေနိုင်ပါသည်။
- ဖြစ်နိုင်လျှင် ဆံပင်ဆိုးဆေး၊ ဆံပင်သန်ဆေးများကို ရှောင်ပါ။
- ဗောက်ထခြင်းကြောင့် ဆံပင်ကျွတ်ထွက်မှုများသော်လည်း နေ့စဉ်ခေါင်းဖြီးပါ။ ခေါင်းဖြီးခြင်းဖြင့် ဦးရေပြားက ထွက်ကျလာသော ဆဲလ်အသေများကို ဖယ်ရှားပစ်နိုင်ပါသည်။
- တရော်၊ ကင်ပွန်းသီး၊ ရှောက်သီးပုပ်တို့က ဦးရေပြားအေးမြစေကာ ဗောက်ထခြင်းကို သက်သာစေသည်။ သို့သော် ၂၁ ရာစုတွင် ၎င်းတို့ကို မသုံးတော့ဘဲ အသင့်လုပ်ခေါင်းလျှော်ရည် (Shampoo) ကိုသာ သုံးစွဲလာကြသည်။ ထိုဘူးခွံပေါ်တွင် Itchy Scalp Antidandruff စာတန်းပါသော Shampoo ကိုသာသုံးစွဲပါ။ ခေါင်းလျှော်သည့်အခါ ရေများများသုံးပါ။
- ဗောက်ကင်းစင်ပြီး ဆံသားလည်း တောက်ပြောင်စေရန်အတွက် ခေါင်းလျှော်ပြီးတိုင်း Conditioner (ဆံသားပျော့ဆေး)ကို အသုံးပြုသင့်သည်။ သို့သော် ရေစင်စင်ဆေးပေးပါ၊ မစင်ကြယ်ပါက ဗောက်ထခြင်း ပိုမိုဖြစ်ပွားစေသည်။
- စိတ်ဖိစီးမှုကြောင့် ဗောက်ပိုထစေပါသည်။ ထို့ကြောင့် စိတ်ဖိစီးမှုများကို တတ်နိုင်သမျှလျှော့ချပါ။
- နံနက်ပိုင်း နေပူဆာလှုံပါ။ ခရမ်းလွန်ရောင်ခြည်နှင့်အတူပါလာသော UVA အမျိုးအစားက ဗောက်ကိုသက်သာစေပါသည်။
- နေပူထဲထွက်သည့်အခါ ဦးထုပ်မဆောင်းပါနှင့်။ ထီးဆောင်းပါ။ ပူပြင်းသောနေရောင်ကြောင့် ဦးရေပြားမှ ယိုစိမ့်ထွက်လာသော ချွေးအစိုဓာတ်က မှိုပိုးပေါက်ဖွားမှုကို အားပေးသည်။
- ဗောက်ထ၍ ခေါင်းယားသော်လည်း မကုတ်ပါနှင့်။ မကြာခဏကုတ်ခြင်း၊ ခပ်ကြမ်းကြမ်းကုတ်ခြစ်ခြင်းက ဆံသားအမြစ်၏ ကျန်းမာမှုကို အားနည်းစေသဖြင့် ဆံပင်ကျွတ်လွယ်သည်။

**အိမ်တွင်းကုထုံးများ**

ဗောက်များက ဦးခေါင်းပေါ်တွင် အဖြူအဖတ်များအဖြစ် အကြည့်ရဆိုးသလောက်၊ အင်မတန်မှယားယံ၍ နေရထိုင်ရခက်ပါသည်။ အကျီအရောင် ရင့်ရင့်ဝတ်ဆင်ထားစဉ် ခေါင်းပေါ်မှ အဖြူရောင်ဗောက်ဖတ်များက အကျီပေါ်ကြွေကျသဖြင့်အမြင်မလှနိုင်တော့ပေ။ Shampoo တချို့က ဗောက်ပျောက်စေသော်လည်း လုံးဝအမြစ်ပြတ်ပျောက်ကင်းသွားလေ့မရှိကြပေ။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ အိမ်တွင်းကုထုံးများကို သုံးစွဲကြည့်စေလိုပါသည်။

ကြက်သွန်နီက ဗောက်ပြဿနာအတွက် အကောင်းဆုံးဆေးတစ်မျိုးပါ။ ကြက်သွန်နီကိုကြိတ်၍ ရလာသောအရည်ဖြင့် ဦးရေပြားအနှံ့လိမ်းကျံပြီးနောက် အနည်းဆုံး ၁၀ မိနစ်ခန့်အကြာတွင် ရေဖြင့်လောင်းလျှော်ပေးပါ။

ရှလကာရည်က ဦးရေပြားပေါ်ရှိ ဆဲလ်အသေများကိုဖယ်ရှားပေးပြီး ယားယံခြင်းကို သက်သာစေပါသည်။ ဦးစွာ ခေါင်းပေါ်ရှိ ဗောက်ဖတ်များကို ကုန်စင်အောင်ဘီးဖြင့်ဖြီးချပါ။ ထို့နောက် ရှလကာရည်နှင့် ရေအေးတို့ကို ဆတူရော၍ သို့မဟုတ် ရှလကာရည်အနည်းငယ်ပိုထည့်ပြီး ဦးရေပြားအနှံ့ နှိပ်နယ်လိမ်းကျံပေးပါ။ မိနစ်အနည်းငယ်အကြာ ရေဖြင့်လောင်းလျှော်ပြီးနောက် ပုံမှန်သုံးနေကျ Shampoo ဖြင့် စင်အောင်လျှော်ပေးပါ။

မုန့်လုပ်ဆော်ဒါက ဦးရေပြားပေါ်ရှိ မှိုများကို သေစေနိုင်သော အာနိသင်ရှိပါသည်။ ခေါင်းတစ်ခုလုံးကို ရေဆွတ်ပြီး လက်တစ်ဆုပ်စာ မုန့်လုပ်ဆော်ဒါမှုန့်ဖြင့် ဦးရေပြားထိရောက်အောင် အားရပါးရပွတ်တိုက်၍၊ ရေဖြင့် စင်စင်လျှော်ချပါ။ ဗောက်အထူအပါးပေါ်မူတည်၍ တစ်ပတ်လျှင် နှစ်ကြိမ် သုံးကြိမ်မျှလျှော်ပေးပါ။

ဆင်တုံးမနွယ်ပင်၏ အခါးဓာတ်များက ဗောက်ဖြစ်စေသောမှိုပိုးများကို သေစေနိုင်သော အစွမ်းသတ္တိရှိပါသည်။ ဆင်တုံးမနွယ်ရွက်ကို ကြိတ်ခြေ၍ ဦးရေပြားအနှံ့လိမ်းကျံပါ။ ဆင်တုံးမနွယ်ရွက်ရင့်ရင့် နှစ်ရွက်ကို ရေနွေးတစ်ညဉ့်တာစိမ်ပေးပြီး နံနက်မိုးသောက်တွင် ထိုအရည်ဖြင့် ဆံသားများကို လိမ်းပေးပါ။ တစ်နာရီခန့်အကြာ ရေအေးဖြင့် သန့်စင်လျှော်ချပါ။

အယ်လ်ကိုဟောလ်ဖြင့် အခြေခံထုတ်လုပ်ထားသော Listerine ခေါ် ခံတွင်းသန့်စင်ရည်ကလည်း ဗောက်များကို သေစေနိုင်သည့် အာနိသင်ရှိပါသည်။ ထို့ကြောင့် မိမိလျှော်နေကျ Shampoo သုံးပြီးနောက် ခံတွင်းသန့်စင်ရည်ဖြင့် လျှော်ချပေးနိုင်ပါသည်။ သို့သော် မျက်စိထဲမဝင်မိအောင် သတိထားပါ။

အာဟာရပြည့်ဝစွာ စားသောက်နေထိုင်ခြင်းဖြင့် ကျန်းမာရေးကောင်းမွန်စေသလို၊ အသားအရေစိုပြည်လှပစေကာ အသားရေနှင့်ပတ်သက် ဆက်စပ်လျက်ရှိသော ဗောက်ရောဂါကိုလည်း မဖြစ်စေနိုင်တော့ပေ။ ထို့ကြောင့် အသားရေခြောက်သွေ့မှုကင်းဝေးပြီး ဗောက်ပျောက်စေရန်အတွက် ဘရိုကိုလီ ခေါ် ပန်းဂေါ်ဖီစိမ်း၊ မုန်ညင်းထုပ်အဖြူ၊ ဆလတ်ရွက်၊ အဆီများသောငါး (ငါးကြီးဆီ)၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ အခွံမာသီး အစေ့အဆန်များနှင့် မြေပဲတို့ကိုစားပါ။

သံပရိုသီးထဲရှိ သဘာဝအက်စစ်ဓာတ်က ဗောက်ဖြစ်စေသော မှိုများကို အင်တိုက်အားတိုက်ဖြိုခွင်းပေးနိုင်စွမ်းရှိပါသည်။ သံပရိုသီး အလုံးလိုက်ကို စားပွဲပေါ်တင်လှိမ့်၍ ထက်ခြမ်းခြမ်းပြီး ဗောက်ယားယံသော ဦးရေပြားအနှံ့ ဖိ၍ပွတ်တိုက်ပါ။ နာရီဝက်ခန့်အကြာတွင် ရေသန့်ဖြင့်လျှော်ချပါ။ အလွန်အယားပြေစေရုံသာမက၊ သံပရိုသီးရနံ့ ဆံပင်တွင် စွဲကျန်ခဲ့စေပါမည်။ ထိုရနံ့ကို ဗောက်မှိုများ ကြောက်ကြသဖြင့် တော်တော်နှင့် ဗောက်မစွဲစေတော့ပေ။

လက်ဖက်ရွက်အဆီသည် အရေပြားပေါ်ရှိ မှိုပိုးများကို နှင်ထုတ်ပေးနိုင်သည့် ဆေးဖက်ဝင်အရွက်ဖြစ်သည်။ လက်ဖက်ရွက်အဆီ လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာကို ရေနွေးတစ်ခွက်ဖြင့် သမအောင်ရောမွှေထားပါ။ ခေါင်းကို ပုံမှန်လျှော်နေကျ ရှမ်ပူဖြင့်လျှော်ပြီးနောက် စောစောကရောစပ်ထားသော လက်ဖက်ရွက်ဆီဖြင့် ဦးရေပြားထဲထိ စိမ့်ဝင်အောင် လိမ်းကျံနှိပ်နယ်ပေးပါ။ (ခေါင်းကို ရေဖြင့် ထပ်မလျှော်ပါနှင့်) ၁၀ မိနစ်ခန့်အကြာ ဆံပင်ပေါ်ရှိ ရေများကို ပုံမှန်နည်းအတိုင်း ရေခြောက်အောင် သုတ်ပေးပါ။ ဗောက်များပါးသွားသည့်အပြင် ဆံသားများ နက်မှောင်လာပါလိမ့်မည်။

ရှားစောင်းလက်ပပ်ပင်က အရေပြားပေါ်ရှိဆဲလ်များတည်ဆောက်မှုကို သူမတူအောင် ကောင်းကျိုးပြုသည်။ ခေါင်းမလျှော်မီ ၁၅ မိနစ်ခန့် ကြိုတင်၍ ရှားစောင်းဂျယ်လီ(အနှစ်)များဖြင့် ဦးရေပြားအနှံ့ ပွတ်လိမ်းပေးပြီး ပုံမှန်လျှော်နေကျ Shampoo ဖြင့် လျှော်ချပေးပါ။

အိမ်သုံးဆားများက အရေပြားပေါ်ရှိ ပိုလျှံသော အဆီများနှင့် ဗောက်ကဲ့သို့သေနေသော အရေပြားအဖတ်လွှာများကို သဘာဝနည်းကျကျ သန့်စင်ပေးနိုင်စွမ်းရှိပါသည်။ စားပွဲတင်ဇွန်း သုံးဇွန်းစာပမာဏရှိ ဆားများဖြင့် ဦးရေပြားအနှံ့ ပွတ်တိုက်ပြီး ၁၀ မိနစ်အကြာ ရေစင်စင်လောင်းချ၍ ပုံမှန်လျှော်နေကျ ရှမ်ပူဖြင့် လျှော်ပေးပါ။

ဒိန်ချဉ်ထဲကို သံပရိုသီးအနည်းငယ်ညှစ်ထည့်ပြီး ဆံသားနှင့် ဦးရေပြားအနှံ့လိမ်း၍ ပဝါတစ်ထည်ဖြင့် ပေါင်းထားပါ။ ဗောက်ထခြင်းနှင့် ဆံပင်ကျွတ်ခြင်းကို သက်သာစေပါသည်။

သံလွင်ဆီ သို့မဟုတ် အုန်းဆီကို အပူပေးပြီး ခေတ္တအအေးခံပါ။ ထို့နောက် ဦးရေပြားနှင့် ဆံသားအနှံ့ဆီလူးပြီး ညင်ညင်သာသာ နှိပ်နယ်ပေးပါ။ ဤနည်းက ဆံပင်ကို အရင်းမှအဖျားထိ အာဟာရပြည့်ဝစေပြီး ဆောင်းရာသီအအေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခြင်းကို သက်သာစေနိုင်ပါသည်။

တမာရွက်က မှိုပိုးများကိုသေစေနိုင်ပြီး ဦးရေပြားယားယံခြင်းကို သက်သာစေနိုင်သည်။ အုန်းဆီပုလင်းထဲကို တမာရွက်ထည့်စိမ်ပြီး ဆံသားနှင့် ဦးရေပြားပေါ် လူးပေးပါ။

(မှတ်ချက်) အပူဓာတ်စီးဆင်းကာ ဦးရေပြားခြောက်သွေ့စေတတ်သော ကော်ဘီးများကို လုံးဝမသုံးပါနှင့်။ ခေါင်းလျှော်သည့် အခါတိုင်း သုံးနေကျဘီး၊ ကလစ်၊ ခေါင်းစည်းကြိုး၊ ဘီးကုပ် စသည်တို့ကို ဆပ်ပြာဖြင့် သန့်စင်အောင်ဆေးကြောပါ။ ခေါင်းလျှော်သောနေ့တွင် ခေါင်းအုံးစွပ်အသစ်လဲပါ။

အချုပ်အားဖြင့်ဆိုရသော် ဗောက်ထူ၊ ဗောက်ထ၊ ဗောက်ယားယံခြင်းသည် ရှက်စရာမဟုတ်ပါ။ မွေးရာပါအသားအရေနှင့် ဦးရေပြားရောဂါကြောင့်ဖြစ်ပါသည်။ ဗောက်သည် သန်းကဲ့သို့ လူတစ်ဦးနှင့်တစ်ဦးမကူးစက်နိုင်ပါ။ ဗောက်ရောဂါသည် အရေပြားရောဂါကြီးကြီးမားမားမဟုတ်သဖြင့် ကြောက်စရာမလို။ ခန္ဓာကိုယ်တွင်း အပူများသူများက ဆောင်းရာသီတွင် ဗောက်ထလာကြသည်။ ဗောက်ထလေ့ရှိသူများကလည်း ဆောင်းရာသီတစ်ခုတည်းသာမဟုတ် ဥတုရာသီမရွေး ဗောက်ထတတ်ကြပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများဖြင့် ဗောက်ရောဂါမှ ကင်းဝေးနိုင်ကြပါစေကြောင်း ။ ■

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၀၃ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၀၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၀၃ ဧကကို ဇန်နဝါရီလ ပထမပတ်မှစ၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပဲတီစိမ်းသီးနှံအပါအဝင် ဆောင်းသီးနှံများ အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ငပုတောမြို့နယ်မှာ ဆောင်းသီးနှံပဲတီစိမ်းကို စုစုပေါင်း ၁၂၀၃ ဧက လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးသွားမဲ့ ပဲတီစိမ်းသီးနှံတွေ အပါအဝင် ဆောင်းသီးနှံတွေ ပိုးမွှားအန္တရာယ် ကင်းရှင်းဖို့၊ ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် သီးနှံတွေ မစိုက်ခင်အချိန်ကနေ စိုက်ပျိုးပြီးတဲ့အချိန်ထိ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာ၌ စိုက်ပျိုးသွားမည့် ပဲတီစိမ်းများ လျာထားစိုက်ဧက ပြည့်မီစိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး ပဲတီစိမ်းသီးနှံများ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းပဲများ ထွက်ရှိစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ကွင်းဆင်း အသိပညာပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်းသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာဌာနနှင့်ပူးပေါင်းပြီး ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကိုလည်း ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တီးတိန်မြို့နယ် တွီးထန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**တီးတိန် ဒီဇင်ဘာ ၃၁**


ချင်းပြည်နယ် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တွီးထန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လွင်ငိုက်လွန်၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက တွီးထန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာ ရေးသွင်းထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်လွင်ငိုက်လွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားကြောင်း သိရသည်။

တီးတိန်မြို့နယ် တွီးထန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း ၁၁၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၇ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**



# အချစ်ဝိညာဉ်

ပိုင်ပိုင်

(၁)

"ဟယ်လို"

"ကျွတ် ပြောကွာ။ အလုပ်က မအားပါဘူးဆို"

သူ့စကားက ကိုယ့်ချစ်သူကိုပြောရမဲ့စကားလား။ ရင်ထဲအောင့်သက်သက်နဲ့ ဖုန်းကိုင်ထားရင်း ဘာဆက်ပြောရမှန်းမသိ။

"ဟာ ဘာမှမပြောဘူးလား။ စကားတစ်ခွန်း ပြောမဲ့အရေး နှုတ်လေးနေလား။ ဒါဆို ဖုန်းချလိုက်ပြီ"

"ဟင်"

ဘာမှမပြောလိုက်ရဘဲ ဖုန်းချသွားပြန်ပြီ။ ချစ်ဒေါသအပူမီးတွေက တငွေ့ငွေ့လောင်လို့။ သူ တကယ်မချစ်ပါလားအတွေးနဲ့ ဝမ်းနည်းကြေကွဲမိတာဆိုစရာစကားမရှိတော့။ သူပဲ သိပ်ချစ်ပါတယ်ဆို။ တစ်နေ့သုံးကြိမ် အသံလေးကြားချင်တာပါဆို။ တန်ဖိုးကြီးတဲ့အချစ်တွေမို့ ဘယ်တော့မှမဝေးကြဘူးဆို။ အခုတော့ သူ့ကိုလိုက်နှောင့်ယှက်နေသလို စိတ်မကြည်တဲ့လေသံ။ တလိမ့်လိမ့်ကျလာတဲ့ မျက်ရည်တွေကမကုန်နိုင်ပါလား။ အင်းလေ သူ အခုချိန်မအားဘူးဆိုရင်လဲ ညနေမှသာ ဖုန်းပြန်ခေါ်ရုံပေါ့။ တစ်ရွာသားကို ရည်းစားထားရင် လွမ်းရမယ်ဆိုတဲ့စကားအတိုင်း လွမ်းရတာတော့ စက္ကန့်နဲ့အမျှပါပဲ။ အရင်ကတော့ မနက်ခင်း သူပို့တဲ့ မက်ဆေ့ကိုကြည့်ပြီးအပြုံးလေးနဲ့နိုးထရတာ ကြည်နူးလိုက်ရတာ။ Video Call ခေါ်ပြီး "ဘာစားပြီးပြီလဲ။ နေကောင်း အောင်နေနော်။ ဒီနေ့ ကို ဘယ်သွားမယ်၊ ဘာလုပ်မယ်" လို့ ပြုံးပြုံးလေးပြောပြတတ်တဲ့ သူ့မျက်နှာလေးကို လွမ်းလိုက်တာ။

"ပန်းပွင့်ရေ ယာထဲဖျန်းမဲ့ဆေးဘူးတွေကို အိမ်အပေါ်ထပ်ခိုးပေါ်တင်ထားစမ်း။ ညည်းတူ မျောက်ရှုံးတွေ ကိုင်မိဆော့မိ မတော်လို့သောက်မိရင် ခက်မယ်"

"ဟုတ် အမေ"

ပိုးသတ်ဆေးဘူးတွေကို သယ်ပြီး အိမ်အပေါ်ထပ်ခိုးပေါ်တက်သိမ်းပေးရတယ်။ မမကြီး သားနှစ်ယောက်က ကျောင်းကပြန်လာတာနဲ့ အိမ်ပေါ်ပြေးတက်လာတာပဲ။ တွေ့တာအကုန်ယူဆော့လိုဆော့၊ စားစရာဆိုလဲရှာဖွေစားတတ်ပါ့။ တစ်ခါကများ ဆိုရင် တူအငယ်ကောင်က ပန်းပွင့်ရဲ့ရေမွှေးဘူးကို ဖွင့်ပြီး မော့သောက်မလို့။ အမြန်ဆွဲလုလိုက်ရတယ်။ မွှေးနေတာဆိုတော့ ချိုသလားသိချင်လို့သောက်ကြည့်မလို့တဲ့လေ။ အိမ်အလုပ်တွေသာလုပ်နေရတယ် လွမ်းတဲ့စိတ် မကျေနပ်တဲ့စိတ်က တရိပ်ရိပ်နဲ့။ ဟူး. . . သူများဖုန်းပြန်ခေါ်လေမလားလို့ မျှော်လင့်မိတဲ့စိတ်က ပင်ပန်းလိုက်တာ။ Miss call မြင်ရင်တောင် ဖုန်းပြန်မခေါ်တော့တဲ့သူက တကယ်အေးစက်နေပြီပဲ။ မက်ဆေ့ပို့ထားရင်လဲ ပြန်မပို့တော့ဘူး။ ပန်းပွင့်ကို ပထမဆုံးနေရာမှာ ထားထားပါတယ်ဆိုတဲ့ သူ့စကားက ဘယ်ရောက်သွားပြီလဲ။ ပန်းပွင့်ဆီကို မကြာမကြာလာတွေ့ပါ့မယ်။ အပြောတွေကကော လွင့်ပြယ်နေတာကြာပေါ့။ တကယ်ဆိုရင် အစကမတွေ့ခဲ့ကြရင်ကောင်းမယ်လို့ ခဏခဏတွေးမိပါရဲ့။ သိပ်ချစ်တော့လဲ အလျှော့ပေးပြီး ဖုန်းထပ်ဆက်ရမှာပဲလေ။ ဖုန်းခေါ်နေရင်း ပြန်ထူးလာမဲ့ သူ့အသံလေးကို ရင်တမမနဲ့။

"ဟယ်လို"

"ကိုရေ အားပြီလား"

"အင်း"

"မနက်က တအားလွမ်းနေတာကိုရဲ့။ ဘယ်တော့လာမလဲ"

"လာမယ်။ ဘယ်တော့လဲမပြောတတ်ဘူး။ ခဏနေဖြစ်မလား။ မနက်ဖြန်ဖြစ်မလား။ အလုပ်အားတာနဲ့လာမယ်"

မသေချာလိုက်တဲ့စကားနဲ့ မျှော်လင့်ချက်တွေပေးနေတာ။ သူ့အသံအေးစက်စက်မှာ ခံစားသက်ဝင်မှုမရှိတော့ပါလား။

"အဲလို မသေချာတဲ့စကားမပြောပါနဲ့။ ပန်းပွင့်ကိုလဲ စာနာပေးပါ။ သိပ်လွမ်းနေလို့ အသံလေးကြားချင်လို့၊ မျက်နှာလေးမြင်ချင်လို့၊ တွေ့ချင်လွန်းလို့ဆိုတာကို တောင်းဆိုရတာမောလှပြီ။ ကို သိပ်နေနိုင်တာပဲ"

"နေနိုင်တယ်လို့ ထင်နေလား။ ကဲ ကို လာမယ်။ တွေ့ကြမယ်။ ပြီးတော့ ကို ပြန်သွားရမယ်။ တွေ့ပြီးမှ ပြန်ခွဲခွာရတဲ့စိတ်၊ ကျန်ခဲ့သူထက် ပြန်သွားရတဲ့သူက ပိုခံစားရမယ်လို့မထင်ဘူးလား"

"ကိုကလဲကွာ တွေ့ချင်တာပဲ။ ကတိတွေအများကြီးပေးထားပြီးတော့ ကိုက တကယ်မချစ်ပါလား"

"ဖုန်းတွေဆက်လိုက်၊ အသံကြားပြီးပိုလွမ်းလာလိုက်။ လာတွေ့လိုက် ပြန်သွားရလိုက်နဲ့ ပိုလွမ်းလာမယ်။ ပိုခံစားရမယ်။ ဒီအခြေအနေအကြောင်းတရားကြီးမှာ ရင်ထဲမှာပဲထားလိုက်ကြတာ ကောင်းပါတယ်"

"ဘာပြောတယ်။ ကိုက အဲလို မဆက်သွယ်ဘဲ နေနိုင်ပေမဲ့ ပန်းပွင့်က မနေနိုင်ဘူး အဟင့် ဟင့်"

"ကျွတ် ငိုတာမကြိုက်ပါဘူး။ တွေ့ချင်ရင် လာတွေ့ကွာ။ မိန်းကလေးမို့ လာမတွေ့ရဘူးလို့ ဘယ်သူမှ သတ်မှတ်မထားဘူး။ နေမလား ကို့အနားမှာ။ ကို တကယ်မအားတာ။ တစ်နေကုန်အလုပ်များတာ လာကြည့် လာကြည့်"

"တစ်နေကုန် မအားနေလဲ တစ်မိနစ်လောက် ကိုယ့်ချစ်သူကို ဂရုစိုက်ပေးလို့မရဘူးလား။ တစ်မိနစ်လေးလောက် ဖုန်းဆက်ပေးလို့မရဘူးလား"

"ဟာ အခုဖုန်းပြောနေတာ တစ်မိနစ်မကတော့ဘူးလေကွာ ရစ်တာမကြိုက်ဘူး။ စိတ်ရှုပ်ရမဲ့စကားတွေပဲပြောနေမှာလား"

"အခုတော့ ပန်းပွင့်က စိတ်ရှုပ်ရမဲ့သူဖြစ်နေပြီလား။ အရင်ကတော့ ကိုပဲပြောခဲ့တာလေ အရင်က"

"တော်လိုက်တော့ အရင်ကစကားတွေထားလိုက်တော့ နားအေးပါးအေး နေချင်တယ်"

ရက်စက်လှတဲ့သူ့အပြောက ဓားနဲ့ရင်ဘတ်ကို ရှေ့တည့်တည့်ကထိုးနေသလိုပါပဲ။ သူ ဒီလိုအေးစက်စက်မာကျောကျောစကားတွေပြန်ပြောနေတာ အခါပေါင်းမနည်းတော့ဘူး။ ပန်းပွင့် ရင်နာစေမဲ့စကားတွေ ပြောရက်လိုက်တာ။

"ဟယ်လို ဟယ်လို ဟာ ဘာလဲကွာ။ အဲဒီလို ဘာမှမပြောတော့ပဲ ငြိမ်သွားတာလဲ မကြိုက်ဘူး။ မအားဘူးကွာ။ မပြောတော့ရင်လဲ ဒါပဲ"

သူဖုန်းချသွားပြီ။ ဖုန်းကိုင်ထားတဲ့လက်က တုန်ယင်လာတယ်။ သူ တကယ်မချစ်ပါလား။ သူ တကယ်မချစ်ခဲ့တာပါလား။ အရင်ကတည်းက သူ့မှာ အခြားချစ်ရမဲ့သူတွေရှိနေလား။ သူက မချစ်တတ်တဲ့သူလား။ သိပ်ချစ်တယ်လို့ သူပြောခဲ့တာ အလိမ်အညာတွေလား။ ဒါဆို ပန်းပွင့် ဘာလုပ်ရမလဲ။ ယုံကြည်ထားတဲ့ ချစ်ခြင်းတွေ ပျက်သုဉ်းသွားပြီလားဆိုတဲ့ ခံစားချက်က အသိစိတ်တွေကို အမှောင်ကျစေပြီ။ သီးနှံပင်တွေပိုးထိုးရင် ပိုးသတ်ဆေးဖျန်းရသလို ပန်းပွင့်ရင်ကို ထိုးနှက်နေတဲ့ အချစ်ပိုးကိုလဲ ငြိမ်းရမယ်။ အိပ်ရာထက်မှာ ငြိမ်သက်နေပေမဲ့ လှိုင်းထန်နေတဲ့ ရင်ဘတ်ကြီးက ပူလောင်လှတယ်။ ကို့အနားနေမလားတဲ့။ နေမယ်။ သူ့အနားမှာ ဝိညာဉ်လေးအဖြစ်နဲ့ ကပ်နေချင်တယ်။

(၂)

အေးစက်စက် ပြင်းရှရှအရည်တွေကို တစ်ကျိုက်ပြီး တစ်ကျိုက် မော့ချလိုက်ပြီ။ လည်ချောင်းတစ်လျှောက်ပူလောင်စီးဆင်းကာ အစာအိမ်ထဲ ဝင်သွားပြီ။

တစ်မိနစ် သွေးကြောတွေထဲ မီးလိုပူလာ၊ အစာအိမ်နံရံတွေ ပေါက်ထွက်လာသလိုလို။ နှလုံးအိမ်က သွေးလွှတ်ကြောတွေ ပြတ်ကုန်ပြီလားထင်မိ။ နှစ်မိနစ် တစ်ကိုယ်လုံး မီးမြိုက်နေသလို တဆတ်ဆတ်တုန်ကာ ပူသည်ထက် ပူလာ။ အာခေါင်တွေ အက်ကွဲလာသလိုလို။ ခေါင်းထူမရတော့။ သုံးမိနစ် သိနေသေးတယ်။ လွမ်းတဲ့စိတ်၊ နာနာကြည်းကြည်းချစ်တဲ့စိတ်၊ မေ့မရတဲ့ မျက်နှာလေး။ လေးမိနစ် ခံနိုင်ရည် ကုန်လာပြီ။ ရင်တွင်းကလီစာတွေ အကုန်လောင်ကျွမ်းပြီ။ ပြာနှမ်းနှမ်း နှုတ်ခမ်းက ဟထားလဲ အသက်ရှူမဝတော့။ လွင့် လွင့် လွင့်လိုက်ပါတော့ ချစ်တဲ့သူဆီကို ပန်းပွင့်ရဲ့ဝိညာဉ်လေး။

ပူလောင် နာကျင် မွန်းကျပ်လာတဲ့ ခန္ဓာကိုယ်ထဲက ခက်ခက်ခဲခဲလွင့်ထွက်လာတဲ့ ဝိညာဉ်လေး။ လွင့်စဉ်ရောက်ရှိပြီ ချစ်သူ့နံဘေး ။ အို သူဂိမ်းဆော့နေပြန်ပြီ။ ပြောတော့အလုပ်မအားဘူးတဲ့။ ဖုန်းကိုစူးစိုက်ကြည့်နေတဲ့ မျက်ဝန်း၊ ရှုံ့တွန့်ထားတဲ့ မျက်မှောင်။ အာရုံကြောတွေ အားနည်းတော့မှာပဲ။ မျက်ရိုးတွေ ကိုက်လာတော့မှာပဲ။

ဘာဆိုဘာမှ မဖြစ်စေချင်တဲ့စိတ်စေတနာနဲ့ ဂိမ်းဆော့ပျက်အောင် နှောင့်ယှက်ရမလား။ သူ စိတ်ဆိုးမလား။ ဂိမ်းဆော့နေတုန်း ဖုန်းခေါ်ရင် မကြိုက်တတ်သူ။ နံဘေးကနေ ငေးမဝတဲ့ မျက်နှာလေးကို အူယားလာလို့ နားသယ်စပ်နား ဖြတ်ခနဲ ကပ်လိုက်ပြီး ခပ်ကြမ်းကြမ်း သူ့မျက်နှာကို ပွတ်လိုက်တာ။ ဝိညာဉ်လေး သူ့လက် ဖဝါးထဲ ပါသွားရော။ ဘယ်ရမလဲ ဝိညာဉ်ပါဆို ရိုက်ထုတ်ရင်တောင် ထပ်လွင့်စရာမရှိဘူးလေ။

ဟူး. . . တော်ပါသေးရဲ့။ သူ့ဆီ ဖုန်းဝင်လာတယ်။ တစ်ခါပြီးတစ်ခါ လာ လာ ဖုန်းတွေလာ ဒါမှ ဂိမ်းဆော့ပျက်မှာ။ ဟင် ဖုန်းပြောရင်းပြုံးနေတယ်။ အသံက ချိုမြနေတယ်။ ဘယ်သူလဲ။ မနာလိုလိုက်တာ။ တော် မပြောတော့နဲ့။ မပြုံးတော့နဲ့။ အဲဒါ သူ့ချစ်သူအသစ်လား။ သူ ကောင်မကလေးတွေနဲ့ ကြည်နူးနေတာကိုကော ဝိညာဉ်လေးက ငေးနေနိုင်တဲ့ သတ္တိရှိလို့လား။ ပစ်ထားခံရလို့၊ ဂရုမစိုက်လို့၊ လျစ်လျူရှုထားလို့ အခု သူ့အနားအရောက်လာနေတာ။

"လာပြီဗျာ အခုလာပါပြီ။ စိတ်ကောက်တော်မမူနေပါနဲ့။ ချစ်မျက်နှာလေးညှိုးမှာကို မောင် မလိုလားပါဘူး"

". . ."

"ဟုတ်ကဲ့ပါဗျာ။ ဆိုင်ကယ်ဖြည်းဖြည်းစီးပါ့မယ်။ နားကြပ်တပ်ပြီး သီချင်းနားထောင်ရင်း ဆိုင်ကယ်မမောင်းပါဘူး စိတ်ချနော် ချစ်လေး"

ဟင် မုန်းစရာကောင်းလိုက်တာ။ သွက်လက်ပြုံးရွှင်ပြီးတော့ ဆိုင်ကယ်မောင်းထွက်တော့ သူ့ညာဘက်လက်မောင်းပေါ်ကနေ ပန်းပွင့်ဝိညာဉ်လေးကပ်လိုက်လာတာပေါ့။ တစ်ချက်တစ်ချက် သူ့ညာဘက်လက်မောင်းကိုငုံ့ကြည့်ရင်း မျက်မှောင်ကြုတ်လိုက်ပုံက ရယ်စရာကောင်းသား။ ပန်းပွင့်က သူ့ဆိုင်ကယ်နောက်ကလိုက်စီးတဲ့အခါတိုင်း သူ့ညာဘက်ပခုံးကို ကိုင်ပြီးစီးတတ်တယ်လေ။

"ကို့ ညာဘက်ပခုံးတစ်ဖက်နိမ့်နေပြီကွာ။ ပန်းပွင့်လက်က ဖိထားလို့တဲ့"

ရယ်ရယ်မောမောနဲ့ သူပြောခဲ့တဲ့စကား။ အခု သူ့ညာဘက်ပခုံးနိမ့်ပြီး လေးနေတယ်ထင်ပါရဲ့။ လေအေးလေးတိုက်ခတ်နေတယ်။ ကန်တော်ကြီးပတ်လည်မှာ မနီးမဝေးရှိနေကြတဲ့ ခုံတန်းလေးတွေက ချစ်သူတို့ရဲ့ နားခိုရာလေးတွေပေါ့။ မျက်နှာလေး စူပုပ်ထားတဲ့ မိန်းကလေး။ လှတော့ လှသားပဲ။

"လှတယ်ဆိုတာထက် ချစ်စရာကောင်းတာကို ပိုကြိုက်တယ်။ ချစ်တယ်ဆိုတာထက် ကိုက မြတ်နိုးတာ" တဲ့ ပန်းပွင့်ကို သူပြောခဲ့တဲ့စကား။

"ချစ် စိတ်ကောက်နေတာလား။ မောင်က မချော့တတ်ဘူးနော်"

"စိတ်မကောက်ပါဘူး။ မချော့မှန်းလဲ သိတယ်။ စိတ်ဆိုးနေတာ"

"ဟား ဟား။ စိတ်ဆိုးရင် ရုပ်ဆိုးတယ်။ မောင့်ချစ်လေးက စိတ်ဆိုးလဲ လှနေတာပါကွာ"

အမယ် သူ့ ကောင်မကလေးက စိတ်ဆိုးတာတောင်

စာမျက်နှာ ၂၅ သို့ ➤

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၁၈၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၁၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၁၄၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၁၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲတီစိမ်း ၄၁၄၈ ဧက စိုက်ပျိုးဖို့လျာထားခဲ့ရာ အခု ၄၁၈၉ ဧက စိုက်ပျိုးပြီးပါပြီ။ ပဲတီစိမ်းစိုက်ပျိုးမှုက လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ ပဲတီစိမ်းတိုးချဲ့စိုက်ပျိုးဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

## ကျန်းမာခြင်းသည် လာဘ်တစ်ပါး

- ကိုယ်ကျန်းမာ လာဘ်တစ်ပါး
ရှင်တော်ဘုရား မိန့်ဆို၊
လောကဝယ် လူသားတို့
သိထားဖို့ကို၊
ကျန်းမာမှ ခန္ဓာကိုယ်
လိုရာကို စွမ်းနိုင်သေး၊
အသက်ရှင် နေထိုင်မှု
ဂရုပြုပေး။

- ကိုယ်ခန္ဓာ ကျန်းမာရေး
အလေးပေး ဆောင်ရွက်လျှင်၊
ပုံမှန်ကွယ် အားကစား
လိုက်စားစေချင်၊
ချွေးထွက်များလို့ နှလုံးရွှင်
ဉာဏ်ရည်ပင် ထက်မြက်၊
စိတ်ချမ်းသာ ပျော်ရွှင်ပြီး
စီးပွားတိုးတက်။

- ဥစ္စာကို ကံစောင့်လျက်
အသက်ကိုတော့ ဉာဏ်စောင့်တယ်၊
စကားပုံ ဆိုစကား
မှတ်သားထိုက်ကွယ်၊
အစားအသောက် နေ့စဉ်ရယ်
ဆင်ခြင်မယ် မှိဝဲပေး၊
ကိုယ်ကျန်းမာ စိတ်နှလုံး
ရွှင်ပြုံးတဲ့ဆေး။ ။

**ချစ်သက်(မြန်မာစာ)**

➤ စာမျက်နှာ ၂၄ မှအဆက်

လှနေသတဲ့။ ပလီပလာတွေပြောနေပြီ။ ဝိညာဉ်လဲ စိတ်ဆိုးလာပြီ။

"ဟင် ချစ် ဘာဖြစ်တာလဲ။ မျက်လုံးကြီးပြူးလာလိုက်၊ ပါးစပ်ကြီးရွဲ့လာလိုက်နဲ့ နေမကောင်းလို့လား"

"အု အင့် အင့် "

"ဟာ ချစ် သတိထားလေကွာ"

လှတယ်ဆိုတဲ့ မျက်နှာလေးကို မျက်လုံးပြူးအောင်လုပ်၊ ပါးစပ်ရွဲ့အောင်လုပ်၊ စကားပြန်ပြောလို့မရအောင်လုပ်။ စိတ်ရှုပ်နေတဲ့ သူ့မျက်နှာရယ်၊ တစ်စုံတစ်ရာက ကပ်ငြိနေလို့ကြောက်နေတဲ့ မိန်းကလေး မျက်နှာရယ်ကို ကြည့်ပြီး ဝိညာဉ်မှာ ရယ်လိုက်ရတာ။

"မောင် ဒီနားထိုင်ရတာ တစ်မျိုးကြီးပဲ"

"ဟမ် ထ လာ အအေးဆိုင်သွားထိုင်မယ်"

သွားကြလေ။ အအေးဆိုင်ထဲကို။ လူသူရှင်းတဲ့နေရာမှာ သူတို့ကြည်နူးနေတာ မမြင်ချင်ပါဘူး။

"ဟာကွာ ကျွတ်"

"ဘာဖြစ်လို့လဲ မောင်"

သူ့ပခုံးကို လက်နဲ့သပ်ချနေရင်း စိတ်ရှုပ်နေတဲ့ရုပ်။ သူ သပ်ချလိုက် ဝိညာဉ်က ပြန်ကပ်နေလိုက်နဲ့။

"ဟင် မောင်ဘာဖြစ်တာလဲ"

တဆတ်ဆတ်တုန်နေတဲ့ သူ့လက်တွေက အအေးသောက်ဖို့ ပိုက်ကို မကိုင်နိုင်။ လက်ကတုန်တုန် အာကရွဲ့ရွဲ့ဖြစ်လာတဲ့ သူ့ကိုကြည့်ပြီး မိန်းကလေး လန့်နေပြီ။

"ဟာ ဘာလုပ်တာလဲ။ ရူးနေတာလား"

ရုတ်တရက် စားပွဲပေါ် သူ့ခေါင်းကိုငိုက်ချထားလို့ မိန်းကလေး အံ့ဩနေတာ။

"မောင် သတိထားစမ်းပါ။ ဘာဖြစ်နေတာလဲ။ ချစ်ကို အရှက်ခွဲနေတာလား"

ခေါင်းပြန်မော့ကာ မျက်လုံးပြူးပြီး အေးစက်စက်ကြည့်နေတဲ့ သူ့ကို မိန်းကလေး စိတ်တိုလာပြီ။

"နင်ကလေ မိန်းကလေးတစ်ယောက်ကို အဆက်ဖြတ်ချင်ရင် အခုလိုပဲ ဘာစကားမှမပြောဘဲ အေးစက်စက်လုပ်ပြတတ်တာလား။ ငါလဲ သိနေပါတယ်။ နင် ငါ့ကို တကယ်မချစ်ဘူး"

ပြောလိုက်စမ်း။ မိန်းကလေးရင်ထဲက သူ့ကို ပြောချင်နေတဲ့စကားတွေ။

"နင်က အတ္တသိပ်ကြီးတယ်။ နင့်ကိုယ်နင်သာ အချစ်ဆုံးပါလား။ နင်ကတော့ ပြတ်ပြီလို့ ဘယ်တော့မှပြောမှာမဟုတ်ဘူး။ ငါ ပြတ်ချင်လာအောင်ပဲ လုပ်ပြနေတာ။ နင်ပဲ ဂရုတွေစိုက်ပြလိုက်၊ စကားလုံးတွေနဲ့ ကြင်နာပြလိုက်။ နင့်စိတ်အလိုမကျရင် ငါ့ကို ပစ်ထားလိုက်။ အနာပေးလိုက် ဆေးပေးလိုက်နဲ့"

ခပ်တိုးတိုး အက်ရှရှလေသံနဲ့ နာနာကျင်ကျင်ပြောနေတဲ့ မိန်းကလေးကိုကြည့်ပြီး ဝိညာဉ်လေးလဲ မျက်ရည်မိုးတွေစွေနေပါပြီ။

"ဖုန်းခေါ်ရင် ချက်ချင်းမကိုင်ဘူး။ ပြီးရင် ကမ္ဘာပေါ်မှာ ငါက နင့်အတွက် မရှိမဖြစ်လူသားတဲ့။ ဘာလဲ နင့်အတွက်ပဲ ငါကရှိနေရမှာလား။ ငါ့အတွက်ကော"

သူ့ကို မေးခွန်းမေးရင် မကြိုက်တာ။ စွပ်စွဲချက်တွေကို သူပြန်မဖြေရှင်းတတ်တာ။ ဟုတ်လားလို့ မေးရင် ဟုတ်တယ်လို့ သူအရွဲ့တိုက် ဖြေတတ်တာ မိန်းကလေး မသိဘူးထင်ပါရဲ့။ နင် ငါ စကားလုံးသုံးတာကို သူအမုန်းဆုံးဆိုတာလဲ မိန်းကလေးမသိပါလား။ သိသိနဲ့ တမင်များပြောနေလေသလား။

"အေး ရတယ်လေ။ နင်က ချစ်တယ်ပြောပြီး ချစ်ခြင်းအပေါ်မှာ တာဝန်မကျေတဲ့သူ။ ငါက အချစ်ကို ကိုးကွယ်ချင်သူ။ ဂရုစိုက်မှု၊ တန်ဖိုးထားမှုတွေကို လိုချင်သူ။ နင့်ကို ငါကပဲပြောခဲ့ပါ့မယ်။ ပြတ်ပြီ"

ပြောပြီးတာနဲ့ထပြန်သွားတဲ့ မိန်းကလေးကို သူ ငေးကြည့်မနေပါဘူး။ မျက်တောင်စင်းစင်းလေးချပြီး အအေးကို တစိမ့်စိမ့်သောက်နေတဲ့ သူ့ပုံစံက မိန်းကလေးတော်တော်များများက သူ့ကိုအဆက်ဖြတ်သွားတာကို ကြုံဖူးနေကျ မထူးဆန်းနေသလိုပဲ။ ဝိညာဉ်လေးလဲ သူ့စိတ်ကို နားမလည်နိုင်ပါဘူး။ သူ့အနားကပ်နေခွင့်ရတဲ့အချိန်မှာ သူ့မျက်နှာလေးကို ငေးကြည့်လို့ မဝနိုင်။

(၃)

"ပန်းပွင့် ပန်းပွင့် ဩော် . . . ဒီကလေးမ အိပ်နေလိုက်တာများ ဝိညာဉ်လွင့်နေတဲ့အတိုင်းပဲ"

လက်မောင်းကိုလှုပ်နှိုးလိုက်တဲ့ မမကြီးကြောင့် ပန်းပွင့် နိုးလာတယ်။ အာရုံထဲက သူ့မျက်နှာလေးကတော့ ပျောက်မသွားပါဘူး။ ခေါင်းကထူလို့မရ။ ရီဝေဝေနောက်ကျိကျိနဲ့။

"အဲတော် ပန်းပွင့် ညည်း ဒီခေါင်းရည်တစ်ပုလင်းလုံးသောက်ပြီး အိပ်ပျော်သွားတာလား။ ညက အဖေ့မှာ သူ့ခေါင်းရည်ပုလင်းပျောက်လို့ ငါ့သားတွေကို မေးလိုက် အော်လိုက်နဲ့"

"အဟီး ဟုတ်တယ် ပန်းပွင့် သောက်ပစ်လိုက်တာ"

ရယ်ကျဲကျဲနဲ့ပြန်ပြောလိုက်တဲ့ ပန်းပွင့်ကို မမကြီးက မဆူပါဘူး။

"ကိုယ့်အဖေကို ကိုယ့်ဘာသာပြောပြလိုက်တော့ဟေ့။ ထ ထ ယာထဲ ဆေးဖျန်းပေးမဲ့သူတွေကိုကျွေးဖို့ ချက်ပြုတ်ကြမယ်"

ဘာမက်ဆေ့မှ ပို့မထားတဲ့ဖုန်းကို ဖွင့်ကြည့်မိလိုက်သေးတယ်။ အရင်တုန်းကများဆိုရင်။ အို မတွေးနဲ့တော့။ အချစ်ဝိညာဉ်လေး သူ့အနား ခဏရောက်သွားခဲ့တာက အိပ်မက်ထဲမှာဆိုလဲ ကျေနပ်တယ်။ ပစ္စုပ္ပန်မှာ အတိတ်ထဲပိတ်မိနေရင် အနာဂတ်က ပိုဝေးနေလိမ့်မယ်။ သူပြောထားသားပဲ သူ့အလုပ်အားတာနဲ့လာမယ်။ ခဏနေဖြစ်မလား။ မနက်ဖြန်ဖြစ်မလား။ ခဏနေရင်ဆိုတဲ့အချိန်က ခဏနေရင်းရောက်လာမဲ့အချိန်။ မနက်ဖြန်ဆိုတာကလဲ ရှင်သန်နေသေးသရွေ့ရှိနေအုံးမှာ။

# မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ(၈)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြစ်ကြီးနား ဒီဇင်ဘာ ၃၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ(၈) ကျေးရွာ၌ Smart Village စီမံကိန်းဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရဲမင်းကျော်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၇၆ ဒသမ ၈သန်းဖြင့် ဆောင်ရွက်သည့် မော်ဖောင်းနယ်မြေ(၈)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ ပြည်နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ(၈)ကျေးရွာ၌ Smart Village စီမံကိန်းဖြင့် အနက်ပေ ၃၀၀ ရှိ စက်ရေတွင်း ရေမြှုပ်ပန့်တပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇွန် ၂၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပါက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရူမ်းမြေ)**

# ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ကုန်သေတ္တာတင်သင်္ဘော ၄၉ စီး ဝင်ရောက်နိုင်ရေးဆောင်ရွက်နေ



**ရန်ကုန် ဒီဇင်ဘာ ၃၁**

၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောလိုင်း ၁၃ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘော ၄၉ စီး ဝင်ရောက်နိုင်ရေး ဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သတင်းများအရ သိရသည်။

ယခုအခါ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက ပိုမိုဆောင်ရွက်လာသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင် သင်္ဘောများ လစဉ်ပုံမှန် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များကိုလည်း တိုးမြှင့်တင်သွင်းနိုင်ရန်အတွက် ကုန်သေတ္တာတင် သင်္ဘောလိုင်းအသီးသီးက ခရီးစဉ်များတိုးချဲ့ပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောလိုင်းများဖြစ်သည့် SAMUDERA SHIPPING LINE သင်္ဘောလိုင်းမှ သင်္ဘောခုနစ်စီး၊ SEALAND MAERSK ASIA သင်္ဘောလိုင်းမှ ခုနစ်စီး၊ COSCO SHIPPING LINE သင်္ဘောလိုင်းမှ သင်္ဘောခြောက်စီး၊ SITC SHIPPING LINE သင်္ဘောလိုင်းမှ ငါးစီး၊ CMACGM သင်္ဘောလိုင်းမှ လေးစီး၊ M.S.CLINE သင်္ဘောလိုင်းမှ လေးစီး၊ Ti2 CONTAINER LINE သင်္ဘောလိုင်းမှ လေးစီး၊ ONELINE သင်္ဘောလိုင်းမှ သုံးစီး၊ R.C.L LINE သင်္ဘောလိုင်းမှ သုံးစီး၊ BLPL LINE သင်္ဘောလိုင်းမှ နှစ်စီး၊ EVER GREEN LINE သင်္ဘောလိုင်းမှ နှစ်စီး၊ BAY LINE သင်္ဘောလိုင်းမှ တစ်စီးနှင့် INTER ASIA LINE သင်္ဘောလိုင်းမှတစ်စီးဝင်ရောက်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

ထိုသို့ မြန်မာ့ပင်လယ်ရေကြောင်း ကုန်သွယ်မှုကဏ္ဍမှ သိသိသာသာ မြင့်တက်လာသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများတွင် ပြည်တွင်း၊ပြည်ပလုပ်ငန်းရှင်ကြီးများကို BOT၊ JV စသည့်စနစ်များဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ (၃၃၆)

# ပုသိမ်မြို့နယ် မဒေါ့ကုန်းကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်နေမှု စစ်ဆေး

**ပုသိမ် ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မဒေါ့ကုန်းကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်၊ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးစိုးမိုးသူနှင့် တာဝန်ခံအင်ဂျင်နီယာများက ဇော်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မဒေါ့ကုန်းကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မဒေါ့ကုန်းကျေးရွာ၌ အရှည် ၃၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၀၂ ဒသမ ၉ သန်းအသုံးပြုကာ တင်ဒါအောင်မြင်သည့် ဇော်ကုမ္ပဏီက ၂၀၂၃ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးပါက မဒေါ့ကုန်းကျေးရွာရှိ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် သွားလာရေးအဆင်ပြေချောမွေ့လာမည့်အပြင် ဒေသမှထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**












## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အ. မ. က ဥမှင်၊ KG တန်းမှ (ဘ) ဦးရဲသူ ၏သမီးဖြစ်သူ မဆုမြတ်ချယ်ရီဦး ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် မွေးစာရင်းအရ မဆုမြတ်စန္ဒီ ဖြစ်ပါကြောင်း။

**မဆုမြတ်စန္ဒီ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကိုထူးခန့်ကျော် အသက် (၃၂)နှစ်

မိတ္ထီလာမြို့နေ ဦးကျော်နိုင်ဦး-ဒေါ်ခင်မာစန်း တို့၏သားကြီး၊ ကိုရန်ပိုင်ဦး၊ မစုမြတ်နိုးဝင့် တို့၏အစ်ကို မရတနာထွန်း ၏ချစ်လှစွာသောခင်ပွန်း

**ကိုထူးခန့်ကျော် အသက် (၃၂) နှစ်**

သည် ၂၉-၁၂-၂၀၂၃ ရက်၊ သောကြာနေ့တွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃၁-၁၂-၂၀၂၃ ရက်၊ တနင်္ဂနွေနေ့တွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ်**
**အောက်တွင် ခံခွက် မမေ့နှင့်**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ ဆက်လက်ထွန်းကားပြန့်ပွားလာသည်နှင့်အမျှ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများတွင် အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အမျိုးသားရေးကိုယ်ခံစွမ်းအားများ မြင့်မားလာမည်ဖြစ်သည်ကို ပြောကြားလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ရက်တွင်ပြုလုပ်သော (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ဆုရှင်များ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မန္တလေးမြို့တွင် နှစ်သစ်ကူးပွဲတော်ကျင်းပ၍ နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆို



**မန္တလေး၊ ဒီဇင်ဘာ ၃၁**

ခရစ်နှစ် ၂၀၂၃ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၄ ခုနှစ်သို့ကူးပြောင်းသည့် အထိမ်းအမှတ် နိုင်ငံတကာနှစ်သစ်ကူးပွဲတော်များကို ကမ္ဘာတစ်ဝန်းတွင် ပျော်ရွှင်စွာဆင်နွှဲကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များနှင့် အခြားမြို့ကြီးများ၌ ပျော်ပွဲရွှင်ပွဲများ ကျင်းပကြကာ နှစ်သစ်ကို တညီတညွတ်တည်း ကြိုဆိုကြသည်။

မန္တလေးမြို့သူ၊ မြို့သားများအနေဖြင့်လည်း ယနေ့ညနေပိုင်းမှစတင်၍ နှစ်သစ်ကိုကြိုဆိုကြရန် မိသားစုနှင့် မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့အလိုက် ပျော်ရွှင်ဖွယ်ရာ အစီအစဉ်များဖြင့် နှစ်သစ်ကူးပြောင်းမည့် အချိန်အခိုက်အတန့်ကို စောင့်မျှော်ဆင်နွှဲကြသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

## ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့် ကိစ္စရပ်များမပါ)ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ**
**အသိပေးကြေညာချက်**
၁၃၈၅ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်
(၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊တားဆီးရေးအတွက် ဒီဇင်ဘာ ၃၁ ရက်ထိထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့် ကိစ္စရပ်များမပါ)ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ ရက်တိုးမြှင့်သတ်မှတ် ဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၄၉၅၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၂၂

## လာမည့် ဧပြီလတွင် ဘန်ချာမက်စ်နှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း ပက်ကွီအို အတည်ပြု

စာမျက်နှာ - ၉


MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257